# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 5 March 2020 ၉၉၄၅


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## IUCN ၏ အာရှဆိုင်ရာ ဒေသတွင်းညွှန်ကြားရေးမှူးနှင့် အာရှ - သမုဒ္ဒရာဒေသများဆိုင်ရာ ညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် IUCN ၏ အာရှဆိုင်ရာ ဒေသတွင်းညွှန်ကြားရေးမှူးနှင့် အာရှ-သမုဒ္ဒရာဒေသများဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Aban Marker Kabraji အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် မတ် ၄

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံ ဗန်ကောက်အခြေစိုက် International Union for Conservation of Nature (IUCN) ၏ အာရှဆိုင်ရာ ဒေသတွင်းညွှန်ကြားရေးမှူးနှင့် အာရှ-သမုဒ္ဒရာဒေသများဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Aban Marker Kabraji အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဂေဟစနစ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများအတွက် IUCN နှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်

**ကြေးမုံ ယနေ့ ဖတ်စရာ**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပ

စာမျက်နှာ » ၃

တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ် ရှင်းလင်းတင်ပြခြင်း အခမ်းအနား ကျင်းပ

စာမျက်နှာ » ၄

COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၄-၃-၂၀၂၀ ရက်နေ့ထိ)

စာမျက်နှာ » ၁၁


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ကျောင်းဝန်းကျင်ကောင်းများ ဖြစ်ထွန်းရေး

မြန်မာနိုင်ငံတွင် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ၏ လူဦးရေပမာဏသည် လူငယ်အားလုံး၏ထက်ဝက်ခန့်ရှိသည်။ လူငယ်လူရွယ်များသည် တိုင်းပြည်အနာဂတ်အတွက် အားထားရမည့် မျိုးဆက်သစ်များဖြစ်၍ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရမည်ဖြစ်သည်။

ပညာသင်ကြား လူငယ်လူရွယ်များမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အမွေခံကောင်းများဖြစ်၍ ပညာတတ်မြောက်ထူးချွန်ရေးအတွက် သာမက စိတ်ဓာတ်၊ စာရိတ္တ၊ ကျန်းမာကြံ့ခိုင်မှု စသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိအောင် စဉ်ဆက်မပြတ် ဖန်တီးဖော်ဆောင်ပေးနေသည်။ မတ်လ ၂ ရက်နေ့က ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တက္ကသိုလ်၊ ကောလိပ်များတွင် သက်ရွယ်အဆင့်တူ ကျန်းမာရေးပညာပေးအစီအစဉ် စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါအစီအစဉ်သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်သည့်အစီအစဉ်ဖြစ်သလို တစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များစုဝေးရာဖြစ်သည့် ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များနှင့် ပြည်သူလူထုအနီးပတ်ဝန်းကျင်တွင် စိတ်ဓာတ်၊ စာရိတ္တ၊ ကျန်းမာကြံ့ခိုင်စေရန် ဖော်ဆောင်ပေးခြင်းဖြစ်သည်။ မျက်မှောက်ကာလတွင် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေရေး၊ ဆေးလိပ်နှင့် အရက်ကင်းစင်စေရန် အဓိကလိုအပ်လျက်ရှိသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်၊ ဆေး ရွက်ကြီးနှင့် ကွမ်းယာသုံးစွဲမှု ကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်များ လျှော့ချရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံးရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် ဂိမ်းအလွန်အကျွံစွဲလမ်းမှုပပျောက်ရေးဟူသည့် လမ်းညွှန်ချက် (၇) ရပ်ကို ချမှတ်ပေးထားရာ ယင်းအချက်များသည် လူငယ်လူရွယ်များ အသက်ရှည်ကျန်းမာဘေးဘယာကင်းဝေးမည့် လိုက်နာရမည့်အချက်များဖြစ်သည်။

အရက်သေစာနှင့် မူးယစ်ဆေးကဲ့သို့ စွဲလမ်းစေတတ်သောအရာများ ကင်းဝေးရေး ကျောင်းသား ကျောင်းသူများအား အသိပညာပေးရာတွင် အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေကြသော လူဦးရေ ၁၀ သန်းခန့်ရှိသည့် ကျောင်းသား၊ လူငယ်များကိုလည်း စတင်အသိပညာထည့်သွင်းပေးခြင်းဖြင့် ပိုမိုအခြေခံခိုင်မြဲသည့် လူငယ်ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ လမ်းညွှန်ချက် (၇) ရပ်တွင် အဓိကသက်ဆိုင်သည့် သက်ရွယ်ဆင့်တူ ပညာပေးမှုကဏ္ဍများကို ခွဲခြားဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်သော ဝန်းကျင်ကောင်းများ ဖြစ်ထွန်းစေမည်ဟု ယုံကြည်ပါသည်။

ပထမဦးစားပေး အစီအစဉ် (၁)မှာ မူးယစ်ဆေးဝါးပင် ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ကိုယ်ခန္ဓာတစ်ခုလုံး ထိခိုက်ပျက်စီးခြင်း၊ ဉာဏ်ရည်ထုံထိုင်းခြင်း၊ စိတ်ရောဂါများဖြစ်ပွားခြင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်ပေါင်းစုံ ထိခိုက်ပျက်စီးခြင်းကို ခံစားရမည်ဖြစ်၍ အလေးထားဆောင်ရွက်ရမည် ဖြစ်သည်။ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အရက်သေစာသုံးစွဲခြင်းသည် ရေတိုကျန်းမာရေးထိခိုက်ပြီး ရေရှည်တွင် ရောဂါစွဲကပ်စေသဖြင့် ဒုတိယဦးစားပေးဆောင်ရွက်သင့်သည်။ မျက်မှောက်ကာလတွင် လူငယ်လူရွယ်တိုင်း မိုလ်ဘိုင်းဖုန်းမှတစ်ဆင့် အသုံးပြုလေ့ရှိသည့် ဂိမ်းအလွန်အကျွံစွဲလမ်းမှုသည် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ ထိခိုက်လာနိုင်သောကြောင့် အခြားကောင်းမွန်သောဘက်တွင် စိတ်ဝင်စားမှုမြင့်တက်လာအောင် ဖန်တီးပေးသင့်သည်။ ကျောင်းသား ကျောင်းသူများ နေ့စဉ်နှင့်အမျှ ကျောင်းတက်ရာ၌ ယာဉ်အန္တရာယ်ကင်းဝေးရေးကို ဦးစားပေးရမည်ဖြစ်ပြီး လူငယ်လူရွယ်များဖြစ်၍ မျိုးဆက်ပွားကျန်းမာရေးကိုလည်း အသိပညာဗဟုသုတပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းသား ကျောင်းသူများအတွက် ဤအစီအစဉ်များသည် နိုင်ငံတော်၏စီမံချက်များဖြစ်ပြီး အနာဂတ်တာဝန်ကို ပခုံးပြောင်း တာဝန်ယူကြရမည့် ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအားလုံး ဘေးအန္တရာယ်ကင်းဝေးပြီး ကျန်းမာကြံ့ခိုင်ခြင်း၊ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တခိုင်ကျည်မြဲမြံခြင်း အကျိုးကျေးဇူးများရရှိမည့် အစီအစဉ်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅)နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ဒိန်းမတ်သံအမတ်ကြီး မစ္စတာ ဂျွန်နေလ်စင်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျွန်နေလ်စင်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို စံ (၅) ချက်နှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်နေမှု၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများဆောင်ရွက်နေမှု၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်သူလူထု အသိပညာပေးလုပ်ငန်းများနှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct) ပြန်လည်ပြင်ဆင်နေမှု အခြေအနေများ၊ Social Media ပေါ်မှ အမုန်းစကားများ၊ သတင်းအမှားများကို ကာကွယ်တားဆီးသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၄-၃-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၂,၀၀၀ | ၁,၇၇၄ | ၂၀,၆၀၆,၅၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၅၀ | ၆,၇၃၁ | ၂၅,၀၃၇,၉၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၁,၃၁၄ | ၂၉,၃၉၅,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁၅ | ၄၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မတ် ၄**

ရန်ကုန်(ရွှေဈေး) ၁၂၂၂၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၅၀/၈၁၅ ကျပ် | ၈၀၅/၈၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၉၀/၈၆၀ ကျပ် | ၈၉၅/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၄၀ ကျပ် | ၇၆၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၆၀/၈၂၅ ကျပ် | ၈၂၀/၈၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅/၆၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၆၅/၆၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၃၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၇.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၁.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃.၁၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၉၃၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၆.၇၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၁၇၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၀.၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၉၂ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၀.၃၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၆.၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပ

နေပြည်တော် မတ် ၄

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း ၅ ပုဒ်မ ၂၆၁ ပုဒ်မခွဲ (ဃ) ကိုဆွေးနွေးလိုပါကြောင်း၊ မူလပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိစေရ ဖြစ်ပါကြောင်း။

ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း ပြင်ဆင်ချက်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသော ပုဂ္ဂိုလ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ အရည်အချင်းများနှင့် ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ငြင်းပယ်ခွင့်ရှိစေရမည်ဟု ပြင်ဆင်ထားပါကြောင်း၊ ဖော်ပြပါပြင်ဆင်ချက်သည် မိမိတို့နိုင်ငံက မျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိစေသည့် ပြင်ဆင်ချက်ဖြစ်သည့်အပြင် မိမိတို့နိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ၏ ဆန္ဒသဘောထားနှင့်အညီ ပြင်ဆင်ထားခြင်းဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး တင်ထွန်းဦးက တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ ပြင်ဆင်သင့် ပြင်ဆင်ထိုက်သည်များကို နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီပြီး ပြင်ဆင်မည်ကို ကြေညာပြီးဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဥပဒေရှုထောင့်တစ်ခုတည်းက ကြည့်၍မရဘဲ နိုင်ငံရေးရှုထောင့်၊ သမိုင်းရေးရှုထောင့်တို့က ကြည့်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိပကတိအခြေအနေတွင် အချိန်အတိုင်းအတာတစ်ရပ်အထိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့ကျင့်သုံးပြီး ပြင်ဆင်သင့်သည့်ပုဒ်မများကို အားလုံး ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင်နှင့် စိတ်ရှည်လက်ရှည် ဆောင်ရွက်မည်ဆိုပါက နောင်တစ်ချိန်တွင် ပြည်သူများ မျှော်မှန်းသည့် ပန်းတိုင်ကို ညင်သာစွာရောက်ရှိမည်ဖြစ်သည့်အတွက် ပုဒ်မ ၄၃၆ ပုဒ်မခွဲ (ခ) အား မူလအတိုင်းသာ ထားရှိရန်ဖြစ်ပါကြောင်း ဆွေးနွေးသည်။



နောင်မွန်းမဲဆန္ဒနယ်မှ
ဦးဂျီဖုန်ဆားရ်



တပ်မတော်သား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဗိုလ်မှူးကြီး တင်ထွန်းဦး

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်က ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁ ပုဒ်မ ၈ မူလဥပဒေတွင် နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ပါရှိပါကြောင်း၊ ပြင်ဆင်ချက်ဥပဒေတွင် နိုင်ငံတော်ကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟု ပါရှိပါကြောင်း၊ ယင်းပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံးအပေါ် ခွဲခြားမှုမရှိဘဲ ရသင့်ရထိုက်သော အခွင့်အရေးများကို တန်းတူညီမျှမှုအပေါ်အခြေခံ၍ ဖန်တီးပေးနိုင်မှသာ တိုင်းရင်းသားများ၏ ယုံကြည်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ တိုင်းရင်းသားများ၏ ယုံကြည်မှုရရှိမှသာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အမှန်တကယ် ဦးတည်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က လက်ရှိကျင့်သုံးနေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်သည် မိမိတို့နိုင်ငံတွင်ရှိသည့် ပြည်သူများ၏ဆန္ဒနှင့် မကိုက်ညီတော့ပါက ပြန်လည်ပြင်ဆင်ရမည် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ပြည်သူများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုကြသည့်နည်းတူ ယခုတင်သွင်းလာကြသည့် အဖွဲ့အစည်းအသီးသီးကို ကိုယ်စားပြုကြသည့် ကိုယ်စားလှယ်များအနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အချိန်ကျရောက်နေပြီဆိုခြင်းကို လက်ခံထားကြသည့်အတွက် မိမိတို့ပြင်ဆင်လိုသည့် ပုဒ်မများကို အစုအဖွဲ့ (၆) ဖွဲ့က တင်သွင်းထားကြပြီးဖြစ်ပါကြောင်း၊ ယင်းနေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အကြိမ်ကြိမ် ပြင်ဆင်နေခြင်းမျိုးမဟုတ်ဘဲ တစ်ကြိမ်တည်းဖြင့် မိမိတို့ပြင်ဆင်လိုသည့် အချက်အလက်အားလုံးကို ပြင်ဆင်လိုက်ခြင်းက အသင့်တော်ဆုံးဖြစ်သည်ကို အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်က ပုဒ်မ ၁၄ နှင့် ၎င်းနှင့် ဆက်စပ်ပုဒ်မများဖြစ်သည့် ပုဒ်မ ၁၀၉ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၄၁ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၆၁ ပုဒ်မခွဲ (ဃ) တို့ ပြင်ဆင်ခြင်းကို ထောက်ခံပါကြောင်း၊ ယင်းပြင်ဆင်ချက်များသည် လွှတ်တော်အတွင်း တပ်မတော်၏အခန်းကဏ္ဍများကို တစ်ဆင့်ချင်းလျှော့ချသော ပုဒ်မများသာဖြစ်ခြင်း၊ တစ်ဆစ်ချိုးပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ အချိန်ကာလအလိုက်သာ လျှော့ချမှုဖြစ်ခြင်း၊ နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီပြီး အချိန်အခါအရ လက်ခံသင့်သော ပြင်ဆင်ချက်များသာဖြစ်ခြင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အောင်မြင်သွားသော နိုင်ငံများကို လေ့လာကြည့်ပါကလည်း ယခုကဲ့သို့ မည်သည့်အချိန်တွင် မည်မျှလျှော့ချမည်ဟူသော ကြိုတင်ပြဋ္ဌာန်းချက်များ ရေးဆွဲပြဋ္ဌာန်း၍ တဖြည်းဖြည်းချင်း ပြောင်းလဲမှုပြုလုပ်ခြင်းဖြင့် အောင်မြင်စွာ ဒီမိုကရေစီပန်းတိုင်သို့ အသွင်ကူးပြောင်းသွားသည့် သာဓကကောင်းများ ရှိခြင်းအတွက် ယခုပြင်ဆင်ချက်များကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

ယင်းဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ရဲနိုင်မျိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထင်လင်းဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင်၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၊ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၆) မှ ဦးကျင့်ခန့်ပေါင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်မိုးအောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးအေးလွင်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

## ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း အစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် စတင်ဆောင်ရွက်ရန်လျာထား

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းများပါ ပုဒ်မ၊ ပုဒ်မခွဲများအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူမည့် အစီအစဉ်လျာထားမှု အပါအဝင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာနောက်ဆက်တွဲ (ဇ – ၁)၊ (ဈ – ၁)တို့ပါ ဥပဒေမူကြမ်းများ၏ ပြင်ဆင်ချက်ဇယားများဖြစ်သည့် နောက်ဆက်တွဲ (ဇ – ၂)၊ (ဈ – ၂) ဇယား(၂)ခုပါ ပြင်ဆင်ချက်များအပေါ် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် စတင်ဆောင်ရွက်ရန်လျာထားပါကြောင်း၊ ဥပဒေမူကြမ်းများပါ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က)နှင့် သက်ဆိုင်သည့် ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲ ၅၅ ခုပါဝင်သည့် ဥပဒေမူကြမ်း၏ ပြင်ဆင်ချက်ဇယားနောက်ဆက်တွဲ (ဇ – ၂)ကို အပိုင်း(၄)ပိုင်း ဆန္ဒမဲလက်မှတ် (၄)စောင် ခွဲခြားပြီးလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)နှင့် သက်ဆိုင်သည့် ပြင်ဆင်ချက် ပုဒ်မ၊ ပုဒ်မခွဲ အခု ၈၀ ပါဝင်သည့် ဥပဒေမူကြမ်း၏ ပြင်ဆင်ချက်ဇယားနောက်ဆက်တွဲ (ဈ–၂) ကို အပိုင်း(၅)ပိုင်း ဆန္ဒမဲလက်မှတ် (၅)စောင်ခွဲခြားပြီးလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စုစုပေါင်းဆန္ဒမဲလက်မှတ် (၉)စောင်အတွက် တစ်စောင်ချင်းစီတွင် ပါဝင်မည့် ပုဒ်မ၊ ပုဒ်မခွဲများအတွက် အသေးစိတ်နမူနာပုံစံများကိုလည်း လွှတ်တော်ကိုယ်စားလှယ်အားလုံးထံ ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က)နှင့် သက်ဆိုင်သည့် ပြင်ဆင်ချက်များအတွက် အဆုံးအဖြတ်ရယူခြင်း (၄)ကြိမ်နှင့် ပုဒ်မခွဲ(ခ)နှင့် သက်ဆိုင်သည့် ပြင်ဆင်ချက်များအတွက် အဆုံးအဖြတ်ရယူခြင်း (၅)ကြိမ်ခွဲပြီး ဆောင်ရွက်ရန်လျာထားပါကြောင်း၊ ထူးခြားမှုတစ်ခုအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ (က)တွင် အကျုံးဝင်သည့် ပုဒ်မ ၅၉ ပုဒ်မခွဲ(ဂ)အတွက် ပြင်ဆင်ချက် (၂)ခုပါရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသည့် နမူနာပုံစံ ဆန္ဒမဲလက်မှတ် (၂)၏ အမှတ်စဉ် (၁)တွင် တွေ့ရှိနိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအနေဖြင့် ပြင်ဆင်ချက် (၂)ခုလုံးကို ဆန္ဒပြုရမည်ဖြစ်ပါကြောင်း၊ ပြင်ဆင်ချက် (၂)ခုလုံးအတွက် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမဲရရှိခဲ့ပါက ထောက်ခံမဲပိုများသည့် ပြင်ဆင်ချက်ကို အတည်ပြုမည်ဖြစ်သည်ကို ကြိုတင်မှာကြားလိုပါကြောင်း။

ထို့ပြင် နမူနာပုံစံဆန္ဒမဲလက်မှတ်များကို ကျောကပ်ဖြန့်ဝေထားသော်လည်း အဆုံးအဖြတ်ရယူမည့် ဆန္ဒမဲလက်မှတ်များကို စာမျက်နှာတစ်ဖက်သာ အသုံးပြုဆောင်ရွက်သွားမည် ဖြစ်သည်ကို ဖြည့်စွက်အသိပေးပြောကြားလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းများအပေါ် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ပွဲကျင်းပစဉ်က လုပ်ငန်းစဉ်များအတိုင်း အခြေခံ၍ ဆန္ဒမဲလက်မှတ်အသုံးပြုပြီး လျှို့ဝှက်စွာဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း အစီအစဉ်တွင် လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့ (၈)ဖွဲ့၏ ဆောင်ရွက်မှုအပေါ် တစ်ဖွဲ့လျှင်(၄)ဦးနှုန်းဖြင့် ကြီးကြပ်စောင့်ကြည့်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ် (၃၂) ဦး၏ အမည်စာရင်းကိုလည်း နိုင်ငံရေးပါတီ အစုအဖွဲ့အလိုက် သင့်တော်သည့် အင်အားသတ်မှတ်တောင်းခံထားပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၁၂) ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၈)ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (၅)ဦး၊ ရခိုင်အမျိုးသားပါတီ (၂)ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (၂)ဦး၊ တအာင်းပလောင်အမျိုးသားပါတီ (၁)ဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (၁)ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ပါတီ (၁)ဦးဖြစ်ပါကြောင်း၊ လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းအစီအစဉ် စတင်မည့်ရက်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသေးစိတ်ကို ထပ်မံရှင်းလင်းပြောကြားပေးသွားမည် ဖြစ်ပါကြောင်း။

ယခုအချိန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးလုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါအတိုင်း ဆောင်ရွက်နေသည့် ကာလဖြစ်ပါကြောင်း၊ လွှတ်တော်အတွင်း ရောက်ရှိနေကြသည့် နိုင်ငံရေးပါတီအစုအဖွဲ့အလိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဥပဒေနှင့်အညီ တူညီသည့်အခွင့်အရေးကို ရယူအသုံးပြုခွင့်ရရှိနေသည့် အချိန်ကာလဆိုသည်ကိုလည်း ထပ်မံပြောကြားလိုပါကြောင်း၊ မိမိတို့ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အခြေအနေ၊ အချိန်အခါအလိုက် ဦးစားပေးအလိုက် ပြီးပြတ်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရရှိထွက်ပေါ်လာသည့် ရလဒ်အပေါ်တွင်လည်း အားလုံးက နားလည်လက်ခံကြရမည်ဖြစ်ပါကြောင်း။



ချင်းပြည်နယ်မဲဆန္ဒနယ်
အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်



မြစ်သားမဲဆန္ဒနယ်မှ
ဒေါက်တာလင်းလင်းကျော်

ထို့ကြောင့် လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်များပြီးပြတ်အောင် လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပူးပေါင်းပါဝင်ပြီး ကူညီဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ အားလုံးကပူးပေါင်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို မတ် ၅ ရက် တွင်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)၊ ဓာတ်ပုံ–စိုးဝင်းထွန်း**

## ပြင်ဆင်သိမှတ်ပေးပါရန်



မောက်မယ်မဲဆန္ဒနယ်မှ
ဦးစိုင်းငေါ်ဆိုင်ဟိန်း

မတ် ၄ ရက်နေ့ထုတ် ကြေးမုံ သတင်းစာပါ **ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ ကျင်းပ** သတင်း၏အညွှန်း စာမျက်နှာ ၃ ဒုတိယကော်လံတွင် ဖော်ပြခဲ့သော ဓာတ်ပုံအစား ယခုဖော်ပြပါပုံကို ပြင်ဆင် သိမှတ်ပေးပါရန်နှင့် ဓာတ်ပုံ မှားယွင်းဖော်ပြမိသည့်အတွက် စာဖတ်ပရိသတ်အား တောင်းပန်အပ်ပါသည်။

စာတည်း

# တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ် ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၄

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ "တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်" ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန – ၂ (MICC – 2) တွင် ကျင်းပသည်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး "တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်" ရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**သုံးသပ်တွေ့ရှိရ**

အခမ်းအနားတွင် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စု တရားလွှတ်တော်ချုပ် အနေဖြင့် တရားစီရင်ရေးမဟာဗျူဟာ စီမံကိန်း(၂၀၁၈–၂၀၂၂)၏ မဟာဗျူဟာ ရည်မှန်းချက် ၅ ဒသမ ၃ တွင် အငြင်းပွားမှုများကို တရားရုံးက ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးသောစနစ်များကို သတ်မှတ်ဆောင်ရွက်ရန် ရည်မှန်းချက်နှင့်အညီ ၂၀၁၉ ခုနှစ်က ခရိုင်တရားရုံး နှစ်ရုံးနှင့် မြို့နယ်တရားရုံး နှစ်ရုံးတို့တွင် "တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်"ကို စတင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တစ်နှစ်တာ ဆောင်ရွက်ချက်၏ရလဒ်များအရ စမ်းသပ်အစီအစဉ်ကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သင့်သည်ဟု သုံးသပ်တွေ့ရှိရသည့်အတွက် ယခုနှစ် ၂၀၂၀ ပြည့်နှစ်တွင် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ ပျဉ်းမနားမြို့နယ် တရားရုံး၊ လယ်ဝေးမြို့နယ်တရားရုံး၊ ဇမ္ဗူသီရိမြို့နယ်တရားရုံး၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၊ ဥတ္တရသီရိမြို့နယ်တရားရုံးနှင့် ဒက္ခိဏသီရိမြို့နယ်တရားရုံးတို့တွင် ယင်းစမ်းသပ်အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် တရားမမှုများတွင် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးအတွက် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရာတွင် များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စေ့စပ်ဖြေရှင်းရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များ ရေးဆွဲလျက်ရှိပြီး ၂၀၂၂ ခုနှစ်တွင် အကောင်အထည်ဖော်ရန် ရည်မှန်းထားကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**ပူးပေါင်းပါဝင်သွားမည်**

ထို့နောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ မြန်မာရုံး ကိုယ်စားလှယ် အကြီးအကဲ Mr. Karasawa Masayuki က ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပါဝင်ကူညီခွင့်ရရှိသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နောင်တွင်လည်း ဆက်လက်ပူးပေါင်းပါဝင်သွားမည်ဖြစ်ပါကြောင်း အဖွင့်နှုတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ "တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ချမှတ် အကောင်အထည်ဖော်ရေး ဆိုင်ရာ လုပ်ငန်းကော်မတီ"ဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က ၂၀၁၉ ခုနှစ် မတ် ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၉ ရက်အထိ တစ်နှစ်တာ ကာလအတွင်း စမ်းသပ်အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် တရားရုံးများ၏ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက စမ်းသပ်အစီအစဉ် တစ်နှစ်တာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။ ထို့နောက် ပြည်ထောင်စု တရားသူကြီးချုပ်သည် ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

ယနေ့အခမ်းအနားသို့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဒုတိယရှေ့နေချုပ်၊ လွှတ်တော်ရေးရာ ကော်မတီများမှ ဥက္ကဋ္ဌများ၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တရားသူကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ JICA မြန်မာရုံးအကြီးအကဲနှင့် JICA တရားရေးရာနှင့် ဥပဒေရေးရာစီမံကိန်းမှ တာဝန်ရှိသူများ၊ ရှေ့နေအသင်းများ၊ စမ်းသပ်အစီအစဉ် တိုးချဲ့ဆောင်ရွက်မည့် တရားရုံးများတွင် လိုက်ပါဆောင်ရွက်သည့် ရှေ့နေများ၊ လူမှုအဖွဲ့အစည်းများမှ တရားမျှတမှုကဏ္ဍနှင့် သက်ဆိုင်သူများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်ဆင့်မှ တရားရေးအရာရှိများ၊ တရားသူကြီးများနှင့် ဖိတ်ကြားထားသော အထူးဧည့်သည်တော်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း IUCN ၏ Asia Regional Director, Ms. Aban Marker Kabraji နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် International Union for Conservation of Nature (IUCN) ၏ Asia Regional Director, Ms. Aban Marker Kabraji နှင့် အဖွဲ့အား ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် IUCN နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် The Restoration Initiative (TRI) Myanmar လုပ်ငန်းစီမံကိန်းအား ချပ်သင်းနှင့် ဇလုံတောင် သဘာဝထိန်းသိမ်းရေး နယ်မြေ၊ သဖန်းဆိပ်ဆည် ရေဝေရေလဲဒေသများတွင် အကောင်အထည်ဖော်မှုများ၊ ဗန်းမောက်နှင့် ဟုမ္မလင်းမြို့နယ်များရှိ သစ်တောနယ်မြေအတွင်း ရွှေတရားမဝင် တူးဖော်မှုကြောင့် ဖြစ်ပေါ်သည့် ပတ်ဝန်းကျင်ထိခိုက်မှု၊ မြေဆီလွှာနှင့် မြစ်ချောင်း ထိခိုက်ပျက်စီးမှုများအား ကွင်းဆင်းလေ့လာမှုနှင့် သစ်တောသစ်ပင် ပြန်လည်စိုက်ပျိုးမည့် အစီအစဉ်များ၊ တရားမဝင် ရွှေအသေးစားထုတ်လုပ်သူများ၏ အခြားဝင်ငွေရလမ်းနှင့် အသိအမြင်တိုးပွားရေး၊ ပျက်စီးဒေသများ ပြန်လည်ထိန်းသိမ်းရေးအတွက် TRI Myanmar လုပ်ငန်းစီမံကိန်းအား တိုးချဲ့ဆောင်ရွက်နိုင်မည့် အစီအမံများ၊ ရန်ပုံငွေရရှိနိုင်မည့်အလားအလာများ၊ သတ္တုတူးဖော်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ကွင်းဆင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ အသုံးမပြုတော့သည့် သတ္တုတွင်းများ ပိတ်သိမ်းရာတွင် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မည့် သစ်ဆွေးမြေဂေဟစနစ် စီမံအုပ်ချုပ်မှုလုပ်ငန်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်မည့် အစီအစဉ်များ၊ အင်းလေးကန်ဒေသတွင် ဆောင်ရွက်မည့်လုပ်ငန်းများ၊ အင်းလေးကန် ရေရှည်တည်တံ့ရေး (၁၀)နှစ်စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်နိုင်မည့် အလားအလာများ၊ နိုင်ငံများအကြား Sister Lake အစီအစဉ်ဆောင်ရွက်နိုင်မှုများ၊ ကမ်းရိုးတန်းဒေသ ရေရှည်တည်တံ့ရေး၊ ဒီရေတောနှင့် သန္တာကျောက်တန်း ထိန်းသိမ်းရေးဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

## သံအမတ်ကြီး ဒေါ်ကေသီစိုးအား ဂျော်ဂျီယာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် မတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ချက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ကေသီစိုးအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဂျော်ဂျီယာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

သတင်းစဉ်

# ရန်ကုန်တက္ကသိုလ် ရာပြည့်ဓမ္မသဘင်ကို ရက်ရွှေ့ဆိုင်းခြင်း

ရန်ကုန် မတ် ၄

ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးနှင့် ဆရာ ဆရာမများသမဂ္ဂတို့ ပူးပေါင်း၍ မတ်လ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ရန်ကုန်တက္ကသိုလ် ရာပြည့်ဓမ္မသဘင်သစ်ပုပ်ပင်မြက်ခင်းပြင်ရှေ့၌ကျင်းပမည့် ရာပြည့်ဓမ္မသဘင်ကို လက်ရှိဖြစ်ပွားနေသည့် COVID–19 ကြောင့် ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းကြောင်း ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးဥက္ကဋ္ဌ ဒေါက်တာခင်ခင်ဝင်းက ပြောသည်။

အဆိုပါ ရာပြည့်ဓမ္မသဘင်အတွက် လှူဒါန်းထားသော အလှူငွေများ၊ အလှူပစ္စည်းများကို ဘဏ္ဍာရေးကော်မတီမှ ဆက်လက်ထိန်းသိမ်းထားပြီး ရာပြည့်ဓမ္မသဘင် ပြန်လည်ကျင်းပမည့်အချိန်တွင် လှူဒါန်းပေးမည်ဖြစ်ကြောင်းနှင့် ရာပြည့်ဓမ္မသဘင် ပြန်လည်ကျင်းပမည့်ရက်ကိုလည်း ပြန်လည်ကြော်ငြာပေးသွားမည်ဖြစ်ကြောင်း အဆိုပါအသင်း၏ထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၄

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီအစည်းအဝေး တက်ရောက်

**နေပြည်တော် မတ် ၄**

“ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး ကော်မတီ”၏ (၁/၂၀၂၀) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**သုံးသပ်ဆောင်ရွက်လျက်ရှိ**

ရှေးဦးစွာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နောင်ရေးအတွက် စိတ်အေး ရစေရန်နှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမှု အခြေအနေကို ရေရှည်တည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရန်အတွက် ဝန်ထမ်းနောင်ရေး ဗဟို ရန်ပုံငွေတည်ထောင်သည့်စနစ်ကို သုံးသပ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီတွင်လည်း တင်ပြဆွေးနွေးခဲ့ပါကြောင်း၊ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည် ဖော်ဆောင်ရန် ရည်ရွယ်ထားပါကြောင်း။

မိမိတို့နိုင်ငံတွင် ပင်စင်စားဦးရေ စုစုပေါင်း တစ်သန်း နီးပါးရှိပြီး ပင်စင်လစာများကိုလည်း ၂၀၁၉ ခုနှစ်က တိုးမြှင့် ပေးအပ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ပင်စင်နှင့် ဆုကြေးအသုံးစရိတ် အတွက် တစ်နှစ်လျှင် မြန်မာငွေကျပ် ၁ ဒသမ ၁ ထရီလီယံ ခန့် သုံးစွဲလျက်ရှိပါကြောင်း၊ ဌာနများအနေဖြင့် ဝန်ထမ်း အသစ်များ အများအပြားခန့်အပ်လိုမှုများကို စိစစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောင်လာမည့် နှစ် ၂၀၊ နှစ် ၃၀ ဆိုလျှင် ပင်စင်အသုံးစရိတ်သည် အလွန်များပြားလာမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ Central Provident Fund ကို ထူထောင်ရန် စဉ်းစားရခြင်းဖြစ်ကြောင်း၊ CPF ကို အစိုးရနှင့် ဝန်ထမ်းတို့၏ ထည့်ဝင်ငွေဖြင့် စုဆောင်းမည်ဖြစ်ပြီး လက်ရှိ နိုင်ငံ့ဝန်ထမ်းများကိုသာ အဓိကဦးတည်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းမှ လစာ၏ ငါးရာခိုင်နှုန်းထည့်လျှင် အစိုးရမှလည်း ငါးရာခိုင်နှုန်း စုဆောင်းလျှင် ရန်ပုံငွေ တစ်ခု ရရှိမည်ဖြစ်ပြီး ထိုရန်ပုံငွေသည် Central Provident Fund ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဝန်ထမ်းနောင်ရေး ဗဟို ရန်ပုံငွေဟု ခေါ်ဆိုထားပါကြောင်း၊ ရန်ပုံငွေကို ပြင်ပ ပညာရှင်များအပါအဝင် စီမံခန့်ခွဲမှုအဖွဲ့ဖြင့် ဥပဒေနှင့်အညီ ဆုံးရှုံးနိုင်ခြေမရှိသော(Risk Free)ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပြီး အဖွဲ့ဝင်ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် လစဉ်အကျိုးခံစားခွင့် တို့ကို ပေးအပ်သွားရန် ဖြစ်ပါကြောင်း၊ ရန်ပုံငွေများကို အစိုးရမှရောင်းချသည့် ငွေတိုက်စာချုပ်များ၊ ငွေတိုက် လက်မှတ်များကိုဝယ်ယူ၍ ရင်းနှီးမြှုပ်နှံသွားပါက ဆုံးရှုံး နိုင်ခြေ မရှိပါကြောင်း၊ ဥပဒေ စတင်အတည်ပြုသည့်နေ့မှ စ၍ ခန့်အပ်သည့် ဝန်ထမ်းသစ်များ၊ အမှုထမ်းသက် ၁၀ နှစ်အောက် ပင်စင်ခံစားခွင့် မရှိသေးသူများသည် CPF တွင် အကျုံးဝင်စေမည် ဖြစ်ပါကြောင်း၊ ပင်စင်ခံစားခွင့်ရှိသည့် အမှုထမ်းသက် ၁၀ နှစ်ပြည့်ပြီးသူများအား လက်ရှိအတိုင်း ခံစားခွင့်ပြုသွားမည် ဖြစ်ကြောင်း၊ ဝန်ထမ်းနောင်ရေး ဗဟို ရန်ပုံငွေတစ်ရပ် ပေါ်ပေါက်လာစေရေး ဆောင်ရွက်လိုသည့် ပုံစံများကိုလည်း အကြီးအကဲများထံ တင်ပြခဲ့ပါကြောင်း။

**ဝိုင်းဝန်းစဉ်းစားဆွေးနွေး**

နှစ်ကြာလာသည့်အခါ ယခင်စနစ်မှ ပင်စင်ခံစားမည့် သူများသည် တဖြည်းဖြည်းနည်းသွားပြီး စနစ်သစ်ဖြင့် ခံစားမည့်သူများ များလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရအား ရန်ပုံငွေများကို သုံးခွင့်ပေးထားခြင်းဖြစ်၍ နိုင်ငံတော်မှ အတိုးပေးနေရမည် ဖြစ်ပါကြောင်း၊ ပင်စင် ခံစားခွင့်ရှိသည့် အမှုထမ်းသက်မပြည့်သေးသည့် ဝန်ထမ်း များ၏ အမှုထမ်းသက်အတွက် ထည့်ဝင်ကြေးများကို နိုင်ငံတော်မှ ထည့်ဝင်ပေးသွားမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေဥပဒေကို ရေးဆွဲရန်ကိစ္စမှာ အရေးကြီးပါကြောင်း၊ အောင်မြင်အောင် မည်ကဲ့သို့ ဆောင်ရွက်မည်ကို ဝိုင်းဝန်းစဉ်းစားဆွေးနွေးပေးကြရန် ဖြစ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခင်အစည်းအဝေးနှင့် ယခုအစည်း အဝေးကြားကာလတွင် အကောင်အထည်ဖော်မည့် ပုံစံနှင့် ပတ်သက်၍ အဆင့်ဆင့် တင်ပြလမ်းညွှန်မှုခံယူခဲ့ပြီးဖြစ်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်မည့်အချိန်ဇယား (Time Frame) ရေးဆွဲ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပင်စင်စနစ် ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်ပြီး Myanmar Sustainable Development Plan(MSDP)ကို ချိတ်ဆက်ပြီး အကောင်အထည်ဖော်ရန် Project Bank ထဲမှာလည်း မဟာဗျူဟာမြောက် စီမံကိန်းအဖြစ် ထည့်သွင်းဆောင်ရွက်ထားပြီး လိုအပ်သည့် အသုံးစရိတ်များ လည်း ကျခံသုံးစွဲလျက်ရှိပါကြောင်း။



**ပြင်ဆင်ဆောင်ရွက်နေ**

နိုင်ငံ့ဝန်ထမ်းများ၏ အချက်အလက်များကို အတွင်း ရေးမှူးရုံးဖြစ်သည့် ပင်စင်ဦးစီးဌာနမှ ကြိုတင်ကောက်ယူ ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ အကောင်အထည် ဖော်မည့်ပုံစံနှင့်အညီ ပြုစုထားသည့် ဝန်ထမ်းနောင်ရေး ဗဟိုရန်ပုံငွေဥပဒေ(ဒုတိယမူကြမ်း)ကို ဆက်လက်ဆွေးနွေး ကြမည်ဖြစ်ကြောင်း၊ ဤမူကြမ်းကို ဘဏ်များနှင့် ငွေကြေး ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင်လည်း ရှင်းလင်း တင်ပြခဲ့ပါကြောင်း။

ကော်မတီအဖွဲ့ဝင်အချို့ကို ဖေဖော်ဝါရီလအတွင်း ထိုင်းနိုင်ငံအစိုးရ ပင်စင်ရန်ပုံငွေစနစ်(Government Pension Fund-GPF)ကိုလည်း သွားရောက်လေ့လာစေခဲ့ ကြောင်း၊ ထို့ပြင် ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဝန်ထမ်းများအငြိမ်းစားယူသည့် အခါ သို့မဟုတ် နုတ်ထွက်သည့်အခါ စုဆောင်းငွေတစ်ရပ် ရရှိရန် General Provident Fund (GPF)ထူထောင်ရန် အစီအစဉ် ရှိ/မရှိ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းချက် အပေါ်တွင်လည်း အစီအစဉ်ရှိသည်ဟု ဖြေကြားခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး၊ ပင်စင်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် က ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်မှု ဆိုင်ရာ ကြိုတင်ဆောင်ရွက်ချက်များ၊ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဝန်ထမ်း နောင်ရေးဗဟိုရန်ပုံငွေဥပဒေ(ဒုတိယမူကြမ်း) ရေးဆွဲပြီးစီးမှု အခြေအနေနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒီဇိုင်းပုံစံတို့အား ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်း အဝေးသို့ တက်ရောက်လာကြသည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဆက်အောင်၊ ဒေါက်တာမင်းရဲပိုင်ဟိန်းနှင့် ကော်မတီ ဝင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် မြန်မာ-ချက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအကြား ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၄**

ဒုတိယအကြိမ် မြန်မာ-ချက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့ရှိ ချက် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပ သည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဥရောပမဟုတ်သည့်နိုင်ငံများ၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဒုတိယ ဝန်ကြီး Mr. Martin Tlapa၊ ချက်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြ သည်။

ဆွေးနွေးပွဲတွင် မြန်မာ-ချက် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန် ခရီးစဉ် များစီစဉ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီး မြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ကမ္ဘာလှည့် ခရီးသွားလာရေးကဏ္ဍတို့တွင် ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့နိုင် မည့် နည်းလမ်းများအပေါ် ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။



ထို့အပြင် နှစ်နိုင်ငံအကြား တတိယ အကြိမ် စီးပွားရေး ပူးပေါင်းဆောင်ရွက် မှုဆိုင်ရာ ပူးတွဲကော်မရှင် အစည်း အဝေးကို နေပြည်တော်တွင် ယခုနှစ် မေလအတွင်း ကျင်းပနိုင်ရေးကိုလည်း ညှိနှိုင်းဆွေးနွေးသည်။ အမြဲတမ်း အတွင်းဝန်က နိုင်ငံတော်အစိုးရမှ ဦးစားပေး ဆောင်ရွက်လျက်ရှိသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရခိုင် ပြည်နယ်ဖြစ်ပေါ်တိုးတက်မှု အခြေ အနေတို့ကိုလည်း ရှင်းလင်းအသိပေးခဲ့ သည်။ ထို့အပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အကျိုးတူကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်း အမြင်ချင်းဖလှယ် ခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် အမြဲတမ်း အတွင်းဝန် ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ချက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးမှ တည်ခင်းဧည့်ခံသော အလုပ် သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

**ဆွေးနွေး**

အမြဲတမ်းအတွင်းဝန်သည် ပရာ့ဂ် မြို့တွင်ရှိနေစဉ်အတွင်း ချက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Tomáš Petříček နှင့်လည်း တွေ့ဆုံ ကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်အတွင်းရှိ နွားစမ်းတောင်ချောင်းကူးတံတား တည်ဆောက်ပြီးစီး

**မိတ္ထီလာ မတ် ၄**

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာ ၁၇ ရွာ ဖြတ်သန်းသွားလာသည့် နွားစမ်းတောင် ချောင်းကူးတံတား တည်ဆောက်ပြီးစီး၍ ဒေသခံများသွားလာရေး အဆင်ပြေ တော့မည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့ နွားပွဲဈေးတောင်ဘက်ရှိ ကျေးရွာ ၁၇ ရွာ ဆက်သွယ်သွားလာ သည့် ကျေးရွာချင်းဆက်လမ်းမရှိပြီး ယင်းကျေးရွာချင်းဆက်လမ်းမပေါ်တွင် မုန်တိုင်ဆည်နှင့် ညောင်ကုန်းတမံတို့မှ မိတ္ထီလာကန်သို့ ဆက်သွယ်ထားသော ရေသွင်းမြောင်း လက်တံနှစ်ခုဆုံရာ၌ ဒေသခံများက စုပေါင်း၍ ဇန်နဝါရီ ၂၅ ရက်မှ စတင်ပြီး အရှည်ပေ ၆၀၊ အကျယ် ၁၂ ပေရှိ သံကူကွန်ကရစ်တံတား အဖြစ် အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိရာ ယခုအခါ လုပ်ငန်းပြီးစီးနေပြီ ဖြစ်ကြောင်း ဦးတင်သန်း အင်ဂျင်နီယာ(ငြိမ်း)က ပြောကြားသည်။

ယင်းနွားစမ်းတောင် ချောင်းကူးတံတား တည်ဆောက်ပြီးစီး၍ ကျေးရွာ ၁၇ ရွာမှ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# စာကြည့်တိုက် လေးတိုက်သို့ ထောက်ပံ့ငွေများပေးအပ်

**မုံရွာ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်းက စံငါးရပ်နှင့်အညီ စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် စာကြည့်တိုက် လေးတိုက်သို့ ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၃ ရက် နံနက် ၁၁ နာရီက မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ကျင်းပရာ စစ်ကိုင်းမြို့နယ် ကြခတ်ကျေးရွာ သုပဟဒယစာကြည့်တိုက်၊ မုံရွာမြို့နယ် သမန္တာကျေးရွာ တက်နေဝင်းစာကြည့်တိုက်၊ အရာတော်မြို့နယ် မကျီးဇောက်ကျေးရွာ မိဘမေတ္တာစာကြည့်တိုက်နှင့် ဖောင်းပြင်မြို့နယ် ပိုးဖြူတောင်ကျေးရွာ ပညာ့ အလင်းစာကြည့်တိုက်တို့အတွက် ငွေကျပ် ၁၀ သိန်းစီနှင့် စာအုပ်များကို တာဝန်ရှိသူများက ထောက်ပံ့ခဲ့သည်။

**မျိုးဝင်းထွန်း**

# နိုင်ငံ့ရင်သွေး ကလေးစာပေအကြောင်း တစေ့တစောင်း

မြင့်မြတ်သီတာ

မြန်မာအဘိဓာန်တွင် ကလေးဆိုသည်မှာ ကလေး-နု/ကလေး/ခလေး/၁၊ အသေးအငယ်။ အသေးအဖွဲ့။ ၂၊ သားငယ် သမီးငယ် ဟူ၍လည်းကောင်း၊ ကလေးသူငယ်ဆိုသည်မှာ ငယ်ရွယ်သောသူဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ထို့အပြင် ကလေးသူငယ် ဥပဒေပုဒ်မ ၂ (က) တွင် ကလေးသူငယ်ဆိုသည်မှာ အသက် ၁၆ နှစ် မပြည့်သေးသောသူကိုလည်းကောင်း၊ ၂ (ခ) တွင် လူငယ်ဆိုသည်မှာ အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသူကိုလည်းကောင်း ဆိုသည်ဟု ပြဋ္ဌာန်းထားသည်။

မြန်မာကလေးငယ်များသည် မိခင်တို့၏ သားချော့တေး၊ အိပ်ရာဝင်ပုံပြင်များမှတစ်ဆင့် စာပေ၊ ကဗျာလင်္ကာများနှင့် ရင်းနှီးခဲ့ကြသည်။ မြန်မာ့စွယ်စုံကျမ်းတွင် ကလေးစာပေနှင့်ပတ်သက်၍ စာရေးဆရာများသည် ကလေးတို့အတွက် ကလေးစာပေရေးမည်ဟု ရည်ရွယ်လိုက်သည့်အခါ သူတို့ကိုယ်တိုင် ကလေးများနှင့်အတူ ရောနှောပျော်ရွှင်နေသကဲ့သို့ စိတ်ကူးပြီးမှ ကျေးငှက်ကလေးများအကြောင်း၊ သစ်ပင်၊ ရေမြေ၊ တောတောင် အာကာသ စသည့် ဩကာသလောကကြီးအကြောင်းတို့ကို ကလေးတို့ ဉာဏ်အမြင်မီနိုင်သလောက် မျက်စိထဲတွင် ပေါ်လာအောင်၊ သာယာချိုအေးသော၊ နားဝင်ချိုသော အသံဖြစ်လာအောင် ရေးစပ်လေ့ရှိသည်။

## ကလေးစာပေပေါက်ဖွားရာ

ရှေးရိုးရာပုံပြင်များမှာ ကလေးစာပေပေါက်ဖွားရာ အရင်းမူလဖြစ်သည်ဟု ဆိုနိုင်သည်။ ယင်းတို့မှာလည်း ရှေးလူကြီးများ ပြောကြားလေ့ရှိသော ငလက်မပုံပြင်၊ ရွှေယုန်နှင့် ရွှေကျား သက်ငယ်ရိတ်သွား၊ ကြက်မကြီးနှင့် ကြက်ကလေး၊ စင်ဒရဲလား၊ စနိုးဝှိုက်နှင့် လူပုခုနစ်ဖော် စသည်တို့ဖြစ်၏။ ဤပုံပြင်လေးများမှာ ဘယ်သောအခါမျှ မရိုးနိုင်ဘဲရှိသည့်အပြင် ငယ်ရွယ်သော ကလေးသူငယ်များအဖို့ မှတ်သားအတုယူနိုင်သည့် သင်ခန်းစာများလည်း ပါဝင်သည်။ ကဗျာများမှာလည်း ကလေးစာပေတွင် အကျုံးဝင်လျက်ရှိသည်။ ယင်းတို့မှာ ဖိုးလမင်း၊ ကြောင်နှင့် ကြွက်၊ ကြောင်ကြီးမြီးတံတို၊ ဝါဆို ဝါခေါင်၊ ဥပုသ်စောင့်၊ တောက်တဲ့ အစရှိသည်တို့ ဖြစ်၏။ အင်္ဂလိပ်စာပေတွင်ကား ကလေးကဗျာများစွာရှိလေရာ 'ဂူစီ ဂူစီ ဂင်ဒါ'၊ 'ခြောက်ပဲနိသီချင်း'၊ 'မျက်မမြင် ကြွက်ကလေး သုံးကောင်' စသော ကဗျာကလေးများမှာ ကလေးတို့ နှုတ်ဖျားတွင် ရေပန်းစားခဲ့သော ကဗျာများဖြစ်သည်။

ဥရောပတိုက်တွင် ပုံနှိပ်စက်မပေါ်မီကပင် ကလေးသူငယ်များအတွက် စာအုပ်စာတမ်းများအဖြစ် အဲလ်ရစ်နှင့် အဲလ်ကွင်တို့၏ ဂျက်စတာရှိမနိုရမ် ခေါ် စကားထာများ၊ အီစွပ်ဒဏ္ဍာရီပုံပြင်များ စသည်တို့ရှိခဲ့သည်။ ထို့ပြင် ဂရင်းညီနောင်ပုံပြင်များ၊ အင်ဒါဆင်ပုံပြင်များ၊ စနိုးဝှိုက်နှင့် လူပုကလေးခုနစ်ဖော်ပုံပြင်များ၊ ဂူစီဂူစီဂင်ဒါ၊ ခြောက်ပဲနိ၊ မျက်မမြင် ကြွက်ကလေးသုံးကောင်စသည့် ကဗျာလေးများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဘာသာပြန်ဆိုခဲ့ကြသည်။ ထိုကဗျာလေးများကိုလည်း မြန်မာဘာသာသို့လည်း ပြန်ဆိုထားပြီ ဖြစ်သည်။ ဥရောပတိုက်၌ ဒဏ္ဍာရီပုံပြင်များကို ၁၆၉၇ ခုနှစ်တွင် အဦးဆုံး ရေးသား၍ ထုတ်ဝေခဲ့သူမှာ ပြင်သစ်နိုင်ငံမှ ချားပဲရိုးဆိုသူဖြစ်သည်။ သူ၏ စင်ဒရဲလား၊ မုတ်ဆိတ်ပြာနှင့် ဖိနပ်ကြီးနှင့် ကြောင်ကလေးစသော ပုံပြင်တိုကလေးများကို ပြင်သစ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့လေရာ အင်္ဂလိပ် စာတတ်ကလေးများပင် ပြင်သစ်ကလေးများနည်းတူ ထိုပုံပြင်များကို အသည်းစွဲဖြစ်နေကြ၏။ အင်္ဂလန်၌ ကလေးစာအုပ်များကို ၁၇၄၄ ခုနှစ်တွင် အဦးဆုံး ထုတ်ဝေခဲ့သူမှာ ဂျွန်နျူးဗဲရီ ဆိုသူဖြစ်သည်။

## ကမ္ဘာ့နိုင်ငံအသီးသီးက ဘာသာပြန်ဆို

၁၉ ရာစုခန့်တွင် အင်္ဂလန်၊ အမေရိကန်၊ ရုရှား၊ ဂျာမနီ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည်တို့တွင်လည်း ကလေးစာပေဖွံ့ဖြိုးလာခဲ့သည်။ အင်္ဂလိပ်စာရေးဆရာကြီး ဒင်နီယယ်ဒီဖိုး၊ ဂျော်နသန်ဆွစ်၊ အမေရိကန်စာရေးဆရာကြီး နသယ်နီယန်ဟော်သွန်း၊ ရုရှားစာရေးဆရာကြီး တော်လ်စတွိုင်း၊ ချက်ကော့၊ ဂေါ်ကီ၊ တရုတ်ခေတ်သစ် ဒဏ္ဍာရီဆရာ ဖန်ဂူဖန်၊ ဂျပန်စာရေးဆရာကြီး အိုဂါဝါမိမဲ့ စသည့် ဂန္ထဝင်စာရေးဆရာကြီးများကလည်း ကလေးစာပေများစွာကို ရေးသားခဲ့ကြသည်။ သူတို့၏လက်ရာများကို ကမ္ဘာ့နိုင်ငံအသီးသီးက ဘာသာပြန်ဆိုခဲ့ကြသည်။

ကလေးများအတွက် မြန်မာနိုင်ငံတွင် အစောဆုံး တွေ့ရှိခဲ့ရသော မြန်မာဖတ်စာအုပ်မှာ 'မောင်နကော' ပြုစု ရေးသားသော Burmese Pictorial Reader ဟု မှတ်တမ်းပြုခဲ့ကြပြီး ၁၈၆၅ ခုနှစ်တွင် မော်လမြိုင်မြို့ အေဘီအမ် ပုံနှိပ်တိုက်တွင် ပုံနှိပ်ခဲ့သည်။

ကလေးစာပေနှင့်ပတ်သက်၍ မလိခ မြန်မာစာပေ အဘိဓာန်တွင် စာဖတ်တတ်စအရွယ် ကလေးငယ်များ ဖတ်ရှုနိုင်ရန် ရည်ရွယ်ပြုစုသော စာပေအမျိုးအစားဖြစ်သည်ဟု ဖော်ပြထားသည်။ ရှေးခေတ် မြန်မာစာပေသမိုင်း၌ 'ကလေးစာပေ'ဟူ၍ သီးသန့်သတ်မှတ်ပြုစုထားခြင်းမျိုး မရှိခဲ့ပါ။ သို့သော် ကလေးများအလိမ္မာတိုးစေရန်နှင့် ပျော်ရွှင်မှုရစေရန် ရည်ရွယ်ပြောဆိုသော ပုံပြင်များ၊ ကလေးဆို သီချင်းများ၊ တေးကဗျာများသည် လူကြီးမိဘအစဉ်အဆက်၊ ကလေး အဆက်ဆက် နှစ်သက်မြတ်နိုးကြသည်။ 'ရွှေယုန် ရွှေကျား' ပုံပြင်များ၊ 'လေတွေမိုးတွေ လာပါပေ့ ကဆုန်လပြည့်ကျော်' အစရှိသော တေးကဗျာများ၊ 'ရွှေစွန်ညို' ကစားနည်းကဲ့သို့ ကစားနည်းများ၌ ကလေးတို့ သီဆိုမြဲဖြစ်သော တေးကဗျာများသည် မြန်မာကလေးစာပေ၏ အခြေအမြစ်များဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၁၉၃၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် မြန်မာစာပေ၌ ကလေးများအတွက် သီးသန့်ရည်ရွယ်ရေးသားသော စာပေများ အစပြုထွန်းကားလာသည်။ မင်းသုဝဏ်၏ 'ဝါဆို ဝါခေါင်ရေတွေကြီးလို့'၊ 'ဆွမ်းအုပ်နီနီ အမေရွက်လို့' အစချီသော ကဗျာကလေးများသည် ၁၉၃၁ ခုနှစ်တွင် ကလေးများအတွက် သီးသန့်ရည်ရွယ်ရေးသားပြုစုသော ကဗျာများဖြစ်၏။ ထိုအခါမှစ၍ မြန်မာစာပေ၌ ကလေးများအတွက် စာပေသီးသန့်ပြုစုသင့် သည်ဟူသော အယူအဆထွန်းကားလာ၏။ ကလေးစာပေနှင့်ပတ်သက်သော လှုံ့ဆော်မှုများ ပေါ်လာ၏။ ဤသို့ဖြင့် ၁၉၃၅ ခုနှစ်လောက်တွင် ကလေးစာပေ၏ အင်အားသည် ကြီးမားစပြုလာ၏။ မောင်ဖြူး၏ ဒဏ္ဍာရီပြဇာတ်များ၊ စလေအညာက ပလွေဆရာ စသည်တို့သည် ထိုကာလတွင် ထွန်းကားလာသော ကလေးစာပေများဖြစ်သည်။ ဒေါက်တာ မောင်ဖြူးအမည်ခံ ဒေါက်တာ တန်ဂွမ်လျောင်သည် ကလေးစာပေထွန်းကားရေးကို လှုံ့ဆော်သူ၊ ကိုယ်တိုင်လည်း ရေးသားသူတစ်ယောက်အဖြစ် ထင်ရှားခဲ့သည်။

> **ယခုအခါ ပုံနှိပ်ထုတ်ဝေလျက်ရှိသော စာအုပ်များသာမက အွန်လိုင်းပေါ်တွင်ပါ အဆမတန် မြောက်မြားစွာသော စာအုပ် စာပေများ မှိုပေါက်သလို ပေါ်ထွက် ဖြန့်ချိနေကြပြီဖြစ်ရာ စာကောင်းပေကောင်းများ ပေါ်ပေါက်လာသကဲ့သို့ တစ်ဖက်မှလည်း ညစ်ညမ်းသောစာပေ၊ အတွေးအခေါ်မှားစေနိုင်သော စာပေများ၊ ရက်စက်ကြမ်းကြုတ်သောစာပေများလည်း ရောနှောလျက်ရှိ**

## မြန်မာပြန်ရေးသား

ယင်းသို့ ကလေးစာပေထွန်းကားရေးကို လှုံ့ဆော်သူများတွင် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း တစ်ယောက်အပါအဝင်ဖြစ်ခဲ့သည်။ ဒေါက်တာ တန်ဂွမ်လျောင်၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားလှုံ့ဆော်သော ကလေးစာပေထွန်းကားရေးဆောင်းပါးကို ဗိုလ်ချုပ်အောင်ဆန်းက မြန်မာပြန်ရေးသားခဲ့သလို စစ်ကြိုခေတ်ထုတ် မျိုးညွန့်မဂ္ဂဇင်း "လောကဝိဟာ" ဆောင်းပါးတွင် "အတတ်ပညာ ဗဟုသုတ စသည်များကို သင်ကြားလေ့လာရန်အတွက် လူအဖြစ်သို့ ရောက်ရှိခိုက်တွင် လောကဝိဟာ ခေါ် လောကတက္ကသိုလ်ကြီး၌ သင်ကြားလေ့လာရန် ရှိသမျှကို မိမိရရ နာယူသင့်ကြောင်း" ရေးသားခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ထုတ်ဝေသည့် မန္တလေး သူရိယ အမျိုးသားနေ့ အထူးစာစောင်၌ "ကျောင်းသား ဝတ္တရား" ဆောင်းပါးကို ရေးသားခဲ့သည်။ ထို့ပြင် ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် " မြန်မာစာသင်ကျောင်းတွင် နေရစဉ်က ကျွန်တော်မပျော်ပိုက်သည့် အချက်တစ်ချက် ရှိလေသည်။ ထိုအချက်မှာ ကစားခုန်စားခြင်း၊ ကလေးသဘာဝ သစ်ပင်တက်ခြင်း၊ ရေကူးခြင်းစသော ကိုယ်လက်ကျန်းမာကျင်လည်မှုကို လေ့လာခွင့်မရ၊ သစ်ပင် တက်သည်ကိုမြင်လျှင် အဆိုအမြည်ခံရ၏။ ရေကူးသည် ကိုသိလျှင် အရိုက်ခံရသည်။ ထို့ကြောင့် ယနေ့အထိ ကျွန်တော့်မှာ ဉာဏ်ပညာဘက်မှ အခွင့်အလမ်းရခဲ့၍ ပေါက်မြောက်ခဲ့သလောက် ကိုယ်လက်ကျန်းမာကျင်လည်ရေးတွင် အခွင့်အလမ်းမရခဲ့၍ များစွာချို့ယွင်းနေပေသည်" ဟု ရေးသားဖော်ပြခဲ့သည်။

ထိုစဉ်က ကလေးစာပေ လှုံ့ဆော်ကြသူများတွင် ကွန်မြူနစ်ပါတီခေါင်းဆောင်တစ်ဦးဖြစ်သော သခင်ဗဟိန်းလည်းပါသည်။

## ကလေးစာပေကာတွန်းများ

ကလေးများ ဖတ်ရှုကြည်နူးနိုင်စေရန် ရေးသားပြုစုကြရာတွင် ကာတွန်းဦးဘဂျမ်းသည်လည်း အရေးပါသူတစ်ယောက်ဖြစ်သည်။ သူ၏ ကိုပြုံး မပြုံးကာတွန်းများသည် ကလေးများနှစ်သက်ကြသော ကလေးစာပေကာတွန်းများ ဖြစ်ကြသည်။

မင်းသုဝဏ်သည် သူ၏ကလေးကဗျာများကို စုစည်း၍ ၁၉၄၁ ခုနှစ်တွင် မောင်ခွေးဘို့ အမည်ရှိ ကဗျာစာအုပ်ကို ထုတ်ခဲ့သည်။ ၁၉၄၅ ခုနှစ်နောက်ပိုင်းတွင်ကား ကလေးစာပေ၏အင်အားသည် ပိုမိုကြီးထွားလာ၏။ ကလေးများအတွက် သီးသန့်ရည်ရွယ်ထုတ်ဝေသော ကလေးသတင်းစာအမည်ရှိ သတင်းစာတစ်စောင်ပေါ်လာ၏။ ၁၉၄၈ ခုနှစ်နောက်ပိုင်းတွင် ရှုမဝကဲ့သို့သော မဂ္ဂဇင်းများ၌ ကလေးများအတွက် ပုံပြင်များကို ဦးဘဂျမ်း၏ ရောင်စုံကာတွန်းများနှင့် ပူးတွဲဖော်ပြလာ၏။ ထို့နောက် ကလေးများအတွက် သီးသန့်ထုတ်ဝေသော မြတ်လုလင်စာစောင်၊ ခလေးဂျာနယ် စသည့် စာစောင်များ၊ မော်ဒန်၊ မောင်ကမ္ဘာစသော ကာတွန်းစာအုပ်များ ထွက်လာ၏။ မဂ္ဂဇင်းအချို့တွင် ကလေးကဏ္ဍကို သီးခြားထည့်သွင်းလာ၏။

မကြာမီကာလအတွင်းမှာပင် ကလေးများအတွက် ပုံပြင်စာအုပ်များ အမြောက်အမြား ထွက်လာသည်။ လူထုဦးလှ၏ တိုင်းရင်းသားပုံပြင်စာအုပ်များသည်လည်း ကလေးစာပေနှင့် တိုင်းရင်းသားချစ်ကြည်ရေးအခန်းကဏ္ဍတွင် အရေးပါလာ၏။ ထိုအခါမှစ၍ ကလေးများအတွက် ကဗျာ၊ စကားပြေပုံစံအမျိုးမျိုးနှင့် ရေးသားပြုစုကြသော ကလေးစာပေ အမြောက်အမြား ထွက်လာ၏။

၁၉၅၃-၅၅ ခုနှစ်ဝန်းကျင်သည် ကလေးစာပေလှုပ်ရှားမှု အရှိန်အဟုန်ကြီးမားသောအချိန်ဖြစ်ပြီး စာပေဗိမာန်က ပုံဝတ္ထုစာစဉ်များ၊ နိုင်ငံတကာ ကလေးပုံပြင်များကို ထုတ်ဝေသကဲ့သို့ မြဝတီပုံနှိပ်တိုက်မှ ကလေးဂျာနယ်၊ မြတ်လုလင်ဂျာနယ်နှင့် ပုဂ္ဂလိကပိုင်းမှ ကာတွန်းအောင်ရှိန်၏ ပေါ်ပြူလာ၊ မော်ဒန်ကာတွန်းစာအုပ်များ ပေါ်ထွက်လာသည်။ ၁၉၅၂ ခုနှစ် စာပေဗိမာန်မဂ္ဂဇင်း ထုတ်ဝေသည့်အခါ အတွဲ ၁၊ အမှတ် ၁ တွင် ကလေးရိပ်သာကဏ္ဍတစ်ခုဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင် ရှေ့ဆောင်လူငယ်ဂျာနယ်၊ ဒို့ကျောင်းသား၊ တေဇရုပ်စုံ၊ မိုးသောက်ပန်း၊ ရွှေသွေးဂျာနယ်၊ ရွှင်ပြုံးစသည့်ဂျာနယ်များ ထွက်ရှိသည်။

## ကလေးစာပေစာတမ်းဖတ်ပွဲများ

စာပေဗိမာန်သည် ကလေးစာပေ ဖွံ့ဖြိုးရေးအတွက် ကလေးစာပေစာတမ်းဖတ်ပွဲများကို သုံးကြိမ် ကျင်းပခဲ့သည်။ ကလေးစာပေနှီးနှောဖလှယ်ပွဲကို ၁၉၆၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်နေ့အထိ စာပေဗိမာန်ခန်းမဆောင်တွင် ကျင်းပခဲ့သည်။ ထိုနှီးနှောဖလှယ်ပွဲ၌ ဒေါက်တာမောင်ဖြူးက 'ကလေး စာပေ-ကမ္ဘာနှင့် မြန်မာ့အခြေ' အမည်ရှိစာတမ်းကိုလည်းကောင်း၊ ဦးဝန်က 'မြန်မာကလေး စာပေသမိုင်း' အမည် ရှိ စာတမ်းကိုလည်းကောင်း၊ လူထုဦးလှက 'ယနေ့မြန်မာကလေးစာပေ'အမည်ရှိ စာတမ်းကိုလည်းကောင်း တင်သွင်းပြီးနှီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြသူများက ထိုစာတမ်းများကို အခြေပြု၍ ဆွေးနွေးဝေဖန်အကြံပေးကြသည်။

ကလေးလူငယ်စာပေနှီးနှောဖလှယ်ပွဲကို စာပေဗိမာန်က ကြီးမှူး၍ ၁၉၇၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ ဂျူဗလီဟောတွင် ကျင်းပသည်။ နှီးနှောဖလှယ်ပွဲတွင် မောင်ကျော်သာက 'ကလေးလူငယ်စာပေလှုပ်ရှားမှု'၊ တင်မိုးက 'ကလေးလူငယ်ကဗျာ'၊ ဦးဘကြည်က 'ကလေးစာပေ သရုပ်ဖော်နှင့် ကာတွန်း'၊ အောင်သင်းက 'ကလေးလူငယ် စာပေတွင် ပုံပြင်၏ကဏ္ဍ'၊ တက္ကသိုလ် မောင်အောင်ဆွေက 'ခေတ်သစ်ဟန် ပုံဝတ္ထု'၊ မောင်ကောင်းမြင့်က 'ကလေးလူငယ် သုတစာပေ'၊ ဒေါ်မြတ်မွန်က'ကလေးလူငယ်နှင့် စာပေစိတ်'၊ မင်းယုဝေက 'နိုင်ငံခြားကလေးလူငယ် စာပေလေ့လာချက်' စာတမ်းများကို အသီးသီးဖတ်ကြား တင်သွင်းခဲ့သည်။

စာပေဗိမာန်က ကြီးမှူး၍ 'စာပေဗိမာန် စာပေဟောပြောပွဲ (ကလေးစာပေ)'ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (A) ခန်းမ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ဒေါက်တာဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး စာရေးဆရာ၊ ကဗျာဆရာ၊ သီချင်းရေးဆရာ မောင်ယဉ်မှူးက'တိမ်ကောနေတဲ့ ကလေးကဗျာများ'၊ စာရေးဆရာ တက္ကသိုလ် မောင်အောင်ဆွေက 'ကလေးဝတ္ထု ဘယ်လိုရေးမလဲ'၊ ကဗျာဆရာ၊ စာရေးဆရာ သူရဇော်က'ရွှေရတုတိုင်ခဲ့ပြီဖြစ်သည့် ကလေးစာပေလမ်းကြောင်း'ကို ဟောပြောခဲ့ကြသည်။ ကလေးစာပေဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားစာပေဆုတွင် ကလေးစာပေဆု ထည့်သွင်းချီးမြှင့်ခဲ့သည်။ စာပေဗိမာန်စာမူဆုတွင် ကလေးစာပေဆုကို ပထမ၊ ဒုတိယ၊ တတိယ ချီးမြှင့်ခဲ့သည်။ ထို့အပြင် ကလေးများအတွက် ရည်ရွယ်သည့် ရွှေသွေးစာစောင်ကို အပတ်စဉ်ထုတ်ဝေ လျက်ရှိရာ ယခုဆိုလျှင် နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီး ရွှေရတု ကာလသို့တိုင်ခဲ့ပြီ ဖြစ်သည်။

## ကလေးစာပေပွဲတော်

ပြန်ကြားရေးဝန်ကြီးဌာနကကြီးမှူးပြီး အခြားဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး၊ ကလေးများ စာဖတ်ခြင်းအလေ့အထကို မွေ့လျော်စေရေးတို့အတွက် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့မှ စတင်ပြီး ၂၀၁၉ ခုနှစ်အထိ "ကလေးစာပေပွဲတော်" များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျင်းပပေးလျက်ရှိသည်။ နိုင်ငံတော်အဆင့် ကိုးကြိမ်၊ ခရိုင်အဆင့် (၄၃) ကြိမ်၊ ဒေသအစီအစဉ်ဖြင့် (၂၆) ကြိမ် စုစုပေါင်း (၇၈) ကြိမ် ကျင်းပနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ဆက်လက်၍ ကျင်းပလျက်ရှိသည်။ ထို့ပြင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကိုလည်း ရန်ကုန်တက္ကသိုလ် (၂၀၁၇ ခုနှစ်)၊ မန္တလေးတက္ကသိုလ် (၂၀၁၈ ခုနှစ်)၊ မကွေးတက္ကသိုလ် (၂၀၁၉ ခုနှစ်) တို့တွင် ကျင်းပနိုင်ခဲ့သည်။ ထိုပွဲတော်များတွင် စာပေဆိုင်ရာ လှုပ်ရှားမှုများအဖြစ် ပုံဆွဲ၊ ပန်းချီပြိုင်ပွဲများ၊ စာပေစကားဝိုင်း၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ စာအုပ်များ ခင်းကျင်းရောင်းချခြင်းများကိုပါ ထည့်သွင်းကျင်းပခဲ့သည်။

ယနေ့ခေတ်တွင် နိုင်ငံတကာစံနှုန်းမီ ကလေးစာအုပ်များ၊ ကလေးဂျာနယ်၊ မဂ္ဂဇင်းများအပြင် မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့်ဖော်ပြသော ကလေးစာအုပ်များလည်း ထွက်ရှိနေပြီဖြစ်သည်။ ယဉ်ကျေးလိမ္မာ၊ ပုတက်၊ တတိုင်းမွှေး၊ ဇော်ကလေးဂျာနယ်၊ မိုးသောက်ပန်း၊ တေဇရုပ်စုံ၊ ပလုတ်တုတ်၊ Happy Times မဂ္ဂဇင်း၊ အလိမ္မာကလေးမဂ္ဂဇင်း၊ ရတနာပန်းခင်းမဂ္ဂဇင်း စသည့် စာစောင်များ ထွက်ရှိနေသည်။

ယခုအခါ ပုံနှိပ်ထုတ်ဝေလျက်ရှိသော စာအုပ်များသာမက အွန်လိုင်းပေါ်တွင်ပါ အဆမတန် မြောက်မြားစွာသော စာအုပ်စာပေများ မှိုပေါက်သလို ပေါ်ထွက်ဖြန့်ချိနေကြပြီဖြစ်ရာ စာကောင်းပေကောင်းများ ပေါ်ပေါက်လာသကဲ့သို့ တစ်ဖက်မှလည်း ညစ်ညမ်းသောစာပေ၊ အတွေးအခေါ် မှားစေနိုင်သော စာပေများ၊ ရက်စက်ကြမ်းကြုတ်သော စာပေများလည်း ရောနှောလျက်ရှိသည်။ အထူးသဖြင့် ကလေးများသည် တွေ့မိ ဖတ်မိမှတ်မိသောစာများကို သူတို့၏ နုနယ်ကြည်လင်လျက်ရှိနေသေးသော စိတ်ထဲ၌ အမှန်တကယ်ကိစ္စများဟု ယူဆပြီး ဦးနှောက်ထဲတွင် တစ်သက်တာလုံး မြဲမြံစွာ စွဲကပ်နေလေ့ရှိသည်။ ထို့ကြောင့် ကလေးများ အရွယ်မရောက်မီသော်လည်းကောင်း၊ ဝေဖန်တတ်သော အရည်အချင်း မပြည့်မီသော်လည်းကောင်း၊ အတွေးအခေါ်မရှိသေးမီသော်လည်းကောင်း အဆိုပါ မသင့်တော်သော စာပေများ၏ ဘေးအန္တရာယ်မှ ကင်းလွတ်စေခြင်းငှာ ကလေးစာပေကို စာရေးဆရာ၊ ထုတ်ဝေသူများက ဂရုပြု၍ သီးခြားရေးသားထုတ်ဝေနိုင်မည်ဆိုလျှင် နိုင်ငံ့ရင်သွေးကလေးသူငယ်များအတွက် အထူးကောင်းကျိုးသက်ရောက်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။ ။

**ကျမ်းကိုး** – (၁) မြန်မာ့စွယ်စုံကျမ်း
– (၂) ကလေးလူငယ်စာပေ (စာတမ်း)
– (၃) မလိခ မြန်မာအဘိဓာန်

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၄**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (၂၀၂၀-၂၀၂၁) ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်(၂၀၂၀-၂၀၂၁) ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

### လုပ်ငန်းအပ်နှံဆောင်ရွက်

အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပညာရေးဝန်ကြီးဌာန၏ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက အစဉ်အမြဲ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေမှု၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်နိုင်သည့်အရေအတွက်ထက် ကျော်လွန်သည့်စာအုပ်များကို ပုဂ္ဂလိက ပုံနှိပ်လုပ်ငန်းရှင်များထံ တင်ဒါစိစစ်ရေးကော်မတီမှတစ်ဆင့် တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ငန်းအပ်နှံဆောင်ရွက်နေမှုနှင့် နောင်လာမည့် ပညာသင်နှစ်များအတွက် ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် ယခုအစည်းအဝေးအား ကျင်းပရခြင်းဖြစ်သည်ကို ပြောကြားသည်။

### အရည်အသွေးပိုမိုကောင်းမွန်

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန၌ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများ စသည်ဖြင့် အခြေခံပညာ ကျောင်းသားကျောင်းသူ ၉ ဒသမ ၇ သန်း ကျော်ရှိမှု၊ အခြေခံပညာကျောင်းသား ကျောင်းသူများအတွက် နှစ်စဉ်ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ပေးခြင်း၊ ဖြန့်ဝေပေးခြင်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ပေးနေမှု၊ သင်ရိုးသစ်များပြုစုရေးဆွဲရာတွင် နိုင်ငံတကာ သင်ရိုးညွှန်းတမ်းများနှင့်အညီ အရည်အသွေးပြည့်မီစေရန် အချိန်ယူဆောင်ရွက်နေမှု၊ ပုံနှိပ်မှုလုပ်ငန်းများ၊ ဖြန့်ဝေမှုလုပ်ငန်းများ နှောင့်နှေးနိုင်သည့်အတွက်လည်း အချိန်မီပြီးစီးနိုင်စေရန် ပညာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို နှစ်စဉ်နှစ်တိုင်း ရိုက်နှိပ်ဖြန့်ချိရာတွင် တစ်နှစ်ထက်တစ်နှစ် အရည်အသွေး ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို ပြောကြားသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ အတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းတို့က (၂၀၂၀-၂၀၂၁) ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန်နှင့် နောင်လာမည့် ပညာသင်နှစ်များအတွက် လုပ်ငန်းဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကျောင်းသုံးစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရေးလုပ်ငန်းများ ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်သွားသင့်သည့် လုပ်ငန်းအစီအမံများကို အကြံပြုဆွေးနွေးသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် အစည်းအဝေး တက်ရောက်လာကြသူများက အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

သတင်းစဉ်

# လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ Pen Myanmar အဖွဲ့နှင့် ပြည်ကြီးခင်အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။



### ဒီမိုကရေစီ၏အုတ်မြစ်

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်သည် လူ့အခွင့်အရေး၏ တန်ဖိုးတစ်ရပ်ဖြစ်သကဲ့သို့ ဒီမိုကရေစီ၏အုတ်မြစ် ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရထိုက်သောလူတစ်ဦးချင်း၏ အခြေခံအခွင့်အရေး၊ အခြေခံရပိုင်ခွင့်လည်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(က)တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အသိအမှတ်ပြုထည့်သွင်းပြဋ္ဌာန်းထားပါကြောင်း။

တက်ရောက်လာကြသူများအနေဖြင့် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ ယခုဆွေးနွေးပွဲမှရရှိသည့် အသိအမြင်အယူအဆများကို အသုံးချကာ မိမိတို့ပတ်ဝန်းကျင်၌ ထိတွေ့ဆက်ဆံရာတွင်ဖြစ်စေ၊ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အတွင်း လုပ်ကိုင်ဆောင်ရွက်ရာတွင်ဖြစ်စေ ဆက်စပ်တွေ့ကြုံလာနိုင်သည့် ဖြစ်စဉ်များ၊ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာ၌ လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ကို မှန်ကန်စွာကျင့်သုံးခြင်း၊ မှန်ကန်စွာကျင့်သုံးနိုင်အောင် အားပေးခြင်းနှင့် ထိန်းကျောင်းတည့်မတ်ပေးခြင်းတို့ဖြင့် နိုင်ငံ့အကျိုး၊ လူ့အဖွဲ့အစည်းကောင်းကျိုးများအတွက် အကောင်းဆုံးဖြစ်အောင် ကျင့်သုံးဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် Pen Myanmar ဥက္ကဋ္ဌ ဦးညီပုလေးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၁၉) ပါ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဟန်တို့က သတင်းအချက်အလက်ရပိုင်ခွင့် ဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် Pen Myanmar မှ ဒါရိုက်တာ ဦးဟန်ဇော်နှင့် Pen International Director မသီတာ(စမ်းချောင်း)တို့က စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ကြီးခင်အဖွဲ့မှ တာဝန်ရှိသူများက သတင်းအချက်အလက်ရပိုင်ခွင့်ဆိုင်ရာကိစ္စများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

သတင်းစဉ်



# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ နေပြည်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မတ် ၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များသည် နေပြည်တော်သို့ လေ့လာရေးခရီးအဖြစ် မတ် ၄ ရက်မှ ၆ ရက်အထိ သုံးရက်တာ လာရောက်လည်ပတ်ကြခြင်းဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။ အဆိုပါအဖွဲ့တွင် ကယန်းနှင့် ကရင်ဖြူ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ မကွေးတိုင်းဒေသကြီးရှိ အရှိုချင်း၊ ဥ(ပ်)ပူး၊ ဟားခါး(လိုင်)၊ ဇိုတုန် ဒါးရင်ဒူး၊ ချို(ချင်း)၊ ယော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှိ ဂုံရှမ်း၊ လီရှမ်း၊ တိုင်းနေ၊ ရှမ်းကြီး၊ တိုင်းလွယ်၊ လားဟူ၊ အာခါ၊ တအာင်း(ပလောင်)၊ ဗမာ၊ "ဝ"၊ အားခေါ၊ အဲန်၊ ကွီ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များမှ တိုင်းရင်းသားများ ပါဝင်ကြောင်း သိရသည်။

တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များသည် လေ့လာရေးခရီးစဉ်တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်/တိရစ္ဆာန်ဥယျာဉ်၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ ငလိုက်ဆည်ဆင်စခန်းတို့သို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ထိန်နန်နော်(သတင်းစဉ်)**



# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၄**

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဖွဲ့ ဒုတိယအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဘဒ္ဒန္တ အဂ္ဂဓမ္မက သဘာပတိ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက် အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသီလာစာရာဘိဝံသက အခမ်းအနားမှူး ဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူကြသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာသည်။

**ရှင်းလင်းပြန်ကြား**

ထို့နောက် ဖြန့်ဝေဆက်ကပ်ထားသော အစီအစဉ်တွင်ပါရှိသည့်အတိုင်း အစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်း လျှောက်ထားပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများက တင်ပြလာသော အကြံညာဏ်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာစာရနှင့် သာသနဓဇ ဓမ္မာစရိယ ဝိနယဓရ၊ Ph.D ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရတို့က ရှင်းလင်းပြန်ကြားကာ နံနက်ပိုင်းအစည်းအဝေးကို ရပ်နားသည်။

**ဆွေးနွေးဆုံးဖြတ်တော်မူ**

မွန်းလွဲပိုင်းတွင် သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်း သင်တန်းသား ဆရာတော်များက အကြံပြုတင်ပြလျှောက်ထားလာသည့် ကိစ္စရပ်များ၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အထက်၊ အောက် တွေ့ဆုံညှိနှိုင်းပွဲများ ပြုလုပ်ရေး တင်ပြလျှောက်ထားလာသည့် ကိစ္စရပ်များ၊ သံဃနာယက အဆင့်ဆင့် အစားထိုးရွေးချယ်ရာ၌ သက်တမ်းသတ်မှတ်ချက်နှင့် ပတ်သက်၍ စိစစ်ရေးအဖွဲ့ ဖွဲ့စည်းရန်ကိစ္စ တင်ပြ လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် ပျံလွန်တော်မူသွားသော မဟာဒွါရဂိုဏ်းဆိုင်ရာ နိုင်ငံတော် သံဃမဟာနာယကဆရာတော်နေရာအတွက် အစားထိုး ရွေးချယ်ခံရသည့် နိုင်ငံတော် သံဃမဟာနာယကဆရာတော်၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာကို ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကဏ္ဍအလိုက် ကိုယ်စားလှယ် ဆရာတော်များက ဆွေးနွေးကြသည်။

**အစည်းအဝေးကိုရပ်နား**

တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မာစာရက ပြန်လည်ရှင်းလင်း လျှောက်ထားပြီး ဒုတိယနေ့ အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် အမှတ် ၃၃ ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်နေ မိခင်ကြီး ဒေါ်တင်ဝင်းရီအား အမှူးထား၍ ဗိုလ်မှူးကြီးသိန်းငွေး (ငြိမ်း)–ဒေါက်တာမြသီတာ (သီဟသုဓမ္မသိင်္ဂီ) မိသားစုက ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

သတင်းစဉ်

## ဆရာတော် ဘဒ္ဒန္တခေမိန္ဒ မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ပုဂံတောင်ကျေးရွာ အုဋ္ဌဖိုပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တခေမိန္ဒ မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၈)နှစ်၊ သိက္ခာတော် (၆၈) ဝါအရ ၁၃၈၁–ခုနှစ် တပေါင်းလဆန်း (၁၀)ရက်၊ မတ် ၃ ရက် အင်္ဂါနေ့၊ မွန်းလွဲ(၃ နာရီ ၃၇ မိနစ်)တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပုဂံတောင်ကျေးရွာ အုဋ္ဌဖိုကျောင်းပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

| | |
|---|---|
| **ဖွားမြင်တော်မူခြင်း** | – ဆရာတော်လောင်းလျာသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပုဂံတောင်ကျေးရွာ၊ ခမည်းတော် ဦးဘိုးကင်း၊ မယ်တော်ဒေါ်အေးမြိုင်တို့မှ ၁၂၉၄–ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။ |
| **ရှင်ရဟန်းပြုတော်မူခြင်း** | – ဆရာတော်လောင်းလျာသည် ၁၃၀၇–ခုနှစ်တွင် သန်လျင်မြို့နယ်၊ အုဋ္ဌဖိုကျောင်းဆရာတော်ထံ၌ ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့ပြီး ၁၃၁၃–ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့တွင် ပုဂံတောင်ရွာ၊ အုဋ္ဌဖိုကျောင်းခဏ္ဍသိမ်၌ ဆရာတော် ဘဒ္ဒန္တနိပုဏကို ဥပဇ္ဈာယ်ပြု၍ မိဘဆွေမျိုး၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ |
| **ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း** | – ဆရာတော်သည် ပုဂံတောင်ရွာ၊ အုဋ္ဌဖိုကျောင်း ဆရာတော်၊ ရန်ကုန်မြို့၊ ဗားကရာတောရကျောင်း ဆရာတော်၊ အလယ်တောရကျောင်းတိုက် ဆရာတော်၊ မန္တလေးမြို့၊ ဝေယံဘုံသာကျောင်းတိုက်ဆရာတော်၊ မစိုးရိမ်ကျောင်းတိုက် ပဋ္ဌာန်းဆရာတော်များထံ၌ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။ |
| **သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း** | – ဆရာတော်သည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ် လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။ |
| **ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း** | – ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော အများပြည်သူ ရဟန်းရှင်တို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူခြင်း၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ (၃)ပါးတို့ဖြင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၂၀၀၇–ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ |
| **ဘဝနတ်ထံ ပျံလွန်တော်မူခြင်း** | – ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၈၈)နှစ်၊ သိက္ခာတော် (၆၈)ဝါအရ ၁၃၈၁–ခုနှစ်၊ တပေါင်းလဆန်း (၁၀) ရက်၊ (၃–၃–၂၀၂၀)၊ အင်္ဂါနေ့၊ မွန်းလွဲ (၃:၃၇) နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ |

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနား ကျင်းပမှုအား ခေတ္တဆိုင်းငံ့ထား

**ရန်ကုန် မတ် ၄**

၂၀၁၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရန် စီစဉ်ထားရှိမှုအား ခေတ္တဆိုင်းငံ့ထားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ပြောကြားသည်။

"မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို မတ်လမှာ မလုပ်တော့ဘဲ သင်္ကြန်အပြီး မေလ လဆန်းပိုင်းလောက်မှပဲ စီစဉ်သွားဖို့များတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ပြောသည်။

COVID–19 နှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနတို့၏ အသိပေးနှိုးဆော်ပန်ကြားချက်များအရ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ အစည်းအဝေးက ထိုသို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးနာယကကြီးတွေ၊ အမှုဆောင်တွေ၊ ပွဲတော်ကျင်းပရေးအတွက် ပံ့ပိုးကူညီပေးမယ့် Bella ကုမ္ပဏီမှ တာဝန်ရှိသူတွေ၊ ကျင်းပရေးတာဝန်ခံတွေ အစည်းအဝေးမှာ အဘက်ဘက်ကသုံးသပ်ပြီး ဆုံးဖြတ်လိုက်တာပါ"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဦးဇော်မြင့်ဦးက ပြောသည်။

အဆိုပါ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ ကျင်းပမည့် အချိန်နှင့် နေရာကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ထပ်မံအသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်သူဇာမင်း(FDC)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၆၀ ရေရှားပါးမှုဖြစ်နိုင်သည့်အတွက် နွေရာသီ ရေရှားပါးပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်မည်

**မုံရွာ မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၁ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုတို့တွင် နွေရာသီရေရှားပါးနိုင်သည့် ခရိုင်ကိုးခရိုင်မှ မြို့နယ်ပေါင်း ၁၇ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၀ ကို သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက ပြောကြားသည်။

အဆိုပါ ကျေးရွာများမှာ အပေါ်ယံရေအောင်းလွှာသာရှိသဖြင့် ရေရှားပါးနိုင်သည့် ကျေးရွာ စုစုပေါင်း ၄၀၊ တွင်းနက်များသာရှိသော်လည်း ရေလုံလောက်မှုမရှိ၍ ရေရှားပါးနိုင်သည့် ကျေးရွာစုစုပေါင်း ၁၁ ရွာ၊ တွင်းနက်များ တူးဖော်ရသော်လည်း ရေမသန့်၍ ရေရှားပါးနိုင်သည့် ကျေးရွာစုစုပေါင်း ခုနစ်ရွာ၊ တွင်းနက်များတူးဖော်မရ၍ ရေရှားပါးနိုင်သည့် ကျေးရွာ နှစ်ရွာ စသည့် ကျေးရွာများကို သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယင်းနောက် ရေရှားပါးနိုင်သည့် မြို့နယ်ပေါင်း ၁၇ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၀ ကို မီးသတ်ဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီတို့က ရေကားများဖြင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရေကားများအတွက် ကုန်ကျမည့် ဆီ ၁၀၃၇၉ ဂါလန်အတွက် ခန့်မှန်းကုန်ကျမည့် ငွေကျပ် ၄၄ ဒသမ ၇၆၅၃ သန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်ပေါင်း ၁၂ ခရိုင် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အပါအဝင်) ရှိပါကြောင်း၊ မြို့နယ်ပေါင်း ၃၇ မြို့နယ်ရှိသည့်အနက် ကျေးရွာပေါင်း ၅၉၉၅ ရွာထဲမှ ရေရှားပါးမှုထပ်မံဖြစ်ပေါ်ပါက မိမိတို့ဌာနအနေဖြင့် ရေကားများအတွက် ကုန်ကျမည့် ဆီတန်ဖိုးကို ထပ်မံတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းကျော်မျိုးက ပြောကြားသည်။

**မွေးကြူဇင်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းစည်းဝေး



**နေပြည်တော် မတ် ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်အစည်းအဝေးများတွင် အဆို၊ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်၍ ဖြေကြားခဲ့ပြီး ဖြစ်ပေါ်ခဲ့သော ကတိကဝတ်များကို လာမည့်လများအတွင်းပြီးစီးအောင် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပထမပုံမှန်အစည်းအဝေးမှ (၁၃)ကြိမ်မြောက် အစည်းအဝေးအထိ ပြည်သူ့လွှတ်တော်ဆိုင်ရာ ကတိကဝတ် စုစုပေါင်း (၅၇၃) ခုရှိသည့်အနက် ဆောင်ရွက်ပြီး (၃၁၅) ခုနှင့် ဆောင်ရွက်ဆဲ (၂၅၈) ခု၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ကတိကဝတ်စုစုပေါင်း (၂၅၂) ခု အနက် ဆောင်ရွက်ပြီး (၁၁၈) ခုနှင့် ဆောင်ရွက်ဆဲ (၁၃၄) ခုရှိနေသည်ကို တွေ့ရှိရပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြတောင်းခံထားသောကိစ္စရပ်များသည် ပြည်သူများအကျိုးကို ရည်မျှော်၍ တောင်းဆိုထားခြင်းဖြစ်၍ မိမိတို့ဝန်ကြီးဌာနကလည်း အလေးအနက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ စံကိုက်ဖွဲ့စည်းခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးချဲ့ဖွင့်လှစ်ခြင်းနှင့်ဆိုင်သော ကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းနေသောကိစ္စရပ် (၁၃၃)ခု၊ စီမံကိန်းနှင့်ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့တင်ပြ၍ ညှိနှိုင်းပေးသောကိစ္စရပ် (၂၆၂)ခု၊ ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန ဘဏ္ဍာရေးဆိုင်ရာ သဘောထားမှတ်ချက် ညှိနှိုင်းထားသောကိစ္စရပ် (၃)ခုနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားမှု (၁၉)ခု စုစုပေါင်း ကိစ္စရပ် (၄၁၇)ခု ရှိနေပါကြောင်း။

ဆောင်ရွက်ဆဲနှင့်ဆောင်ရွက်ရန် ကျန်ရှိနေသော လွှတ်တော်ကတိကဝတ်အများစုသည် ဖွဲ့စည်းပုံ တိုးချဲ့ပြင်ဆင်ခြင်းလုပ်ငန်းအများစုဖြစ်နေသည်ကို တွေ့ရှိရပြီး သတ်မှတ်ထားသော လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း။

ဆောင်ရွက်ရန်ကျန်ရှိနေသော ကတိကဝတ်များကို အမြန်ဆုံးအကောင်အထည်ဖော် ပြီးစီးရေးအတွက် သက်ဆိုင်ရာဦးစီးဌာနအသီးသီးအနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်အလိုက် တာဝန်များအတိအကျ ခွဲဝေသတ်မှတ်၍ လာမည့်လများအတွင်း ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တာဝန်ခံပုဂ္ဂိုလ်များအနေဖြင့် ဆောင်ရွက်ရန်အတွက် လိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြပေးရန်ဖြစ်ကြောင်း။

မြေယာပိုင်ဆိုင်မှုပြဿနာ၊ ဆောက်လုပ်ရေး ကန်ထရိုက်ဆိုင်ရာ ပြဿနာများနှင့် ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်အချို့သည် ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်အာဏာအတွင်း မရှိသည်ကိုလည်း သိရှိပါကြောင်း၊ အဆိုပါကိစ္စရပ်များကို အစိုးရအဖွဲ့သို့ တင်ပြပေးသွားမည်ဖြစ်ပါကြောင်း။

ထို့အပြင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အစည်းအဝေးများ၌ လွှတ်တော်ကိုယ်စားလှယ်များမှ ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန/ ဌာနခွဲအသစ်ဆောက်လုပ်ပေးရန်၊ ဖွဲ့စည်းပုံတိုးချဲ့မြှင့်တင်ပေးရန် ကိစ္စရပ်များကို မေးမြန်းတင်ပြတောင်းဆိုသည့်အခါမှ ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ရှုထောင့်၊ ကုသရေးပိုင်းဆိုင်ရာ ရှုထောင့်၊ နယ်မြေဒေသ အခြေအနေများကို ဘက်စုံစဉ်းစားပြီး အမှန်လိုအပ်ချက်များကို ဦးစားပေးအစီအစဉ်ဖြင့်တင်ပြရန် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများထံ အကြောင်းကြားထားပြီးဖြစ်ကာ ဝန်ကြီးဌာနမှလည်း အမှန်တကယ်လိုအပ်သည့် အဆောက်အဦသစ်နှင့် ဖွဲ့စည်းပုံများကို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လွှတ်တော်ကတိကဝတ်များကို ပြီးစီးအောင် ဆောင်ရွက်ရန် အရေးကြီးသည့်နည်းတူ ကမ္ဘာ့ဘဏ်ချေးငွေ၊ အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ၊ Global Fund ရန်ပုံငွေနှင့် Gavi ရန်ပုံငွေတို့ကို ထိရောက်အကျိုးရှိစွာ သတ်မှတ်အချိန်အတွင်း သုံးစွဲနိုင်ရေးနှင့် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးတို့အတွက် တာဝန်ရှိသူများမှ စောင့်ကြပ်ကြည့်ရှုစီမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လွှတ်တော် ကတိကဝတ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်များ၊ အခက်အခဲနှင့်စိန်ခေါ်မှုများနှင့် အမြန်ဆုံးပြီးစီးစေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ဦးစီးဌာနအသီးသီးမှ လွှတ်တော်ကတိကဝတ်များနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။ **သတင်းစဉ်**

# မောင်တောခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလုပ်ငန်းအဖွဲ့၏ ကွင်းဆင်းတွေ့ရှိမှုများ အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး



**နေပြည်တော် မတ် ၄**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးအတွက် နိုင်ငံတော်အစိုးရ၊ UNDP၊ UNHCR တို့အကြား ချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာအရ သက်ဆိုင်သည့် ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ UNDP၊ UNHCR တို့မှ ကိုယ်စားလှယ်များပါဝင်သော နည်းပညာလုပ်ငန်းအဖွဲ့၏ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များအတွင်း ကွင်းဆင်းလေ့လာတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးကို ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ တွဲဖက်အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်နှင့် UEHRD အဖွဲ့ဝင်များ၊ နည်းပညာလုပ်ငန်းအဖွဲ့ (TWG) ၏ အစိုးရဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အစိုးရအနေဖြင့် စတင်တာဝန်ယူစဉ်ကပင် အပြောင်းအလဲကို ဖော်ဆောင်ရန် ကြိုးပမ်းလျက်ရှိရာ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စတင်ဦးစားပေးဆောင်ရွက်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မေလမှစတင်၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှု တိုးတက်ရေးအတွက် ဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ အကောင်အထည်ဖော်ရာ၌ ဒေသ၏ အခြေခံလိုအပ်ချက်များကို ဖော်ထုတ်ပြီး ဆောင်ရွက်ပါက ပိုမိုမြန်ဆန်အောင်မြင်နိုင်မည်ဖြစ်သဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းပြီး လေ့လာသုံးသပ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နေစဉ် ၂၀၁၆ ခုနှစ် အောက်တိုဘာလ၌ ARSA အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်ခဲ့မှုစတင်ခဲ့ပြီး အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ တင်သွင်းပြီးနောက် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ထပ်မံ၍ ARSAအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဆိုးရွားစွာ ကြုံတွေ့ခဲ့ရပြီး လုပ်ငန်းစဉ်များ နှောင့်နှေးခဲ့ရသော်လည်း လိုအပ်ချက်အရ လူသားချင်း စာနာမှုအကူအညီ အထောက်အပံ့ပေးနိုင်ရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ရေရှည်ပဋိပက္ခကင်းဝေးရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နိုင်ငံတော်က ဦးဆောင်သည့် UEHRD ကို ဖွဲ့စည်းပြီး ဆက်လက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ အကြမ်းဖက်မှုဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး နိုင်ငံတကာက ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေးအတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်ကာ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အချက် ၄၈ ချက်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက် (၈၈) ချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ဤကာလအတွင်း မိမိတို့၏ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် နိုင်ငံတကာတွင် အထင်အမြင်လွဲမှားစေမှုများ၊ အကြမ်းဖက် တိုက်ခိုက်မှုများ၏ နောက်ဆက်တွဲ ဖြစ်စဉ်များတို့ကြောင့် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းအကောင်အထည်ဖော်မှုများကို ပြည်သူသို့ အစီရင်ခံစာ ငါးကြိမ် ထုတ်ပြန်ခဲ့ပြီး ကုလသမဂ္ဂအဖွဲ့နှင့်ပူးပေါင်းကာ ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်ချက် (Rakhine Joint Assessment) ကို လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်စေရေးတို့အတွက် ရည်ရွယ်လျက် ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ်များရှိ ကျေးရွာ ၁၃၀ ၌ ဆောင်ရွက်ခဲ့ပါကြောင်း။

အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် အခက်အခဲစိန်ခေါ်မှုများရှိသဖြင့် ပြည်တွင်း ပြည်ပ ပညာရှင် ငါးဦး ပါဝင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ကို ထပ်မံဖွဲ့စည်းပြီး ပိုမိုထိရောက်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ အကြမ်းဖက်မှုကြောင့် တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတကာက စွပ်စွဲမှုများရှိသည့်အတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE)ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ယခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ICOE အစီရင်ခံစာပါ အကြံပြုချက်များကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အာဆီယံ၏ပူးပေါင်းပါဝင်မှုအနေဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး ( AHA Centre)နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများ အားလုံးအတွက်လည်း နိုင်ငံတော်၏ MCCT အစီအစဉ်၊ သက်ကြီးလူမှုရေးပင်စင်နှင့် မသန်စွမ်းသူများထောက်ပံ့ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများကို ကြည့်ရှုခြင်းအားဖြင့် မိမိတို့အနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများကို ၂၀၁၆ ခုနှစ်မှစ၍ ဆက်တိုက် အကောင်အထည်ဖော်ခဲ့ကြသည်ကို ပြောကြားလိုခြင်းဖြစ်ပါကြောင်း၊ ထိုသို့စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ယနေ့အစည်းအဝေးသည် ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်တွင် နိုင်ငံတော်အစိုးရ၊ UNDP၊ UNHCR တို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ထိုး၍ Quick Impact Project (QIPs) ကိုဆောင်ရွက်ခဲ့မှု၏ ထိရောက်အောင်မြင်မှုများကို ဆန်းစစ်ရန်ဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်မည့် UEHRD နှင့် နိုင်ငံတကာအဖွဲ့အစည်းများက ရလဒ်ကောင်းများ ရရှိအောင် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း၊ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ အစဉ်တစိုက် ဆောင်ရွက်ရမည့် လူမှုအဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ကော်မတီတွဲဖက်အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်တို့က နည်းပညာလုပ်ငန်းအဖွဲ့ (TWG) ၏ ဆန်းစစ်အကြံပြုချက်များကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ စိန်ခေါ်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ UEHRD ကော်မတီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများဖြင့် သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရကြားတွင်သော်လည်းကောင်း၊ ဝန်ကြီးဌာနများ အချင်းချင်းသော်လည်းကောင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများကို အလေးထားဆောင်ရွက်နိုင်ရေး၊ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် စီမံချက်များအားလုံးကို Rakhine Projects Portfolio အဖြစ် စုစည်းထားနိုင်ရေး ကိစ္စများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေးက UNDP၊ UNHCR တို့မှ ပေးပို့လာသည့် အစီရင်ခံစာတွေ့ရှိချက် ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၉/ ၂၀၂၀)ကျင်းပ

**နေပြည်တော် မတ် ၄**

Coronavirus Disease 2019 (COVID–19) လတ်တလောအသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၂၉/၂၀၂၀) ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။



**ဖြည့်ဆည်းဆောင်ရွက်လျက်ရှိ**

အစည်းအဝေး၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုအချိန်တွင် မိမိတို့နိုင်ငံ၌ COVID–19 ရောဂါဖြစ်ပွားသူ မတွေ့ရှိရသေးသည့်အချက်ကိုကြည့်၍ ကျေနပ်နေ၍ မရပါကြောင်း၊ အခြားနိုင်ငံများ၌ အချိန်တိုအတွင်း များပြားစွာ ဖြစ်ပွားနေသည်ကို တွေ့ရှိရသည့်အတွက် မိမိတို့အနေဖြင့် ဆောင်ရွက်နေသော ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်လုံးဝမလျှော့ဘဲ အရှိန်အဟုန်ကို ပို၍ပင်တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့်လည်း COVID–19 ရောဂါသံသယလက္ခဏာရှိသောသူများအား ရှာဖွေဖော်ထုတ်၍ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် COVID–19 ရောဂါ ရုတ်တရက်ဖြစ်ပွားလာနိုင်သည်ဟူသော ခံယူချက်ကို နောက်ခံထား၍ မိမိတို့၏ဆေးရုံများတွင် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများအတွက် ပထမဦးစားပေးအနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ ဝယ်ယူမှုနှင့် လှူဒါန်းမှုများမှ ရရှိသော အသက်ရှူစက်များ၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံများ စသည်တို့ကို အရေးကြီးသည့်ဆေးရုံများသို့ လိုအပ်ချက်နှင့်အညီ အမြန်ဆုံး ဖြန့်ဝေလျက်ရှိပါကြောင်း။

ယခု COVID–19 ရောဂါ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေမှု သတင်းအချက်အလက်များကို ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒရှုထောင့်တို့မှသုံးသပ်ပြီး ဝန်ကြီးဌာနမှ ရေးဆွဲထားသော COVID–19 ရောဂါဖြစ်ပွားခြင်းကာကွယ် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်ကိုသာမက အခြားဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်များကို ဆန်းစစ်သုံးသပ်မှုများ အမြန်ဆုံးပြုလုပ်ကာ လိုအပ်သည်များကို ပြန်လည် ပြုပြင်မွမ်းမံရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် နီးနွှယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းပါဝင်မှု အခြေအနေများသည် ကောင်းမွန်နေသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ ဆောင်ရွက်ချက်များကို သတင်းမပြတ် ရရှိလျက်ရှိပါကြောင်း။

ညွှန်းပို့ဆေးရုံကြီးများအတွက် လိုအပ်သည့် ပြင်ဆင်ထားရှိမှုများ လုပ်ဆောင်ထားရှိသကဲ့သို့ အခြားသော တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများအတွက် လိုအပ်သည့်ပြင်ဆင်မှုများအား ဗဟိုအဆင့် တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဆေးရုံအုပ်ကြီးများ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့် ယခုအချိန်တွင် ရရှိသောလူအင်အား၊ ဘဏ္ဍာငွေနှင့် ဆေးဝါးပစ္စည်းကိရိယာများကို အသုံးချကာ ပြည်သူများ ရောဂါမဖြစ်ပွားစေရေးအတွက် ဆက်လက်၍ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဗဟိုအဆင့်တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအကြား တယ်လီဖုန်းနှင့် အင်တာနက်ဆက်သွယ်မှုလမ်းကြောင်းများ အသုံးပြုကာ tele/ video conferencing များဖြင့် ဆက်သွယ်ဆွေးနွေးမှုများ ပုံမှန်ပြုလုပ်နေခြင်းသည် ဤရောဂါကာကွယ်ထိန်းချုပ်မှုအတွက် အလွန်အရေးကြီးပြီး ထိရောက်သည့် ဆောင်ရွက်မှုတစ်ရပ်ဖြစ်ပါကြောင်း။

**အချိန်နှင့်တစ်ပြေးညီပေးပို့**

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးများ၊ နီးနွှယ်ဌာနများ၊ နိုင်ငံတကာ/ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု လက်ရှိအခြေအနေများအား ပိုမိုထိရောက်ကောင်းမွန်စေရန်အတွက် ဗဟိုအဆင့်၌ နေ့စဉ်အစည်းအဝေး ပြုလုပ်နေသကဲ့သို့ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၌ ရက်သတ္တပတ် (၁) ပတ်လျှင် (၂) ကြိမ်ခန့် ပြုလုပ်စေလိုပါကြောင်း၊ ဆုံးဖြတ်ချက်၊ အကြံပြုချက်များကိုလည်း ဗဟိုသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့စေလိုပါကြောင်း၊ ယခုအချိန်၌ လူစုလူဝေးများပြားသော ပွဲလမ်းသဘင်များကို တတ်နိုင်သမျှ မပြုလုပ်ရန်နှင့် မလွှဲမရှောင်သာ ပြုလုပ်ရပါကလည်း ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲကိစ္စရပ်များအားလည်း ထည့်သွင်းစဉ်းစား ချင့်ချိန်ရမည်ဖြစ်ပါကြောင်း၊ အကယ်၍ လူစုလူဝေး ပွဲလမ်းသဘင်များသည် ကောင်းကျိုးသက်ရောက်မှုရှိပြီး မဖြစ်မနေ ကျင်းပရမည်ဆိုပါကလည်း လူဦးရေ တတ်နိုင်သမျှ အနည်းဆုံးဖြင့်သာ ကျင်းပပြုလုပ်သွားရန်နှင့် ပွဲလမ်းသဘင်များ ကျင်းပမည်ဆိုပါကလည်း COVID–19 ရောဂါ ပညာပေးအချက်အလက်များနှင့် ပြည်သူလူထုအနေဖြင့် လိုက်နာဆောင်ရွက်ရန်များကို ပွဲမစမီ (၅) မိနစ်ခန့် အချိန်ယူ၍ ပြောကြားရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် ညှိနှိုင်းပြင်ဆင် ဆောင်ရွက်စေလိုကြောင်း။

**အရေးထားဆောင်ရွက်**

ပြည်သူများအနေဖြင့်လည်း ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတစ်မျိုးမျိုးဖြစ်ပွားနေပါက လူစုလူဝေးနေရာများ၊ ပွဲလမ်းသဘင်များသို့ သွားလာခြင်းမှ လုံးဝရှောင်ကြဉ်ကြရန်မှာ အရေးကြီးပါကြောင်း၊ လက်ကို စနစ်တကျပုံမှန်ဆေးကြောခြင်း၊ အရက်ပြန်ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုဆေးကြောခြင်း၊ ချောင်းဆိုးနှာချေပါက ဖုံးအုပ်ခြင်း၊ ချောင်းဆိုးနှာချေနေမကောင်းပါက ခွဲစိတ်ခန်းသုံးပါးစပ်နှာခေါင်းစည်း စနစ်တကျ အသုံးပြုခြင်းတို့သည် ဤရောဂါကာကွယ်မှုအတွက် အလွန်ထိရောက်သည့်အတွက် ၎င်းအချက်များအား အရေးထားပြီး ဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများသည် ကောင်းမွန်ပါကြောင်း၊ ဆက်လက်၍လည်း ပိုမို၍ ပါဝင်ဆောင်ရွက်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒရှုထောင့်တို့မှအပြင် လူမှုရေး၊ စီးပွားရေး၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေး စသည့် ရှုထောင့်စုံမှ စဉ်းစားကာ ပြည်သူများအတွက် အကျိုးရှိမည့် ဆုံးဖြတ်ချက်များ ဆက်လက်ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVID–19 ရောဂါနှင့်ပတ်သက်သည့် Daily Update Situation များ၊ ညွှန်းပို့ဆေးရုံများရှိ စောင့်ကြပ်ကြည့်ရှုလူနာများ၊ အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုမှုခံယူနေသူများ၏ ကျန်းမာရေးအခြေအနေများ၊ မန်းရွှေစက်တော်ဘုရားပွဲ ကျင်းပရာနေရာသို့ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ)၊ ညွှန်ကြားရေးမှူး (တာဝန်) (ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ)နှင့် တာဝန်ရှိသူများ ကွင်းဆင်းသွားရောက်၍ ပြည်သူ့ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒရှုထောင့်များမှ ဆန်းစစ်သုံးသပ်မှုများ ဆောင်ရွက်နေမှုအခြေအနေနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကွင်းဆင်းအားဖြည့် ဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ ညွှန်းပို့ဆေးရုံကြီးများနှင့် အခြားသောဆေးရုံကြီးများရှိ စောင့်ကြည့်လူနာများ၏ အခြေအနေများနှင့် ထူးခြားဖြစ်စဉ်များ၊ ဓာတ်ခွဲနမူနာ စစ်ဆေးထားရှိသည့် အခြေအနေများ၊ Quarantine လုပ်ငန်းများအတွက် လိုအပ်သည့် ဆရာဝန်၊ သူနာပြု အခြေခံဝန်ထမ်းအင်အား ပြင်ဆင်ထားရှိမှုအခြေအနေများ၊ COVID–19 ရောဂါ ဖြစ်ပွား/ သေဆုံးမှုမြင့်တက်နေသည့်နိုင်ငံများမှ ပြန်လည်ရောက်ရှိလာမည့် မြန်မာနိုင်ငံသားများကို လိုအပ်ပါက Quarantine (၁၄) ရက် ထားရှိနိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ COVID–19 ရောဂါဖြစ်ပွားသူများတွေ့ရှိလာပါက ဆေးရုံများ၌ ကာကွယ်ကုသမှုအထောက်အကူပြုလုပ်ငန်းများတွင် ရောဂါပိုးကူးစက်မှုမရှိစေဘဲ စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဝင်များနှင့် လူမှုရေး၊ ပရဟိတအသင်းများမှ တာဝန်ရှိသူများကို လေ့ကျင့်သင်တန်းပေးမှုများကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ဆောင်ရွက်သွားရန်ကိစ္စရပ်၊ ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှုများအတွက် ထပ်မံလိုအပ်မည့် ဆေးပစ္စည်းကိရိယာများ စသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန)၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်/ ဖြန့်)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်)၊ ညွှန်ကြားရေးမှူး (ကုသရေး)၊ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ e-health ၊ ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) စသည့် ကဏ္ဍအသီးသီးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများတက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေး ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မတ်လ ၇ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ကာတွန်းစိုးစံက သရုပ်ဖော် ရေးဆွဲကာ သပြေစမ်းရွာတွင် ဝက်ဝံအယောင်ဆောင်၍ ရွာသားများအား ခြောက်လှန့်သည်ကို ဖိုးချွန်းနှင့် ဝိတ်ပေါတို့က ဖမ်းဆီးပေးပုံအကြောင်းကို ရေးဖွဲ့ထားသည့် ဆရာရဲဘော်ညိုမောင်၏ "ဖိုးချွန်း၊ ဝိတ်ပေါနှင့် မုဆိုးစုံထောက်" မျက်နှာဖုံးကာတွန်း၊ ရွှေသွေးပရိသတ်များ ဗဟုသုတ တိုးပွားစေရန်အလို့ငှာ မြင်းကျားများ အပြေးသန်ပုံကို ဗဟုသုတဖြစ်ဖွယ်တင်ဆက်ထားသည့် "အပြေးသန် မြင်းကျားများ" သုတဆောင်းပါး၊ ကစားသန်သောချက်စူ၏အဖြစ်ကို ဟာသမြောက်အောင် ရေးဖွဲ့ထားသည့် "ချက်စူ-မွေချစ်သူ" နှစ်မျက်နှာကာတွန်း၊ ရေရှားပါးသော အညာဒေသ၏ ရေရှားပါးချိန် ဒုက္ခဖြစ်ရပုံအကြောင်းကို ကရုဏာသက်ဖွယ် ရေးဖွဲ့ထားသည့် "ရေ" ဝတ္ထုအပါအဝင် ရွှေသွေး အင်္ဂလိပ်စကားဝိုင်း၊ ပဟေဠိကဏ္ဍ၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရသည်။




## ကမ်းလွန်လုပ်ကွက်အမှတ် M-8 တွင် Environmental Survey Services လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် မတ် ၄**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Berlanga Myanmar Pte.Ltd သည် ကမ်းလွန်လုပ်ကွက်အမှတ် M–8 တွင် Environmental Survey Services လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV.TC FORTUNE (Call Sign: XVCM7) ရေယာဉ်ဖြင့် WS Prospect Exploration (WS–A) and Appraisal (WS–B) WS–A တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၁၇ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၉ မိနစ် ၃၅ ဒသမ ၅၀ စက္ကန့်၊ WS–B တွင် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၉ မိနစ် ၀၀ ဒသမ ၈၂ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ် ၄၇ ဒသမ ၀၆ စက္ကန့်၊ Point A. မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၅၉ ဒသမ ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၉ မိနစ် ၃၁ ဒသမ ၃၃ စက္ကန့်၊ Point B. မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၃၂ ဒသမ ၁၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၇ မိနစ် ၅၂ ဒသမ ၀၇ စက္ကန့်၊ Point C. မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၁၈ ဒသမ ၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ် ၅၁ ဒသမ ၂၂ စက္ကန့်၊ Point D. မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၄၅ ဒသမ ၈၇ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၂ မိနစ် ၃၀ ဒသမ ၄၇ စက္ကန့်၊ SR Site Survey Point A. မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၅ မိနစ် ၄၁ ဒသမ ၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၇ မိနစ် ၂၇ ဒသမ ၁၃ စက္ကန့်၊ Point B. မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ မိနစ် ၁၂ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၉ မိနစ် ၀၂ ဒသမ ၄၁ စက္ကန့်၊ Point C. မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၅ မိနစ် ၃၉ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၀ မိနစ် ၃၅ ဒသမ ၇၀ စက္ကန့်၊ Point D. မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၄ မိနစ် ၀၈ ဒသမ ၈၀ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၉ မိနစ် ၀၀ ဒသမ ၄၃ စက္ကန့်၊ Point A. မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၅ မိနစ် ၄၁ ဒသမ ၇၉ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၇ မိနစ် ၂၇ ဒသမ ၁၃ စက္ကန့်တို့တွင် မတ် ၁၀ ရက်မှ ၂၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မတ် ၁၀ ရက်မှ ၂၀ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ငါးမိုင်ပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၄-၃-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံ (၇၂)နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့် ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်၊ ထွက်ပေါက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် -

(က) ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် နေထိုင်သော အသက်(၂၈)နှစ်အရွယ် အမျိုးသားတစ်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိန်ချုံးပြည်နယ်၌ သွားရောက် အလုပ်လုပ်ကိုင်ခဲ့ပြီး (၁-၃-၂၀၂၀)ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရာ ဝိုင်းမော်မြို့နယ်၊ ကန်ပိုင်တီးနယ်စပ်ဂိတ်တွင် ကိုယ်အပူချိန်မြင့်တက်နေကြောင်း တွေ့ရှိခဲ့ရသဖြင့် ကန်ပိုင်တီး တိုက်နယ်ပြည်သူ့ဆေးရုံသို့ လွှဲပြောင်း၍ ကျန်းမာရေးစစ်ဆေးခဲ့ရာ လူနာသည် (၂၃-၂-၂၀၂၀) ရက်နေ့မှ စတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်း၊ မောခြင်းစသော ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားခဲ့ရကြောင်း တွေ့ရှိရသည့်အတွက် ၎င်းအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ခ) မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်တွင် နေထိုင်သော အသက် (၆၈)နှစ်အရွယ် ဆီးချိုရောဂါအခံရှိသူ အမျိုးသမီးကြီး တစ်ဦးသည် (၂၇-၂-၂၀၂၀) ရက်နေ့မှစတင်၍ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်းရောဂါလက္ခဏာများ ခံစားခဲ့ရပြီး သတိကောင်းစွာမရသဖြင့် (၄-၃-၂၀၂၀) ရက်နေ့တွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ပြသခဲ့ရာ လွန်ခဲ့သော (၁၄)ရက်အတွင်း ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသော ဒေသများသို့ ခရီးသွားရာဇဝင်မရှိသော်လည်း ပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာလက္ခဏာများနှင့် COVID-19 ရောဂါ သံသယလက္ခဏာများ တွေ့ရှိရသဖြင့် စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တွင် နေထိုင်သော အသက် (၃၂)နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် (၂-၃-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး (၂၆-၂-၂၀၂၀)ရက်နေ့မှစ၍ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ မောပန်းခြင်း လက္ခဏာများ ခံစားခဲ့ရသဖြင့် ပုဂ္ဂလိကဆေးခန်းသို့ လာရောက်ပြသခဲ့ရာ (၄-၃-၂၀၂၀) ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပါသည်။ ၎င်းအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပေးပို့စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ စင်ကာပူနိုင်ငံ၌ နေထိုင်ခဲ့စဉ်ကာလအတွင်း COVID-19 ရောဂါဖြစ်ပွားလာသူနှင့် ထိတွေ့ခဲ့သည့် မြန်မာနိုင်ငံသား၊ အသက် (၂၆)နှစ်အရွယ် အမျိုးသား (၁)ဦးအား ကျောက်ပန်းတောင်းမြို့နယ်ဆေးရုံတွင် အခြားသူများနှင့် ထိတွေ့ဆက်ဆံခြင်းမရှိအောင် ဆေးရုံတွင် သီးသန့်ထားရှိ၍ ရောဂါဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုလျက်ရှိပြီး ဓာတ်ခွဲနမူနာအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားကျန်းမာရေးဆိုင်ရာဓာတ်ခွဲမှုဌာန(ရန်ကုန်)တွင် စစ်ဆေးခဲ့ရာ ဓာတ်ခွဲနမူနာတွင် COVID-19 ရောဂါပိုးမရှိကြောင်းကို တွေ့ရှိရပါသည်။ အဆိုပါ အမျိုးသားသည် COVID-19 ရောဂါဖြစ်ပွားလာသူနှင့် ထိတွေ့ခဲ့သူဖြစ်သဖြင့် ၎င်းထံမှ နောက် (၃)ရက်အကြာတွင် ဓာတ်ခွဲနမူနာထပ်မံရယူ၍ စစ်ဆေးသွားမည်ဖြစ်ပါသည်။ အဆိုပါ အမျိုးသားသည် ယနေ့ (၄-၃-၂၀၂၀) ရက်နေ့၊ ညနေပိုင်းအချိန် စစ်ဆေးချက်အရ ကျန်းမာရေးအခြေအနေ ကောင်းမွန်နေပါသည်။

၄။ ယနေ့ (၄-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်အထိ လူနာ(၇)ဦးအား သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပါသည်။

၅။ (၄-၃-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့ အပါအဝင် ကမ္ဘာ့နိုင်ငံ (၇၃)နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားလျက်ရှိသဖြင့် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေးအချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။ COVID-19 ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများ၊ ရောဂါကူးစက်ပြန့်ပွားမှုများပြားရာ နေရာဒေသမှ ပြည်တွင်းသို့ရောက်ရှိခဲ့သူများနှင့် သံသယရောဂါလက္ခဏာ ဖြစ်ပွားလာသူများအနေဖြင့် အနီးဆုံးကျန်းမာရေးဌာနသို့ မဖြစ်မနေသတင်းပေးပို့ကြပါရန်၊ သံသယရောဂါလက္ခဏာဖြစ်ပွားသူများကို တွေ့ရှိပါက ပြည်သူများအနေဖြင့်လည်း အနီးဆုံးကျန်းမာရေးဌာနထံသို့ သတင်းပေးပို့ပါရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း(quarantine) လုပ်ငန်းဆောင်ရွက်မှုများတွင် ပါဝင်ကြပါရန် ထပ်မံတိုက်တွန်း နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၄-၁-၂၀၂၀ ရက်နေ့မှ ၄-၃-၂၀၂၀ ရက်နေ့ထိ)

**(၄-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ**

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၄-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၁၁:၃၀)နာရီအချိန် ထုတ်ပြန်ချက်)

ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံ စုစုပေါင်း - ၇၃ နိုင်ငံ

ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - ၉၀,၈၇၀ ဦး

ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - ၃,၁၁၂ ဦး

- ကမ္ဘာ့ဒေသ အသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု (Local transmission) များရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၃၀) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ ဩစတြေးလျ၊ မလေးရှား၊ ဗီယက်နမ် |
| ၂။ | ဥရောပဒေသ | - အီတလီ၊ ဂျာမနီ ၊ ပြင်သစ်၊ စပိန်၊ အင်္ဂလန်၊ ခရိုအေးရှား၊ ဆန်မာရီနို၊ နော်ဝေး၊ နယ်သာလန်၊ ဆွစ်ဇာလန်၊ ဂရိ၊ ဖင်လန်၊ ဒိန်းမတ်၊ ဆွီဒင်၊ အစ္စရေး |
| ၃။ | အရှေ့တောင်အာရှဒေသ | - ထိုင်း၊ အင်ဒိုနီးရှား |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | - အီရန်၊ ယူအေအီး၊ လက်ဘနွန် |
| ၅။ | အမေရိကဒေသ | - အမေရိကန်၊ ကနေဒါ၊ အီကွေဒေါ |
| ၆။ | အာဖရိကဒေသ | - အယ်လ်ဂျီးရီးယား |

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားနိုင်မှု အခြေအနေ (Risk Assessment)အား-
  - တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China)၊ ဒေသတွင်းနိုင်ငံများ(Regional)နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global)တွင် အလွန်မြင့်မားသည့်အဆင့် (Very High) အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

၂။ **မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၄-၃-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ အချိန်ထိ)**

| | ဓာတ်ခွဲစစ်ဆေးမှု အခြေအနေ | | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | စောင့်ဆိုင်းဆဲ | ဆောင်ရွက်ဆဲ | |
| **စောင့်ကြည့်လူနာ** | - | ၄၇ | ၄ | ၃ | ၅၄ |
| **သံသယလူနာ** | - | ၂ | - | - | ၂ |
| **စုစုပေါင်း** | - | ၄၉ | ၄ | ၃ | ၅၆ |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင်(၃၁-၁-၂၀၂၀) ရက်နေ့မှ (၄-၃-၂၀၂၀) ရက်နေ့အထိ သံသယလူနာနှင့် စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၀)ဦး၊ ရှမ်းပြည်နယ်တွင် (၁၃)ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၀)ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၃) ဦး စုစုပေါင်း (၅၆) ဦးတို့ ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် COVID- 19 ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ် ထိတွေ့သူများ(အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်)အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှု ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် အားဖြည့်ဆောင်ရွက်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့် ကုသမှုများပေးခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့် ရောဂါကာကွယ်ရေးလုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ(www.mohs.gov. mm)နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOf HealthAndSportsMyanmar နှင့် https://www.facebook.com/ MyanmarCDC)တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လျှက်ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများနည်းပါးစေရန် သက်ဆိုင်ရာနှီးနွှယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါဖြစ်ပွားသူလူနာ မတွေ့ရှိသေးသော်လည်း-

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာရှိနေပါသည်။
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နှီးနွှယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယရောဂါလက္ခဏာရှိသူများ မဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။
- COVID-19 ရောဂါလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ(သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်း ရောဂါကူးစက်မှု - Local transmission)များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသောနေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ(Asymptomatic carrier)တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

(ဂ) အကယ်၍ ထိုသို့ မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှ နည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျ လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အဆောက်အဦ ပန္နက်တော်တင်အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၄**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အဆောက်အဦ ဆောက်လုပ်ရန် ပန္နက်တော်တင်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ထားဝယ်မြို့ ဆန်းချိ ရပ်ကွက် အကွက်အမှတ် ၂၄ ရှိ အဆိုပါ ရုံးအဆောက်အဦ ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးအောင်သူရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးလှထွေး၊ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ တိုင်းရင်းသားရေးရာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးမန်းဆွေမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး အဆောက်အဦသည် အလျားပေ ၈၀၊ အနံပေ ၆၀ ရှိ သံကူကွန်ကရစ် နှစ်ထပ်အဆောက်အဦဖြစ်ပြီး ငွေကျပ် ၃၂၅ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော R.S.E (Engineering Group) CO.,Ltd. မှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ရုံးအဆောက်အဦ တည်ဆောက်ပြီးစီးပါက တနင်္သာရီတိုင်းဒေသကြီးအတွင်း မွန်၊ ကရင်၊ ထားဝယ်နှင့် ဆလုံအစရှိသည့် တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် လူမှုဖွံ့ဖြိုးရေး၊ စည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပါ တိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝရရှိရေး၊ တိုင်းရင်းသားအရေးဆိုင်ရာ အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းရေး စသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို အဓိကဖော်ဆောင်ပေးမည့် ရုံးဌာနတစ်ခုအဖြစ် မြင်တွေ့ရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တင်ဒါအောင်မြင်သည့် R.S.E (Engineering Group) CO.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းမြတ်သူက ရုံးတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ပန္နက်တော်တင်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီး၌ ပန္နက်တော်တင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယခု တည်ဆောက်မည့် အဆောက်အဦသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပထမဆုံးတည်ဆောက်မည့် အဆောက်အဦဖြစ်ပြီး ရုံးအဆောက်အဦအပါအဝင် အခြားဆက်စပ်လုပ်ငန်းများဖြစ်သော ကွန်ကရစ်အဝင်လမ်းခင်းခြင်း၊ ခြစည်းရိုးကာရံခြင်း၊ ကွန်ကရစ်ကားပါကင်ခင်းခြင်း၊ ပြင်ပရေသွယ်တန်းခြင်းနှင့် လျှပ်စစ်မီးတပ်ဆင်ခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်သည်။

**ဆောင်ရွက်ပေးသွားမည်**

တနင်္သာရီတိုင်းဒေသကြီး ဦးစီးဌာနရုံးအဆောက်အဦကို တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ အပါအဝင် တနင်္သာရီတိုင်းဒေသကြီး အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများ ဆုံစည်းရာနေရာ Ethnic Communication Center အဖြစ် အသုံးပြုနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးသည် ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ရိပ်သာတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ထားဝယ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ အဖွဲ့များအား လက်ခံတွေ့ဆုံပြီး တိုင်းရင်းသား လူမျိုးများအားလုံး နိုင်ငံသားအခွင့်အရေးများ ရရှိရေး၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ရရှိခံစားနိုင်ရေး အပါအဝင် တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၄ ရက်နေ့တွင် **'ဝ' အမျိုးသားပါတီ (WA NATIONAL PARTY)** က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နွေရာသီ သီးနှံစိုက်ပျိုးမှု သီးနှံများကို ချိန်ဆစိုက်ပျိုးလာ

**ဝန်းသို မတ် ၄**

မြန်မာနိုင်ငံတွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ စားနပ်ရိက္ခာဖူလုံရေး ဆောင်ရွက်မှုတွင် အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာများ မြှင့်တင်နေကြရသည်။ နွေစပါးကို အထွက်တိုးစပါးများ စနစ်တကျစိုက်ပျိုးနိုင်ရန် ရိုးပြတ်များကို မီးရှို့ခြင်း၊ ထယ်ရေးပြင်ခြင်းများပြုလုပ်လျက်ရှိသည်။ ဝန်းသိုမြို့နယ်လက်ပံကြီးတောအုပ်စု နန်းလှိုင်းဆည်သည် ဝန်းသိုတောင်ခြမ်းနှင့် ကောလင်းမြို့နယ်အတွက် မရှိမဖြစ်ပင်ဖြစ်သည်။

နွေရာသီ သီးနှံစိုက်ပျိုးမှုတွင် သီးနှံများကို ချိန်ဆစိုက်ပျိုးလာသည့် ဝန်းသိုတောင်ခြမ်းမှ တောင်သူများသည် နန်းလှိုင်းဆည်မှ ရေရရှိမှုအပေါ်မူတည်၍ နှမ်းကြဲသည့်လယ်များလည်း ရှိသည်။ နွေရာသီတွင် အပူချိန်မြင့်မားခြင်း၊ လယ်ရေသောက်နှုန်းများခြင်းတို့ကြောင့် ကုန်းကျသော လယ်မြေများနှင့် မြောင်းနှင့် အလှမ်းဝေးသော လယ်မြေများသည် စိုက်ရေကိုသာအရယူပြီး နှမ်း၊ နေကြာ၊ ကုလားပဲကို စိုက်ပျိုးလာကြသည်။ လက်ရှိကာလတွင် နွေစပါးအတွက် ပုလဲသွယ်၊ မနောဆင်ဆင်၊ ထိုင်းနံ့ကောက်၊ အထွက်တိုး၊ ချင်းသုံးမျိုးများကို စိုက်ပျိုးထားကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ပြန်/ဆက်)**



# အခြေခံပညာအလယ်တန်းအဆင့် GRADE - 7 သင်ရိုးသစ်သင်တန်း မန္တလေးမြို့၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်မည်

**မန္တလေး မတ် ၄**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် ပြောင်းလဲသင်ကြားမည့် အခြေခံပညာအလယ်တန်းအဆင့် GRADE-7 သင်ရိုးသစ် တိုင်းဒေသကြီး/ပြည်နယ်အဆင့်သင်တန်းကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် မန္တလေးမြို့တွင် ဧပြီလအတွင်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

**ကျင်းပသွားမည်**

အဆိုပါသင်တန်းကို မန္တလေးမြို့တွင် ဧပြီ ၂၁ ရက်မှ မေ ၅ ရက်အထိ ၁၄ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ယင်းသင်တန်းသို့ တစ်နိုင်ငံလုံးမှ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ စုစုပေါင်း ၆၀၀၀ တက်ရောက်ကြမည် ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး(ပညာ) ဦးစိုးလွင်က ပြောကြားသည်။

"GRADE-7 သင်ရိုးသစ်သင်တန်းကို တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ မန္တလေးမြို့မှာ တစ်ဘာသာကို သင်တန်းသား တစ်ထောင်နှုန်းနဲ့ ဘာသာရပ်ခြောက်ခု အတွက် သင်တန်းသား ခြောက်ထောင် တက်ရောက်ကြမှာပါ။ ဒီသင်တန်းတွေကို ဗဟိုအဆင့်မှာ တက်ရောက်ခဲ့တဲ့ နည်းပြတွေက ပြန်လည်ပို့ချမှာ ဖြစ်ပါတယ်။ သင်တန်းသားတွေ တည်းခိုနေထိုင်ဖို့ နေရာတွေလည်း စီစဉ်ပေးထားပါတယ်။ ဘာသာရပ်ခြောက်ခုစလုံးအတွက် သင်တန်းဖွင့်ဖို့ မန္တလေးမြို့နဲ့တင် အဆင်မပြေတဲ့အတွက် ပြင်ဦးလွင်မြို့မှာ တစ်ဘာသာခွဲပြီး ဖွင့်လှစ်ပေးဖို့ စီစဉ်ထားပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ GRADE-7 သင်ရိုးသစ်သင်တန်းကို မန္တလေးမြို့တွင် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် မြန်မာစာနှင့် ပန်းချီအနုပညာဘာသာရပ်ကိုလည်းကောင်း၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ အင်္ဂလိပ်စာနှင့် ဂီတ၊ အနုပညာဘာသာရပ်ကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းတွင် သင်္ချာ(၁)နှင့် (၂) ဘာသာရပ်ကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းတွင် ပထဝီဝင်နှင့် ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်ကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်းတွင် သမိုင်း၊ စာရိတ္တနှင့် ပြည်သူ့နီတိကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် သိပ္ပံနှင့် ကာယပညာ ဘာသာရပ်များကိုလည်းကောင်း ဖွင့်လှစ်ပို့ချဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြောင်းလဲသင်ကြားပေးလျက်ရှိ**

မြန်မာနိုင်ငံတွင် အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်းများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ သင်ရိုးသစ်များဖြင့် ပြောင်းလဲသင်ကြားပေးလျက်ရှိရာ လာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် GRADE-4၊ GRADE-7 နှင့် GRADE-10 ကျောင်းသား ကျောင်းသူများအတွက် သင်ရိုးသစ်များဖြင့် ပြောင်းလဲသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ဦးစီးကျင်းပသော
"၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"
အထိမ်းအမှတ်အခမ်းအနား
"မျိုးဆက်တိုင်းအတွက်လိုအပ်ချက် အမျိုးသမီးအခွင့်အရေးသိလျက်ဖော်ဆောင်ရွက်"
"I am Generation Equality: Realizing Women's Rights"
နေပြည်တော် ၈.၃.၂၀၂၀

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၄**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ဒီမိုကရက်တစ်ပါတီ၏ အကြိုရွေးကောက်ပွဲများတွင် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင် ထောက်ခံမဲအများဆုံးရရှိ

**ဝါရှင်တန် မတ် ၄**

အမေရိကန်နိုင်ငံတစ်ဝန်းရှိ ပြည်နယ် ၁၄ ခုတွင် ဒီမိုကရက်တစ်ပါတီ၏ အကြိုရွေးကောက်ပွဲများ ကျင်းပရာ ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်က အဓိကအရေးပါသည့် တက္ကဆက်ပြည်နယ်အပါအဝင် ပြည်နယ်ပေါင်း ကိုးခုတွင် အနိုင်ရရှိခဲ့သည်။



ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင်



ဥပဒေပြုလွှတ်တော်အမတ် ဘာနီဆန်းဒါး

ရလဒ်ထွက်ပေါ်မှုအရ ဂျိုးဘိုင်ဒင်က ပြည်နယ်ကိုးခုတွင် အနိုင်ရရှိပြီး ကိုယ်စားလှယ် ၃၇၉ ဦး၏ ထောက်ခံမဲကို ရရှိခဲ့သည်။ ဥပဒေပြုလွှတ်တော်အမတ် ဘာနီဆန်းဒါးက ပြည်နယ်သုံးခုတွင် အနိုင်ရပြီး ကိုယ်စားလှယ် ၂၆၂ ဦး၏ ထောက်ခံမှုကို ရရှိခဲ့သည်။ အလားတူ လွှတ်တော်အမတ် အယ်လီဇဘတ်ဝါရန်က ကိုယ်စားလှယ် ၃၅ ဦး၏ ထောက်ခံမဲကိုရရှိကာ နယူးယောက်မြို့တော်ဝန်ဟောင်း မိုက်ကယ်ဘလွန်းဘတ်ဂျ်က ကိုယ်စားလှယ် ၁၂ ဦး၏ ထောက်ခံမှုကို ရရှိထားကြောင်း သိရသည်။

ပြည်နယ် ၁၄ ခုတွင် ကျင်းပခဲ့သော အကြိုရွေးကောက်ပွဲရလဒ်များသည် လာမည့်ရွေးကောက်ပွဲ၌ ပြည်နယ်များတွင် ထောက်ခံမဲအများဆုံးဖြင့် အနိုင်ရရန် ကိုယ်စားလှယ်လောင်းများအား ထပ်မံကြိုးစားရဦးမည် ဆိုသည်ကို ပြသလျက်ရှိသည်။

ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ရန် ထောက်ခံသူ ကိုယ်စားလှယ်အရေအတွက် ၁၉၉၁ ဦးရှိရမည်ဖြစ်သည်။ ယင်းထောက်ခံသူကိုယ်စားလှယ်အရေအတွက်ရရှိမှသာ ၂၀၂၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတ ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင်ရန် အခွင့်အရေးရရှိမည် ဖြစ်သည်။

ဂျိုးဘိုင်ဒင်သည် ပြီးခဲ့သော ရက်သတ္တပတ်က တောင်ကာရိုလိုင်းနားပြည်နယ်တွင် အနိုင်ရရှိခဲ့ပြီးနောက် ပါတီကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခံရရန် လာမည့် အကြိုရွေးကောက်ပွဲများအတွက် အရှိန်အဟုန်ကောင်းများ ရရှိလျက်ရှိသည်။

ဘာနီဆန်းဒါးကလည်း လာမည့်သမ္မတရွေးကောက်ပွဲတွင် သမ္မတထရမ့်နှင့် ယှဉ်ပြိုင်ရန် လူကြိုက်များ ရေပန်းစားလျက်ရှိသည်။

ထပ်မံကျင်းပမည့် အကြိုရွေးကောက်ပွဲတွင် ကယ်လီဖိုးနီးယားပြည်နယ်၌ ကိုယ်စားလှယ် ၄၁၅ ဦးရှိသည့်အတွက် ကိုယ်စားလှယ်လောင်းများအနေဖြင့် ထောက်ခံမဲအများဆုံးရရှိရန် ကြိုးစားယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဘာနီဆန်းဒါးသည် အဆိုပါပြည်နယ်တွင် ထောက်ခံမဲအများဆုံး ရရှိနိုင်ဖွယ်ရှိသည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ခန့်မှန်းပြောကြားကြသည်။

၂၀၂၀ ပြည့်နှစ် သမ္မတရွေးကောက်ပွဲတွင် သမ္မတဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်ပါတီမှ မည်သည့်ကိုယ်စားလှယ်လောင်းက ယှဉ်ပြိုင်ခွင့်ရမည်ဆိုသည်ကို လာမည့်ရက်သတ္တနှစ်ပတ်အတွင်းကျင်းပမည့် အကြိုရွေးကောက်ပွဲရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား-အင်န်အီတီချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အမေရိကန်တောင်ပိုင်း၌ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ၂၅ ဦးထက်မနည်း သေဆုံး

**နက်ရှ်ဗီး မတ် ၄**

အမေရိကန်နိုင်ငံတောင်ပိုင်း တင်နက်ဆီပြည်နယ်တွင် အကြိုရွေးကောက်ပွဲများ မကျင်းပမီ နာရီအနည်းငယ်အလို ယမန်နေ့အစောပိုင်းက လေဆင်နှာမောင်း တိုက်ခတ်ခဲ့ရာ လူ ၂၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး အဆောက်အဦများ ပျက်စီးကာ ဓာတ်အားပေးလိုင်းများ ပြိုကျခဲ့ကြောင်း သိရသည်။ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် တင်နက်ဆီပြည်နယ်၏ မြို့တော် နက်ရှ်ဗီး၌ မဲဆန္ဒပြုရမည့်အချိန်များကို တိုးပေးခဲ့သည်။

နေအိမ်အချို့ပြိုကျမှုကြောင့် ဒေသခံများ ကြောက်လန့်တကြား ပြေးလွှားကြပြီး ပြည်သူထောင်နှင့်ချီ၍ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကြုံခဲ့ရသည်ဟု တာဝန်ရှိသူများက ပြောသည်။ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ကားများစုပြုံနေပြီး နက်ရှ်ဗီးမြို့တော်ရှိ ဂျွန်စီကျွန်းလေဆိပ်၌ လေယာဉ်ရုံများပျက်စီးကာ လေယာဉ်များ ဒါဇင်နှင့်ချီ၍ အချင်းချင်းတိုက်မိပုံကို ရုပ်သံဌာနက ပြသခဲ့သည်။ ခေါင်မိုးများမရှိတော့သည့် အဆောက်အဦအများအပြားနှင့် ပျက်စီးနေအိမ်ဓာတ်ပုံများကို နက်ရှ်ဗီးရဲဌာနက ဖြန့်ဝေခဲ့သည်။ “ကျွန်တော်တို့ ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးအဖွဲ့တွေ စေလွှတ်ပြီး ပြည်နယ်တစ်ဝန်းမှာ မုန်တိုင်းရှောင် စခန်းတွေ ဖွင့်ပါမယ်။ ပြီးရင် လေဆင်နှာမောင်းဒဏ် အဆိုးရွားဆုံးခံခဲ့ရတဲ့ ဒေသတွေကို အရေးပေါ်ကယ်ဆယ်ရေး တပ်ဖွဲ့ဝင်တွေ စေလွှတ်ပါမယ်” ဟု ပြည်နယ် အုပ်ချုပ်ရေးမှူး ဘီလ်လီက တွစ်တာ၌ ရေးသားခဲ့သည်။ သေဆုံးသူအရေအတွက်မှာ ၂၅ ဦးအထိ မြင့်တက်လာခဲ့သည်ဟု ၎င်းက ပြောသည်။



အမေရိကန်နိုင်ငံတွင် ကန်းထရီးဂီတ အဓိကထွန်းကားရာ နက်ရှ်ဗီးမြို့တော်၌ အဆိုပါလေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် လူ ၁၅၀ ခန့်ကို ဆေးရုံများသို့ ပို့ဆောင်ခဲ့ပြီး အဆောက်အဦ ၅၀ နီးပါး ပြိုကျခဲ့ရသည်ဟု မြို့တော်ဝန် ဂျွန်ကူးပါးက ပြောသည်။ မတ် ၆ ရက်တွင် မုန်တိုင်းသင့်ဒေသများသို့ သွားရောက်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# ဘရာဇီးတွင် မိုးသည်းထန်စွာ ရွာသွန်း၊ ၁၆ ဦးသေ၊ ၃၃ ဦး ပျောက်ဆုံး

**ဆော်ပေါ်လို မတ် ၄**

ဘရာဇီးနိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၁၆ ဦး သေဆုံးခဲ့ပြီး ၃၃ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဒေသန္တရမီဒီယာများက ယမန်နေ့တွင် ပြောကြားသည်။

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုပြည်နယ်၏ လူကြိုက်များပြီး ခရီးသွားများ လာရောက်လည်ပတ်ရာနေရာများဖြစ်သည့် ကမ်းရိုးတန်းမြို့တော်များ ဆန်တိုဆာ၊ ဂူအာရူဂျာနှင့် ဆာအိုဗန်းနီးတို့မှာ ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ ဂူအာရူဂျာရှိ မာရိုဒိုမက်ကာကိုတွင် နေထိုင်သူများကိုလည်း ကယ်ဆယ်ရန်ကြိုးစားစဉ် မီးသတ်သမားနှစ်ဦး သေဆုံးခဲ့သည်။

ပျောက်ဆုံးနေသူအများစုမှာ ဖာဘီလာ၊ ဗီလာဘန်ရီနာတွင် တောင်စောင်းများတွင် နေထိုင်သူများဖြစ်ပြီး မိုးများရွာသွန်းပြီး ရွှံ့နွံများပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဆော်ပေါ်လိုပြည်နယ်နှင့် ဘရာဇီးနိုင်ငံ အရှေ့တောင်ဘက်တို့တွင် မကြာသေးမီရက်သတ္တပတ်များအတွင်း စံချိန်တင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် အီရတ်တွင် ပထမဆုံးသေဆုံး

**ဘဂ္ဂဒက် မတ် ၄**

အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဆူလိုင်မာနီယာပြည်နယ်ရှိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းခံရသည်ဟု အတည်ပြုထားသည့် အသက် ၇၀ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ဗုဒ္ဓဟူးနေ့က သေဆုံးသွားကြောင်း ဒေသန္တရကျန်းမာရေး သတင်းအရင်းမြစ်က ပြောကြားသည်။

ယင်းသေဆုံးမှုသည် အီရတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံး သေဆုံးမှုဖြစ်ကြောင်း ကာဒစ်စတန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆူလိုင်မာနီယာပြည်နယ် ကျန်းမာရေးအာဏာပိုင်အဖွဲ့မှ ဆာဘားဟိုရာမီက ကြေညာချက်ထုတ်ပြန်သည်။

အီရတ်နိုင်ငံတွင် ယခုအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၂ ဦးရှိသည်ဟု ထုတ်ပြန်ထားသည်။ ၎င်းတို့မှာ မြို့တော်ဘဂ္ဂဒက်တွင် ၁၄ ဦး၊ ကယ်ကွတ်ပြည်နယ်တွင် ငါးဦး၊ ဆူလိုင်မာနီယာပြည်နယ်တွင် ငါးဦး၊ ဘာဘီလ်ပြည်နယ်တွင် တစ်ဦး၊ မေဆန်ပြည်နယ်တွင် တစ်ဦး၊ နာဂျက်ဖ်မြို့တွင် သုံးဦး၊ ဝါဆစ်ပြည်နယ်တွင် နှစ်ဦးနှင့် ကာဘာလာပြည်နယ်တွင် တစ်ဦးတို့ဖြစ်သည်။ အီရတ်နိုင်ငံအတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများကို အတည်ပြုပြီးနောက် အာဏာပိုင်များက ရောဂါပြန့်ပွားမှုကို ကာကွယ်တားဆီးရန်အတွက် ကြိုတင်အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**

# အိန္ဒိယနိုင်ငံသို့ လာရောက်လည်ပတ်သည့် အီတလီလူမျိုး ကမ္ဘာလှည့်ခရီးသည်များ၌ ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိ

**နယူးဒေလီ မတ် ၄**

အိန္ဒိယနိုင်ငံသို့လာရောက်လည်ပတ်သည့် အီတလီလူမျိုးကမ္ဘာလှည့်ခရီးသည် ၁၆ ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါရှိသည်ကို စစ်ဆေးတွေ့ရှိရသည်။ အိန္ဒိယတာဝန်ရှိသူများက ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးကို ကြပ်ကြပ်မတ်မတ်ဆောင်ရွက်လျက်ရှိသည်။

အီတလီနိုင်ငံတွင် လူပေါင်း ၂၅၀၀ ခန့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခြင်းခံရပြီး ၇၉ ဦး သေဆုံးခဲ့သည်။ အိန္ဒိယနိုင်ငံတွင် အဆိုပါအီတလီလူမျိုးများ၏ ရောဂါကူးစက်မှုအပါအဝင် ရောဂါကူးစက်မှုပေါင်း ၂၈ ခု ရှိခဲ့သည်။ ရောဂါကူးစက်မှုအသစ်များရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီး ဟာ့ဒ်ဗာဒန်က အတည်ပြုပြောကြားခဲ့ပြီး နိုင်ငံတကာမှ အိန္ဒိယသို့ ရောက်ရှိလာမည့် လေကြောင်းခရီးစဉ်များရှိ ခရီးသည်များအား ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးရမည်ဟု ပြောကြားခဲ့သည်။ နိုင်ငံတကာအဖွဲ့အစည်းများမှ သံတမန်များနှင့် တာဝန်ရှိသူများမှအပ အီတလီ၊ အီရန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ ရောက်ရှိလာသော ခရီးသည်များအား ကိုရိုနာဗိုင်းရပ်စ် ရှိ၊ မရှိ စစ်ဆေးသွားမည်ဖြစ်သည်။ ဗာဒန်က ပြောကြားရာတွင် အီတလီနိုင်ငံမှ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသည် အုပ်စုထဲရှိ ခင်ပွန်းနှင့် ဇနီးသည်တို့မှာ အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်သို့ သွားရောက်လည်ပတ်ရာတွင် ဖျားနာမှုဖြစ်ပွားခဲ့သည်။ ကျန်ခရီးသည်များအား ဒေလီရှိ သီးသန့်ကျန်းမာရေးစောင့်ကြည့်စင်တာသို့ ပို့ဆောင်ခဲ့သည်။ အခြားကမ္ဘာလှည့်ခရီးသည် ၁၄ ဦးပါဝင်သော အဖွဲ့တစ်ဖွဲ့နှင့်၎င်းတို့၏ ယာဉ်မောင်းအား ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးတွေ့ရှိကြောင်း အတည်ပြုခဲ့သည်။ တရုတ်၊ တောင်ကိုရီးယား၊ အီတလီ၊ အီရန်နှင့် ဂျပန်နိုင်ငံတို့တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု အခြေအနေမှာ အဆိုးရွားဆုံးအခြေအနေတွင် ရှိနေသည်။ တစ်ကမ္ဘာလုံးတွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် လူပေါင်းသုံးထောင်ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ဇန်နဝါရီလနှောင်းပိုင်းနှင့် ဖေဖော်ဝါရီလအစောပိုင်းကာလအတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုပေါင်း သုံးခုရှိခဲ့သည်။ အက်ဂရာမြို့အတွင်းရှိ ဟိုတယ်များနှင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်သောနေရာများမှ တာဝန်ရှိသူများအား အီတလီ၊ အီရန်နှင့်တရုတ်နိုင်ငံတို့မှ ခရီးသည်များ ရောက်ရှိလာပါက ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးနိုင်ရန်အတွက် သတင်းပို့ကြရန် ညွှန်ကြားထားကြောင်း ဒေသခံကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးဖြစ်သည့် မူကက်ပ်ဘက်က Press Trust of India သတင်းဌာနသို့ ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**



## မော်လူးမြို့၌ မြေငလျင်လှုပ်ခတ်မှုကြောင့် သာသနိကအဆောက်အဦတချို့ ပျက်စီး

**မော်လူး မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့၌ မတ် ၄ ရက် နံနက်ပိုင်းက မြေငလျင်လှုပ်ခတ်မှုကြောင့် သာသနိကအဆောက်အဦ တချို့ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၆ နာရီ မိနစ် ၅၀ က ဗန်းမော်မြေငလျင်စခန်း၏ အနောက်ဘက် ၆၈ မိုင်အကွာ၊ အင်းတော်မြို့နယ် မော်လူးမြို့အနီး မြေအောက် ငါးကီလိုမီတာ အနက်ကိုဗဟိုပြု၍အင်အား ရစ်(ချ်)တာစကေး ၅ ဒသမ သုည အဆင့်ရှိ အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် အင်းတော်မြို့နယ် ပုန်ဟုန်းကျေးရွာအုပ်စု ဖုန်ကုန်းကျောင်းတိုက်အဝင်မုခ်ဦး အပေါ်ပိုင်းပြိုကျပျက်စီးပြီး ရန်အောင်မြင်မင်္ဂလာကျောင်းဆောင်၏ ပတ်လည်နံရံလေးဘက်၊ ၁၅ ပေ ပတ်လည် ဘုရားခန်းနှင့် အလျား ပေ ၇၀၊ အနံ ပေ ၃၀ ရှိ ယောဂီဆောင်တို့တွင်လည်း အက်ကြောင်းများဖြစ်ပေါ်ကာ အရှည်ပေ ၁၂၀၊ အကျယ် ၁၅ ပေရှိ ဘုန်းကြီးကျောင်းအဝင် သစ်သားတံတားမှာ မြေပြင်မှအထက်သို့ တစ်ပေခန့်မြင့်တက်ခဲ့သည်။

ထို့အတူ ပဲခူးကျေးရွာအုပ်စု သက်ရင်းသာကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအား ကာရံထားသည့် အရှည်ပေ ၁၉၀၊ အမြင့် ခုနစ်ပေခန့်ရှိ အုတ်တံတိုင်းမှာလည်း ပြိုကျပျက်စီးခဲ့ပြီး မော်လူးမြို့ မင်းသီရိရပ်ကွက် ဒီပင်္ကရာဘုရားဝင်းရှိ အာရုံစီနှစ်ထပ်ဆွမ်းစားဆောင်၏ နံရံများ အက်ကြောင်းဖြစ်ပေါ်ကာ နဂါးရုံဘုရားကျောင်းဆောင်မုခ်ဦး ပြိုကျခဲ့ကြောင်း သိရသည်။

ငလျင်ကြောင့် ပျက်စီးသွားသည့်နေရာများသို့ မော်လူးမြို့ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်းနှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များက လိုက်လံစစ်ဆေးကြည့်ရှုကာ ပျက်စီးဆုံးရှုံးမှုစာရင်းများကို သက်ဆိုင်ရာသို့ ဆက်လက်တင်ပြထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဟိုင်းကြီးကျွန်း၌ ငါးဖမ်းရေယာဉ်တစ်စင်းနှင့် ငါးသယ်ယူသည့်ရေယာဉ်တစ်စင်း မီးလောင်

**ဟိုင်းကြီးကျွန်း မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃)ရပ်ကွက်တွင် မတ် ၃ ရက် ည ၇ နာရီခန့်က ငါးဖမ်းရေယာဉ်တစ်စင်းနှင့် ငါးသယ်ယူသည့်ရေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းခဲ့သော ရေယာဉ်နှစ်စင်းမှာ ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁)ရပ်ကွက်နေ ဦးကြည်မိုးပိုင်ဆိုင်သည့် ငါးသယ်ယူသည့်ရေယာဉ်(ငါးကဲ့လှေ)နှင့် မြိတ်မြို့ ကမ်းနားလမ်းနေ ဦးတင်ဘီးပိုင်ဆိုင်သည့် ငါးဖမ်းရေယာဉ်တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်တွင် ငါးဖမ်းရေယာဉ်၏ အစောင့်ဖြစ်သူက သောက်လက်စဆေးလိပ်တိုကို ၎င်းရေယာဉ်စက်ခန်း၏ အနောက်ဘက်တွင်ရှိသော ဂက်(စ်)အိုးများအနီး၌ ထားခဲ့ရာမှ ဂက်(စ်)အိုးပေါက်ကွဲပြီး မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ငါးသယ်ရေယာဉ်မှာ တစ်စင်းလုံးမီးလောင်ကျွမ်းသွားခဲ့ပြီး ငါးဖမ်းရေယာဉ်မှာ အမိုးများအားလုံးနှင့် ရေယာဉ်ကိုယ်ထည်တချို့ မီးလောင်ကျွမ်းခဲ့ကာ လူထိခိုက်မှုမရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ငါးဖမ်းရေယာဉ်၏ အစောင့်ဖြစ်သူ မြိတ်မြို့ ပုလဲဒီပါရပ်ကွက်နေ ကျော်သူလွင်အား ဟိုင်းကြီးကျွန်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## တန့်ဆည်မြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**တန့်ဆည် မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် စိန်းနန်းကျေးရွာ၌ မတ် ၄ ရက် နံနက်ပိုင်းက သတင်းအရ နေအိမ်အတွင်းဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၄ ရက် နံနက် ၁၀ နာရီခန့်က တန့်ဆည်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဝဏ္ဏတိုးနှင့် နဘက်ကြီး ရဲကင်းရဲစခန်းမှူး ဒုတိယရဲအုပ် မင်းမင်းစိုး ပါဝင်သော တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ တန့်ဆည်မြို့နယ် စိန်းနန်းကျေးရွာအုပ်စု စိန်းနန်းကျေးရွာနေ ဒေါ်ဝိုင်းခင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၆၉၆ ပြားကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်ဝိုင်းခင်အား တန့်ဆည်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## ထီးချိုင့်မြို့နယ်၌ ဒသမတန်းကျောင်းသားတစ်ဦး ရေနစ်သေဆုံး

**ထီးချိုင့် မတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကန်ပေါက်ကျေးရွာအနီးရှိ လယ်ယာမြေသုံးရေမြောင်းအတွင်း၌ ဒသမတန်းကျောင်းသားတစ်ဦး ရေနစ်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ထီးချိုင့်မြို့နယ် အလယ်တောနယ်မြေရဲကင်းစခန်းမှူး ဒုရဲအုပ်ရန်အောင်ဖြိုးဦးစီးသောအဖွဲ့သည် လူတစ်ဦးရေနစ်သေဆုံးကြောင်း သတင်းအရ အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ထီးချိုင့်မြို့နယ် ကန်ပေါက်ကျေးရွာနေ ဒသမတန်းကျောင်းသား ကိုငယ်သည် အလျားပေ ၁၃၂၀၊ အနံ ပေ ၇၀၊ အနက် ခုနစ်ပေခန့်ရှိ လယ်ယာသုံးရေမြောင်းအတွင်း၌ တစ်ရွာတည်းနေ သူငယ်ချင်းများနှင့်အတူ ရေဆင်းချိုးရာမှ ရေနစ်သေဆုံးသွားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အလယ်တောနယ်မြေရဲကင်းစခန်းက သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဖားကန့်နှင့် မိုးမိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃ ရက် ည ၁၀ နာရီခွဲက ဖားကန့်မြို့နယ် ဝေ့ခါ-အင်းတော်ကြီးသွားကားလမ်း ဆိပ်မူကျေးရွာအုပ်စု ဆပ်ပြာချောင်းကျေးရွာအနီးတွင် မြင့်စိုးဝင်း(ခ)စိုးဝင်း မောင်းနှင်ပြီး မန္တဲ့မေ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၃၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈ ပြားတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ကျောက်မောကျေးရွာအနီး မိုးမိတ် - တွင်းငယ်သွား ကားလမ်းတွင် မာတူး(ခ)ကျော်ခိုင်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မြင့်စိုးဝင်း(ခ)စိုးဝင်းနှင့် မန္တဲ့မေတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

✻ **ကျောဖုံးမှ**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက လုပ်ရမယ့်ကိစ္စဖြစ်လို့ ဘယ်နေ့နောက်ဆုံးဆိုတဲ့ သတ်မှတ်ရက်ကိုတော့ ကျွန်တော်တို့ မသိပါဘူး။ ဒါပေမယ့်အမြန်ဆုံးပြောင်းရွှေ့နိုင်ရင်တော့ ချမ်းမြရွှေပြည်ကားကြီးဝင်း စီမံကိန်းကိုလည်း အမြန်ဆုံးစတင်နိုင်မှာပါ"ဟု စီမံကိန်းလုပ်ကိုင်ခွင့်ရ တင်ဒါအောင် M Development မှ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ရှင်းပြသည်။

M Development သည် ချမ်းမြရွှေပြည် (ကွဲဆည်ကန်) ကားကြီးဝင်းအား ခေတ်မီကားကြီးဝင်းအဖြစ် ပြည်ပကုမ္ပဏီနှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံရန် ၂၀၁၅ ခုနှစ်က တင်ဒါအောင်မြင်ခဲ့သည့် တည်ဆောက်ရေးကုမ္ပဏီဖြစ်သည်။ တင်ဒါအောင်မြင်ခဲ့သည့်အတွက် ပရီမီယံကြေးအဖြစ် ကျပ်နှစ်ဘီလီယံ ပေးသွင်းခဲ့ပြီး မြေငှားရမ်းအသုံးပြုခအဖြစ် တစ်နှစ်လျှင် ကျပ်သိန်းသုံးထောင်ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းတစ်ခုလုံးအတွက် ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၃ သန်းခန့်ရှိကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် M Development သည် ကားဂိတ်ပေါင်း ၂၁၃ ဂိတ်နှင့် ဈေးဆိုင်ခန်းပေါင်း ၁၀၀ ကျော်တို့ကို ပြန်လည်နေရာချထားပေးရန်နှင့် အခြားလိုအပ်သော ဂိုဒေါင်များကို စီမံပေးရန် သဘောတူထားပြီး ကားအစီးပေါင်း ၆၄ စီးခန့် တစ်ပြိုင်နက်တည်းထွက်နိုင်ရန်နှင့် ခရီးသည်များ လုံခြုံသက်သာမှုရရှိစေရန်၊ အနာဂတ်ကာလတွင် ဖြစ်လာနိုင်သည့် ကားအရွယ်အစားနှင့် နှစ်ထပ်ကားများအထိ အသုံးပြုနိုင်ရန် နိုင်ငံတကာအဆင့်မီ စီမံမှုများပြုလုပ်ပေးမည့် ဒီဇိုင်းပုံစံကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အကြိမ်များစွာ ညှိနှိုင်းဆွေးနွေးခဲ့ပြီး နာမည်ကြီး စင်ကာပူ ဒီဇိုင်းကုမ္ပဏီ SJ က ရေးဆွဲသော ဒီဇိုင်းပုံစံကို မြို့တော်စည်ပင်သာယာရေးကော်မတီက သဘောတူထားပြီဖြစ်သည်။ သို့သော် နေရာချထားမှုအတွက် ကားဂိတ်များ၏ တောင်းဆိုမှုများအား ဆက်လက်ဆွေးနွေးနေပြီး လက်ရှိတွင် တည်ဆောက်ရေးလုပ်ငန်းများစတင်ရန် နှောင့်နှေးနေရခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းမြရွှေပြည် (ကွဲဆည်ကန်) ကားကြီးဝင်းသည် လက်ရှိတွင် မြေဧက ၁၄ ဧကကိုသာ အသုံးပြုလည်ပတ်နေရခြင်းဖြစ်ပြီး စီမံကိန်းအသစ်အရ လေးထပ် bus terminal တည်ဆောက်လုပ်ကိုင်မည်ဖြစ်သည့်အတွက် ၁၇ ဒသမ ၂ ဧကအထိ တိုးချဲ့ကာ ကားဂိတ်များနှင့် ခရီးသွားများအားလုံး ကျယ်ဝန်းစွာ အဆင်ပြေပြေ အသုံးပြုခွင့်ရရှိလာမည်ဖြစ်ကြောင်း စီမံကိန်းလုပ်ကိုင်ခွင့်ရ M Development မှ သိရသည်။ ယင်းစီမံကိန်းကိုနှစ်နှစ်အတွင်း အပြီးဆောင်ရွက်ရန် ပြင်ဆင်ထားကြောင်း၊ မြန်မာအဝေးပြေးကားလုပ်ငန်းရှင်များနှင့် ဈေးဆိုင်များအတွက် စီးပွားရေးအခွင့်အလမ်းများစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း M Development မှ သိရသည်။

**မြင့်မောင်စိုး**

❂ **အာဆီယံ ယူ-၁၈ မှ**

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ-၁၉/ယူ-၁၈ အမျိုးသမီးပြိုင်ပွဲကို ၂၀၁၄ ခုနှစ်က တစ်ကြိမ်သာ ကျင်းပခဲ့ဖူးပြီး ယခုနှစ်မှစတင်ကာ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၄ ပြိုင်ပွဲတွင် ယူ-၁၉ ပြိုင်ပွဲအဖြစ် ကျင်းပခဲ့ပြီး ယခုနှစ်တွင် ယူ-၁၈ ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။

အာရှ ဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားဘောလုံးပြိုင်ပွဲ ကဲ့သို့ပင် အမျိုးသမီး လူငယ်ပြိုင်ပွဲများကိုလည်း ကျင်းပမည်ဖြစ်ပြီး အာရှပြိုင်ပွဲနှင့်ချိတ်ဆက်ကာ ခြေစစ်ပွဲကစားမည့်နှစ်တွင် ယူ-၁၈ ပြိုင်ပွဲ၊ နောက်ဆုံးအဆင့်ပြိုင်ပွဲ ကစားရမည့်နှစ်တွင် ယူ-၁၉ ပြိုင်ပွဲအဖြစ် ကျင်းပမည် ဖြစ်သည်။ ယင်းပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး စက်တင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသည်။

ယင်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး မေ ၁ ရက်တွင် စတင်လေ့ကျင့်ရန် စီစဉ်ထားသည်။ ယခုပြန်လည်ဖွဲ့စည်းရာတွင် ကစားသမား ၃၀ ကျော်ရွေးချယ်မည်ဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ဖွဲ့စည်းခဲ့သည့် ယူ-၁၉ အမျိုးသမီးအသင်းမှ အသက်မီသည့် ကစားသမားအနည်းငယ်သာရှိသောကြောင့် ယူ-၁၆ အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ပြိုင်ပွဲအတွက် လေးလကျော် အချိန်ယူပြင်ဆင်မည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

❍ **ဧရာဝတီမှ**

ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် စစ်ကိုင်းအသင်း၊ မတ် ၈ ရက်တွင် ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် အားကာသိပ္ပံအသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ပွဲစဉ် (၈) အပြီးတွင် ဟံသာဝတီအသင်းက ၂၁ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်နှင့် ဧရာဝတီအသင်းတို့က ရမှတ် ၂၀ စီ၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၆ မှတ်၊ စစ်ကိုင်းအသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၂ မှတ်၊ ရတနာပုံနှင့် အား/ကာသိပ္ပံအသင်းတို့က ခုနစ်မှတ်စီ၊ မကွေးအသင်းက ခြောက်မှတ်၊ Southern နှင့် ချင်းယူနိုက်တက်အသင်းတို့က လေးမှတ်စီ၊ ဇွဲကပင်အသင်းက သုံးမှတ်ရရှိထားသည်။

ယခုတစ်ပတ်တွင် ဇယားထိပ်ပိုင်းမှ အသင်းကြီးများ၏ ရုန်းကန်မှု၊ ဇယားအောက်ပိုင်းမှ အသင်းများ၏ အမှတ်ရှာရမည့်ပွဲများကို တွေ့မြင်ရမည်ဖြစ်သည်။ ဧရာဝတီနှင့် ရန်ကုန်အသင်းပွဲမှာ ယခုတစ်ပတ်၏ စိတ်ဝင်စားစရာအကောင်းဆုံးပွဲဖြစ်နိုင်သလို ဇယားအောက်ဆုံးမှ ဇွဲကပင်အသင်းနှင့် အဆင့် ၁၀ နေရာမှ Southern အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုမှာလည်း စိတ်ဝင်စားစရာကောင်းနေသည်။ ဧရာဝတီနှင့် ရန်ကုန်အသင်းတို့၏ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်နိုင်သလို ရှုံးပွဲမရှိသည့်မှတ်တမ်းကြောင့်လည်း ယခုပွဲကို ပိုမိုအသက်ဝင်လာနိုင်ပေသည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

# လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

( င ) ပုဒ်မခွဲ ( ဂ ) ပုဒ်မခွဲငယ် (၂) တွင် ဖော်ပြပါရှိသော သီးခြားကိစ္စဆိုသော စကားရပ်တွင် တစ်စုံတစ်ရာကို တရားရုံးက ယုံကြည်ကျေနပ်၍ သတ်မှတ်ထားသောကိစ္စလည်း ပါဝင်စေရမည်။

( စ ) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်နိုင်သည့် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်စေခြင်းမရှိစေရ။

**လူမွဲအဖြစ်မှ ကင်းလွတ်ခွင့်ပေးခြင်း၏ အကျိုးသက်ရောက်မှုများ**

၂၆၇။ (က) လူမွဲတစ်ဦးအဖြစ်မှ ရပ်စဲသည့်အခါ လူမွဲပိုင်ပစ္စည်းအပေါ်တွင် ဆန့်ကျင်သက်သေပြနိုင်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်များအားလုံးနှင့်စပ်လျဉ်း၍ တာဝန်သည် ရပ်စဲစေရမည်။ သို့ရာတွင် အောက်ပါကိစ္စရပ်များအပေါ် အကျိုးသက်ရောက်မှုမရှိစေရ-

(၁) လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်ရှိသော ယုံမှတ်အပ်နှံခြင်းခံရသူ၏ လုပ်ငန်းတာဝန်များ၊

(၂) ဤအပိုင်းပါပြဋ္ဌာန်းချက်များနှင့်အညီ ယင်းလုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ချက်များ။

( ခ ) လူမွဲအဖြစ်မှရပ်စဲခြင်းသည် ယင်းလူမွဲမှုခင်းတွင် အကျုံးဝင်သည့် ကြွေးမြီတစ်ရပ်ရပ်အတွက် သက်သေပြသနိုင်သည့် မြီရှင်များ၏ အခွင့်အရေးကို ထိခိုက်ခြင်းမရှိစေရ။

( ဂ ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် အာမခံအကျိုးခံစားခွင့်ရ မြီရှင်က ၎င်း၏ကြွေးမြီ ပြန်လည်ရရှိရေးအတွက် အာမခံပစ္စည်းကို အတည်ပြုဆောင်ရွက်နိုင်သည့် အခွင့်အရေးကို ထိခိုက်ခြင်းမရှိစေရ။

(ဃ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ၎င်းက ပူးပေါင်းကျူးလွန်သော လိမ်လည်မှု သို့မဟုတ် မရိုးမဖြောင့်သောသဘောဖြင့် ယုံမှတ်အပ်နှံရေး ဖောက်ဖျက်မှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ၎င်းက ပေးရန်ရှိသောကြွေးမြီ သို့မဟုတ် တောင်းဆိုချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့်မရှိစေရ။

( င ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ထိုလူမွဲအပေါ် တရားရုံး အာမခံအရ တာဝန်ရှိမှု သို့မဟုတ် ပြစ်မှုကျူးလွန်သည့်အတွက် တပ်ရိုက်သည့် ဒဏ်ကြေးငွေမှ ကင်းလွတ်ခွင့်မရရှိစေရ။

( စ ) တရားရုံးက ညွှန်ကြားသတ်မှတ်နိုင်သည့် အတိုင်းအတာနှင့် စည်းကမ်းချက်များအရမှတစ်ပါး မြီစားဖြစ်သူအား လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် အောက်ပါကြွေးမြီ သို့မဟုတ် တောင်းဆိုမှု တစ်ရပ်ရပ်အပေါ် ပေးရန်တာဝန်မှ ကင်းလွတ်ခွင့်မရှိစေရ-

(၁) တမင်ပေါ့ဆစွာပြုလုပ်မှု၊ စိတ်ငြိုငြင်စေမှု သို့မဟုတ် ဥပဒေအရဖြစ်စေ၊ ပဋိညာဉ်အရဖြစ်စေ သို့မဟုတ် အခြားတာဝန်တစ်ရပ်အရဖြစ်စေ ချိုးဖောက်မှုတစ်ခုခုကြောင့် ပေးရမည်ဖြစ်သော နစ်နာကြေးများ သို့မဟုတ် လူပုဂ္ဂိုလ်ဆိုင်ရာ ထိခိုက်နစ်နာမှုနှင့်စပ်လျဉ်း၍ နစ်နာကြေးများပေးရန် တာဝန်တွင် ပါဝင်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု၊

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လူမွဲဖြစ်သူက အရွယ်မရောက်သေးသူ သားသမီးများအတွက် ထောက်ပံ့ကြေးပေးရန် ချမှတ်ထားသော အမိန့်တစ်ရပ်ရပ်အရ ပေါ်ပေါက်လာသော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှု။

(ဆ) လူမွဲအဖြစ်မှ ရပ်စဲခြင်းသည် ထိုလူမွဲဖြစ်သူအပေါ် နည်းဥပဒေများတွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်း ၎င်း၏လူမွဲခံယူခြင်းဆိုင်ရာမှုခင်းတွင် သက်သေပြနိုင်သော ကြွေးမြီများ မဟုတ်သည့် အခြားလူမွဲခံယူခြင်းဆိုင်ရာမှုခင်းများမှ ကြွေးမြီများကို ပေးဆပ်ရန် တာဝန်မှ ကင်းလွတ်စေခြင်းမရှိစေရ။

( ဇ ) လူမွဲအဖြစ်မှ ရပ်စဲသည့်အခါ လူမွဲဖြစ်သူမှအပ လူမွဲဖြစ်မှုနှင့် ပတ်သက်နေသည့် အခြားသူ သို့မဟုတ် လူမွဲအတွက် အာမခံသူအဖြစ် ဆောင်ရွက်ခဲ့သူ သို့မဟုတ် အာမခံသူတစ်ဦးတစ်ယောက်ကဲ့သို့ တာဝန်ယူခဲ့သူတစ်ဦးအနေဖြင့် ယင်းသို့ ဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာသည့် တာဝန်များမှ ကင်းလွတ်ခွင့်မရှိစေရ။

( ဈ ) လူပုဂ္ဂိုလ်ဆိုင်ရာ ထိခိုက်နစ်နာမှုဆိုရာတွင် သေဆုံးစေခြင်း သို့မဟုတ် အနာရောဂါတစ်ရပ်ရပ်ကို စွဲကပ်စေခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအခြေအနေကို ချို့ယွင်းပျက်စီးစေခြင်းလည်း ပါဝင်စေရမည်။

**လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်နိုင်သော တရားရုံး၏အာဏာ**

၂၆၈။ (က) သက်သေခံချက်အသစ်တစ်ရပ်ရပ်အရ အောက်ပါအကြောင်းအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် တရားရုံးသည် လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်နိုင်သည်-

(၁) ယင်းအမိန့်ချမှတ်ခဲ့စဉ်က ထိုအမိန့်ကို ချမှတ်ရန်မသင့်ကြောင်း ထင်ရှားစေသည့် အကြောင်းအချက်တစ်ရပ်ရပ် တည်ရှိခဲ့ခြင်း၊

(၂) ထိုလူမွဲပိုင်ပစ္စည်းများအပေါ်တွင် သက်သေပြနိုင်သော ကြွေးမြီများ သို့မဟုတ် တောင်းဆိုမှုများနှင့် လူမွဲခံယူခြင်းဆိုင်ရာ ကုန်ကျစရိတ်များအားလုံးကို ပေးဆပ်ပြီးဖြစ်ခြင်း သို့မဟုတ် ထိုအမိန့်ကိုချမှတ်ပြီးနောက် တရားရုံးက ကျေနပ်သည်အထိ အာမခံချက်ပေးထားခဲ့ခြင်း။

( ခ ) လူမွဲအဖြစ်မှ ရပ်စဲပြီးသည်ဖြစ်စေ ရပ်စဲခြင်းမပြုမီဖြစ်စေ တရားရုံးသည် လူမွဲအဖြစ် ခံယူစေသည့်အမိန့်ကို ပယ်ဖျက်နိုင်သည်။

( ဂ ) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်သည့်အခါ -

(၁) တရားရုံး သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူက ဤအပိုင်းပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ လူမွဲပိုင်ပစ္စည်းများကို ရောင်းချမှု သို့မဟုတ် အခြားနည်းလမ်းအရ စီမံခန့်ခွဲမှု သို့မဟုတ် ပေးချေမှု သို့မဟုတ် နည်းလမ်းတကျ ဆောင်ရွက်ချက်များသည် အတည်ဖြစ်စေရမည်။

(၂) သို့ရာတွင် အထက်ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ လူမွဲပိုင်ပစ္စည်းတစ်ရပ်ရပ်အား ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ အပ်နှံထားရှိခဲ့လျှင် ထိုပစ္စည်းကို တရားရုံးကခန့်ထားသည့်သူထံသို့ဖြစ်စေ ထိုသို့ခန့်ထားခြင်းမရှိခဲ့လျှင် လူမွဲဖြစ်သူထံသို့ဖြစ်စေ တရားရုံးက ညွှန်ကြားသည့်အတိုင်း သင့်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်အပ်နှံရမည်။

**အခန်း(၃)**

**လူမွဲပိုင်ပစ္စည်းများအား ကာကွယ်ပေးခြင်းနှင့်**
**လူမွဲ၏လုပ်ငန်းကိစ္စများကို စုံစမ်းစစ်ဆေးခြင်း**

**လူမွဲပိုင်ပစ္စည်းများ**

၂၆၉။ (က) ဤအပိုင်း (၈) ပါ ပြဋ္ဌာန်းချက်များအလို့ငှာ လူမွဲပိုင်ပစ္စည်းများတွင် အောက်ပါပစ္စည်းများ ပါဝင်ရမည်-

(၁) လူမွဲဖြစ်မှုစတင်ချိန်တွင် လူမွဲက ပိုင်ဆိုင်သော သို့မဟုတ် ဆက်ခံပိုင်ဆိုင်သော ပစ္စည်းများအားလုံး၊

(၂) ဤမှနောက်တွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များအရ ထိုပစ္စည်းများတွင် ပါဝင်သည်ဟု သတ်မှတ်ထားသော ပစ္စည်းများအားလုံး သို့မဟုတ် ပုဒ်မခွဲငယ် (၁) အတွင်း ကျရောက်သည်ဟု မှတ်ယူထားသော ပစ္စည်းများအားလုံး။

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော လူမွဲပိုင်ပစ္စည်းများတွင် ဤဥပဒေအရ သတ်မှတ်ထားသည့် ဖယ်ထုတ်ရမည့်ပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

( ဂ ) ဤအပိုင်းပါပြဋ္ဌာန်းချက်များအလို့ငှာ လူမွဲပိုင်ပစ္စည်းများတွင် လူမွဲမဟုတ်သော အခြားသူတစ်ဦးတစ်ယောက်၏ အခွင့်အရေးများပါရှိလျှင် ယင်းတို့ကို ထိခိုက်စေခြင်း မရှိစေရ။ သို့ရာတွင် မြီစားအား လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာနှင့်အတူ ဤဥပဒေပုဒ်မ ၂၅၁ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ သတ်မှတ်ထားသော ဖော်ပြချက်ပါ အခွင့်အရေးများနှင့်သက်ဆိုင်ခြင်း မရှိစေရ။

**လူမွဲပိုင်ပစ္စည်းများအား စီမံခန့်ခွဲခြင်းအပေါ် ကန့်သတ်ချက်များ**

၂၇၀။ (က) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းသည့်နေ့မှစ၍ ဤအခန်း (၄) ပါ ပြဋ္ဌာန်းချက်များအရ ယုံမှတ်အပ်နှံခြင်းခံရသူ၏ လက်ဝယ်သို့ လူမွဲပိုင်ပစ္စည်းများအား လွှဲပြောင်းအပ်နှံပြီးသည်အထိ သက်ဆိုင်စေရမည်။

( ခ ) တစ်ဦးတစ်ယောက်အား လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ရာတွင် ဤပုဒ်မ၌ ဖော်ပြထားသည့် အချိန်ကာလအတွင်း လူမွဲဖြစ်သူမှ ၎င်းပိုင်ပစ္စည်းအား စီမံခန့်ခွဲခြင်းသည် တရားရုံး၏ခွင့်ပြုချက် သို့မဟုတ် တရားရုံးက အတည်ပြုပေးခဲ့သော အတိုင်းအတာအထိမှတစ်ပါး ပျက်ပြယ်စေရမည်။

( ဂ ) ပုဒ်မခွဲ ( ခ ) ပါ ပြဋ္ဌာန်းချက်များသည် လူမွဲပိုင်ပစ္စည်းများအား စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်သကဲ့သို့ ငွေပေးချေမှုများနှင့်လည်း သက်ဆိုင်စေရမည့်အပြင် ငွေပေးချေမှုတစ်ရပ်သည် ယင်းပုဒ်မခွဲအရ ပျက်ပြယ်သည့်အခါ ထိုပေးချေမှုကို လက်ခံရယူထားသူသည် ယင်းသို့ပေးချေခဲ့သော ငွေပမာဏကို လူမွဲပိုင်ပစ္စည်းများ၏ အစိတ်အပိုင်းအဖြစ် ထိန်းသိမ်းထားရှိရမည်။

(ဃ) အထက်ပါပြဋ္ဌာန်းချက်များသည် အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်ကို ဆန့်ကျင်၍ ကုစားမှုပေးသည်ဟု မှတ်ယူခြင်းမပြုရ-

(၁) လူမွဲခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတင်သွင်းပြီးနောက် လူမွဲဖြစ်မှု စတင်ခြင်းမပြုမီ ထိုသို့လျှောက်လွှာတင်သွင်းထားခြင်းကို တစ်စုံတစ်ဦးကမသိရှိဘဲ သဘောရိုးဖြင့် တန်ရာတန်ကြေးပေးကာ ရယူခဲ့သောပစ္စည်း သို့မဟုတ် ငွေပေးချေမှု တစ်ရပ်ရပ်၊

(၂) ဤပုဒ်မခွဲအရ ကုစားခွင့်မရှိသောပစ္စည်းနှင့် စပ်လျဉ်း၍ အကျိုးခံစားခွင့်တစ်ရပ်ရပ်။

( င ) လူမွဲဖြစ်မှုစတင်ပြီးနောက် လူမွဲက ဘဏ် သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်ထံမှ ကြွေးမြီရယူခဲ့ရာတွင် ယင်းသို့ရယူမှုမှာ ဤပုဒ်မအရပျက်ပြယ်သော ပေးချေမှုဖြစ်သော်လည်း ထိုကြွေးမြီမှာ အောက်ပါအခြေအနေတစ်ရပ်ရပ်အရဖြစ်လျှင် ဤအပိုင်းပါပြဋ္ဌာန်းချက်များအလို့ငှာ ထိုကြွေးမြီကို လူမွဲဖြစ်မှုစတင်ခြင်းမပြုမီ တင်ရှိသော ကြွေးမြီဖြစ်သည်ဟု မှတ်ယူရမည် -

(၁) ကြွေးမြီရယူစဉ်က ထိုမြီစားမှာ လူမွဲဖြစ်ကြောင်းကို ထိုဘဏ် သို့မဟုတ် ထိုသူက မသိရှိခဲ့ခြင်း၊

(၂) ထိုပေးချေမှုကို လက်ခံခဲ့သူထံမှ ထိုငွေပမာဏကို ပြန်လည်ရရှိရန်မှာ ကျိုးကြောင်းဆီလျော်မှုရှိခြင်း။

( စ ) ပစ္စည်းတစ်ရပ်သည် လူမွဲပိုင်ပစ္စည်းမဟုတ်လျှင် သို့မဟုတ် လူမွဲပစ္စည်းတွင် ပါဝင်ခြင်းမရှိလျှင် ထိုပစ္စည်းများကို စီမံခန့်ခွဲခြင်းသည် ဤပုဒ်မအရ ပျက်ပြယ်စေရမည်။ သို့ရာတွင် ဤပုဒ်မပါ မည်သည့်အချက်ကမျှ အခြားသူတစ်ဦးတစ်ယောက်အတွက် ယုံကြည်အပ်နှံထားသော လူမွဲ၏လက်ဝယ်ရှိပစ္စည်းအား တစ်ဦးတစ်ယောက်က စီမံခန့်ခွဲမှုကို ထိခိုက်စေခြင်းမရှိစေရ။

**မှုခင်းများနှင့် ကုစားခွင့်များပေးခြင်းအပေါ် ကန့်သတ်ချက်များ**

၂၇၁။ (က) လူမွဲအဖြစ်ခံယူစေသည့်အမိန့်တစ်ရပ် ချမှတ်ပြီးနောက် လူမွဲပိုင်ပစ္စည်းအပေါ် သက်သေထင်ရှားပြသနိုင်သော ကြွေးမြီ သို့မဟုတ် တောင်းဆိုမှုတစ်ရပ်နှင့်စပ်လျဉ်း၍ မည်သည့်မြီရှင်ကမျှ အောက်ပါကိစ္စများကို ဆောင်ရွက်ခြင်းမပြုရ -

(၁) ထိုကြွေးမြီ သို့မဟုတ် တောင်းဆိုမှုအတွက် လူမွဲဖြစ်သူအပေါ် သို့မဟုတ် ၎င်းပိုင်ပစ္စည်းအပေါ် ကုစားမှုတောင်းခံခြင်း သို့မဟုတ်

(၂) လူမွဲအဖြစ်မှ ရပ်စဲခြင်းမပြုမီ တရားရုံး၏ခွင့်ပြုချက်အရနှင့် ယင်းကသတ်မှတ်သည့် စည်းကမ်းများနှင့်အညီမှတစ်ပါး လူမွဲအပေါ် အရေးယူဆောင်ရွက်ချက် သို့မဟုတ် ဥပဒေဆိုင်ရာ မှုခင်းဆောင်ရွက်ချက်တစ်ရပ်ရပ် စတင်ဆောင်ရွက်ခြင်း။

( ခ ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များသည် အာမခံအကျိုးခံစားခွင့်ရမြီရှင် တစ်ဦးက အာမခံပစ္စည်းအား အတည်ပြုဆောင်ရွက်နိုင်သည့် အခွင့်အရေးကို ထိခိုက်စေခြင်းမရှိစေရ။

( ဂ ) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ်အရ မှုခင်းကို ဆက်လက်ဆောင်ရွက်နေစဉ် ကာလအတွင်း မည်သည့်အချိန်တွင်မဆို သို့မဟုတ် လူမွဲအဖြစ် ခံယူစေသည့် အမိန့်ချမှတ်ပြီးနောက်ပိုင်း မည်သည့်အချိန်တွင်မဆို တရားရုံးသည် လူမွဲအပေါ်ဖြစ်စေ၊ ၎င်းပိုင်ပစ္စည်းအပေါ်ဖြစ်စေ ဆောင်ရွက်နေသည့် အရေးယူဆောင်ရွက်မှု သို့မဟုတ် ဒီကရီ အတည်ပြုမှု သို့မဟုတ် အခြားသော ဥပဒေဆိုင်ရာ မှုခင်းဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆိုင်းငံ့ထားနိုင်သည်။

(ဃ) တစ်စုံတစ်ယောက်အပေါ်တွင် လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာတစ်ရပ် တင်သွင်းထားကြောင်း သို့မဟုတ် ထိုသူသည် လူမွဲဖြစ်မှုမရပ်စဲသေးကြောင်း သက်သေထင်ရှားသည့်အခါ ထိုသူအပေါ် စစ်ဆေးနေသော တရားရုံးသည် ထိုမှုခင်းကို ဆိုင်းငံ့ခြင်း သို့မဟုတ် သင့်တော်သည်ဟု ထင်မြင်ယူဆသော စည်းကမ်းချက်များ သတ်မှတ်၍ ဆက်လက်ဆောင်ရွက်စေခြင်း ပြုနိုင်သည်။

( င ) လူမွဲဖြစ်မှု မရပ်စဲသေးသော လူမွဲမှပိုင်ဆိုင်သည့် ကုန်စည်များကို တစ်နည်းနည်းဖြင့် ပေါင်နှံခြင်း သို့မဟုတ် အာမခံပေး၍ ပေါင်နှံခြင်းဖြင့် တစ်စုံတစ်ယောက်က လက်ဝယ်ရယူထားသည့်ကိစ္စတွင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ယင်းပစ္စည်းကို စစ်ဆေးလိုကြောင်း လက်ဝယ်ရယူထားသူထံသို့ အကြောင်းကြားစာပေးပို့၍ ကြည့်ရှုစစ်ဆေးနိုင်သည်။

( စ ) ပုဒ်မခွဲ ( င ) အရ အကြောင်းကြားစာတစ်ရပ် ပေးပို့ထားခဲ့သည့်ကိစ္စတွင် ထိုပစ္စည်း လက်ဝယ်ရှိသူအနေဖြင့် ယုံမှတ်အပ်နှံခြင်းခံရသူအား ထိုကုန်ပစ္စည်းကို စစ်ဆေးရန် အခွင့်အရေးနှင့် လူမွဲအား ပြန်လည်ရွေးနုတ်ရန် အခွင့်အရေးကို ကျိုးကြောင်းဆီလျော်စွာ ပေးအပ်ခဲ့ခြင်းမရှိလျှင် ထိုသူသည် မိမိရရှိထားသော အာမခံပစ္စည်းအား ထုခွဲရောင်းချခြင်းကို တရားရုံး၏ ခွင့်ပြုချက်မရဘဲ ဆောင်ရွက်ခွင့်မရှိစေရ။

(ဆ) လူမွဲ၏ပစ္စည်း သို့မဟုတ် ကုန်စည်သည် လူမွဲပိုင်ပစ္စည်းတွင် ပါဝင်သည်ဖြစ်စေ မပါဝင်သည်ဖြစ်စေ ဤပုဒ်မတွင် ရည်ညွှန်းဖော်ပြထားသည့် လူမွဲ၏ပစ္စည်း သို့မဟုတ် ကုန်စည်ဆိုသည့် စကားရပ်တွင် ပါဝင်စေရမည်။ **စာမျက်နှာ ၁၆ သို့**

○ စာမျက်နှာ ၁၅ မှ

**ယာယီပစ္စည်းထိန်းအား ခန့်အပ်ရန်အခွင့်အာဏာ**

၂၇၂။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန်လျှောက်ထားပြီးနောက် ထိုအမိန့်ချမှတ်ခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို မြီစား၏ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်မည်ဟု ထင်မြင်ယူဆပါက တရားရုံးသည် တရားဝင်ပစ္စည်းထိန်းအား ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်နိုင်သည်။

( ခ ) အပိုင်း (၆) လုပ်ငန်းစဉ်ကို ဆောင်ရွက်နေသည့် လုပ်ငန်း၏ လုပ်ငန်းရှင်အပေါ် လူမွဲအဖြစ် ခံယူစေသည့်အမိန့်တစ်ရပ်ချမှတ်သည့်အခါ ယင်းအပိုင်း (၆) လုပ်ငန်းစဉ်မှ ပြန်လည်ထူထောင်ရေး အကြံပေးအား တရားရုံးက ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်နိုင်သည်။

( ဂ ) ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမိန့်ချမှတ်ရာတွင် တရားရုံးသည် ယာယီပစ္စည်းထိန်း၏ လုပ်ပိုင်ခွင့်အာဏာများကို ကန့်သတ်ချုပ်ချယ်သည့် တားမြစ်ချက်များအား ထည့်သွင်းချမှတ်နိုင်သည်။

(ဃ) တရားရုံးသည် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမိန့်ချမှတ်ရာတွင် မြီစားပိုင်ပစ္စည်း သို့မဟုတ် ယင်း၏တစ်စိတ်တစ်ပိုင်းကို ယာယီပစ္စည်းထိန်းက ချက်ချင်းလက်ရောက်ရယူစေရန် ယင်းအမိန့်တွင် ထည့်သွင်းချမှတ်ရမည်။

( င ) တရားရုံးသည် ယာယီပစ္စည်းထိန်းအဖြစ် ခန့်အပ်သည့်အမိန့်တွင် ယာယီပစ္စည်းထိန်းမှ အခါအားလျော်စွာ ရရှိခွင့်ရှိမည့် အခကြေးငွေကို သတ်မှတ်ဖော်ပြနိုင်သည်။

( စ ) တရားရုံးက ပုဒ်မခွဲ ( ဂ )အရ အမိန့်တစ်ရပ် ချမှတ်ခြင်းမပြုလျှင် ဤပုဒ်မအရ ခန့်အပ်ထားသော ယာယီပစ္စည်းထိန်းတစ်ဦးသည် မြီစားပိုင်ပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအခွင့်အရေး၊ လုပ်ပိုင်ခွင့်အာဏာနှင့် တာဝန်များရရှိစေရမည်-

(၁) မြီစားပိုင်ပစ္စည်းများတွင် ပျက်စီးလွယ်သည့်ကုန်ပစ္စည်းများ သို့မဟုတ် အမှုအတွင်း တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မပြုပါက တန်ဖိုးယုတ်လျော့သွားနိုင်သော ကုန်ပစ္စည်းများ ပါရှိလျှင် ယင်းကုန်ပစ္စည်းကို ရောင်းချခြင်း သို့မဟုတ် အခြားနည်းဖြင့် စီမံခန့်ခွဲခြင်း၊

(၂) လိုအပ်သည်ဟု ထင်မြင်ပါက မြီရှင်များအစည်းအဝေး တစ်ရပ်ကို ခေါ်ယူကျင်းပခြင်း။

(ဆ) ဤပုဒ်မအရ ခန့်ထားသော ယာယီပစ္စည်းထိန်းအား တရားရုံးမှ ညွှန်ကြားချက်မရှိဘဲ ဤပုဒ်မပါ မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုန်ကျစရိတ်ရှိသော လုပ်ငန်းများကို လုပ်ကိုင်စေရန် အခွင့်အာဏာပေးအပ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

( ဇ ) ဤပုဒ်မအရ ခန့်ထားသော ယာယီပစ္စည်းထိန်းတစ်ဦးက မြီစားပိုင်ပစ္စည်းများတွင် ပါဝင်ခြင်းမရှိသော ပစ္စည်းတစ်ရပ်ရပ်အား သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာတွင် ၎င်း၏ တမင်ပေါ့ဆမှုကြောင့် ဖြစ်ပွားသည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုမှတစ်ပါး အခြားသော ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်ထံသို့ ပေးလျော်ရန်တာဝန်မရှိစေရ။ သို့ရာတွင် ယာယီပစ္စည်းထိန်းတစ်ဦးအနေဖြင့် ထိုသို့သိမ်းဆည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုလုပ်စဉ်က ထိုသို့ပြုလုပ်ရန် မိမိတွင် လုပ်ပိုင်ခွင့်ရှိကြောင်း ဆီလျော်သော အကြောင်းအချက်ရှိသည်ဟု မိမိကိုယ်တိုင်က ထင်မြင်ယုံကြည်၍ ပြုလုပ်ခြင်း ဖြစ်ရမည်။

( ဈ ) ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားပြီးနောက် မြီစားသည် ယာယီပစ္စည်းထိန်းအား ၎င်း၏ တာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန်အတွက် လိုအပ်သော ပစ္စည်းစာရင်းနှင့် အချက်အလက်များကို ပေးအပ်ရမည့်အပြင် ယာယီပစ္စည်းထိန်းက အခါအားလျော်စွာတောင်းခံသော အခြားလိုအပ်သည့် အကူအညီများကိုလည်း မပျက်မကွက် ဆောင်ရွက်ပေးရမည်။

(ည) ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားရာတွင် ထိုသို့ ခန့်ထားသည့်အချိန်နှင့် လူမွဲခံယူစေရန် လျှောက်ထားချက်အရ လူမွဲအဖြစ် ခံယူစေသည့် အမိန့်ချမှတ်သည့်အချိန် သို့မဟုတ် ထိုလျှောက်လွှာကို ပလပ်သည့် အချိန်ကာလအထိ ကြားကာလတွင် ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

( ဋ ) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မြီစားပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယာယီပစ္စည်းထိန်းတစ်ဦးကို ခန့်ထားခြင်းသည် ရပ်စဲစေရမည်-

(၁) ထိုမြီစားအပေါ်လျှောက်ထားသည့် လူမွဲအဖြစ် ခံယူစေသည့်အမိန့် ချမှတ်ပေးရန် လျှောက်လွှာအား ပလပ်ခြင်း၊

(၂) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ပေးရန် လျှောက်လွှာအရ မြီစားအား လူမွဲအဖြစ် ခံယူစေသည့် အမိန့်ချမှတ်ခြင်း၊

(၃) ထိုသို့ခန့်ထားမှုကို အခြားတစ်နည်းနည်းဖြင့် ရပ်စဲစေရန် တရားရုံးက အမိန့်ချမှတ်ခြင်း။

( ဌ ) မြီစားအား လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံခဲ့ရလျှင် ပစ္စည်းတစ်ရပ်သည် နောင်တွင် လူမွဲ၏ပစ္စည်းနှင့် ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လူမွဲပိုင်ပစ္စည်းများအဖြစ် ဤပုဒ်မတွင် ရည်ညွှန်းဖော်ပြထားချက်များအရ ၎င်း၏ ပစ္စည်းများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်။

**လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်**

၂၇၃။ (က) မြီစားတစ်ဦး၏ လျှောက်ထားချက်အရမှတစ်ပါး လူမွဲအဖြစ်ခံယူစေသည့် အမိန့်တစ်ရပ်ချမှတ်သည့်အခါ လူမွဲဖြစ်သူ မြီစားသည် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ မိမိ၏ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်ကို လူမွဲဖြစ်မှု စတင်သည့်နေ့မှစ၍ ၂၁ ရက်အတွင်း နည်းဥပဒေများဖြင့် သတ်မှတ်ထားချက်များနှင့်အညီ တင်သွင်းရမည်။

( ခ ) ယုံမှတ်အပ်နှံခြင်းခံရသူသည် -

(၁) ပုဒ်မခွဲ (က) အရ လူမွဲဖြစ်သူမြီစားအပေါ် တင်ရှိသည့်တာဝန်မှ ကင်းလွတ်ခွင့်ပေးနိုင်သည် သို့မဟုတ်

(၂) ပုဒ်မခွဲ (က) အရသတ်မှတ်ကာလကို တိုးချဲ့သတ်မှတ်ပေးနိုင်သည်။ သို့ရာတွင် ဤပုဒ်မအရ အပ်နှင်းထားသော အခွင့်အာဏာကို ယုံမှတ်အပ်နှံခြင်းခံရသူက ကျင့်သုံးရန် ငြင်းဆိုလျှင် တရားရုံးသည် ထိုအခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

( ဂ ) လူမွဲဖြစ်သူမြီစားသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ -

(၁) ဤပုဒ်မတွင် ဖော်ပြသတ်မှတ်ထားသောတာဝန်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ဖြစ်စေ၊

(၂) လုပ်ငန်းကိစ္စများနှင့်စပ်လျဉ်း၍ ထုတ်ဖော်ကြေညာချက်တစ်ရပ်ကို နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းခြင်းမပြုလျှင် ဖြစ်စေ။

၎င်းသည် ဤဥပဒေပါ ပြစ်ဒဏ်များချမှတ်ခြင်းခံရမည့်အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်း ခံထိုက်စေရမည်။

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ စုံစမ်းထောက်လှမ်းမှုပြုရန် တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၂၇၄။ (က) ခန့်အပ်ခြင်းခံရပြီးနောက် ယုံမှတ်အပ်နှံခြင်းခံရသူသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ချမှတ်ခြင်းမပြုမီကာလအထိ လုပ်ဆောင်ခဲ့သော လူမွဲဖြစ်သူမြီစား၏ လုပ်ငန်းကိစ္စရပ်များနှင့် ဆောင်ရွက်မှုများအပါအဝင် လုပ်ငန်းကိစ္စများနှင့် ဆောင်ရွက်မှုများကို စုံစမ်းထောက်လှမ်းခြင်း၊

(၂) တွေ့ရှိချက်ကို တရားရုံးသို့ အစီရင်ခံတင်ပြခြင်း။

( ခ ) စုံစမ်းစစ်ဆေးရန် လိုအပ်ခြင်းမရှိဟု ယုံမှတ်အပ်နှံခြင်းခံရသူက ထင်မြင်ယူဆသည့်အခါ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ခြင်း မရှိစေရ။

( ဂ ) ဤပုဒ်မအရ တင်ပြသော ယုံမှတ်အပ်နှံခြင်းခံရသူ၏ အစီရင်ခံစာသည် လူမွဲမှုခင်းများတွင် ဦးစွာ အမြင်အားဖြင့် ခိုင်မာသည့် သက်သေခံချက်ဖြစ်စေရမည်။

**လူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်မေးခြင်း**

၂၇၅။ (က) လူမွဲအဖြစ် ခံယူစေသည့်အမိန့်တစ်ရပ် ချမှတ်ပြီးချိန်မှစ၍ လူမွဲအဖြစ်ရပ်စဲသည့် အမိန့်ချမှတ်ခြင်းမပြုမီကာလအတွင်း မည်သည့်အချိန်ကာလတွင်မဆို ထိုလူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာခွင့်ပြုရန် ယုံမှတ်အပ်နှံခြင်းခံရသူက တရားရုံးသို့ လျှောက်ထားနိုင်သည်။

( ခ ) တရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ခဲ့ခြင်းမရှိလျှင် အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာပေးခွင့်ပြုရန် အကြောင်းကြားစာပေးပို့သူ မြီရှင်အပါအဝင် ကြွေးမြီ စုစုပေါင်းတန်ဖိုး၏ ထက်ဝက်ထက်မနည်း ပိုင်ဆိုင်သူမြီရှင်များ၏ သဘောတူညီချက်ဖြင့် မြီရှင်တစ်ဦးက နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်းဆိုသည့် အကြောင်းကြားစာကို ရရှိပါက ယုံမှတ်အပ်နှံခြင်းခံရသူသည် ပုဒ်မခွဲ (က) အရ လျှောက်လွှာကို တင်သွင်းရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ တရားရုံးသည် လူမွဲဖြစ်သူ မြီစားအား သတ်မှတ်သည့်နေ့ရက်တွင် အများပြည်သူရှေ့မှောက်၌ စစ်ဆေးကြားနာမည်ဖြစ်ကြောင်း ညွှန်ကြားရမည်ဖြစ်ပြီး ထိုသို့ သတ်မှတ်သည့်နေ့ရက်တွင် လူမွဲဖြစ်သူ မြီစားသည် လာရောက်ရမည့်အပြင် ၎င်းပိုင်ဆိုင်သော လုပ်ငန်းကိစ္စများ၊ ဆက်သွယ်ဆောင်ရွက်ချက်များနှင့် ပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းမှုကို ခံယူရမည်။

(ဃ) အောက်ပါပုဂ္ဂိုလ်များသည် လူမွဲဖြစ်သူမြီစားအား အများပြည်သူရှေ့မှောက်တွင် စစ်ဆေးကြားနာရာ၌ မြီစားပိုင်ဆိုင်သော ဆက်သွယ်ဆောင်ရွက်ချက်များ၊ ပစ္စည်းများ၊ လုပ်ငန်းကိစ္စများ၊ လုပ်ငန်းများမအောင်မြင်ရသည့် အကြောင်းရင်းများနှင့်စပ်လျဉ်း၍ လူမွဲဖြစ်သူမြီစားအပေါ်၌ စစ်ဆေးမေးမြန်းနိုင်သည် -

(၁) အတည်ပြုခန့်အပ်ခြင်းခံရသော ယုံမှတ်အပ်နှံခြင်းခံရသူ၊

(၂) တရားဝင်ပစ္စည်းထိန်း၊

(၃) လူမွဲမှုခင်းတွင် လူမွဲဖြစ်သူမြီစားအပေါ် ကြွေးမြီတင်ရှိကြောင်း သက်သေပြနိုင်သည့် မြီရှင်များ။

( င ) ဤပုဒ်မအရ စစ်ဆေးမေးမြန်းမှုတွင် လူမွဲဖြစ်သူမြီစားသည် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိဘဲ တရားရုံးရှေ့သို့ လာရောက်ရန် ပျက်ကွက်လျှင် ၎င်းသည် ဤဥပဒေပါ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့်အပြင် တရားရုံး မထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်း ခံထိုက်စေရမည်။

**လူမွဲဖြစ်သူမြီစားက ဆောင်ရွက်ပေးရမည့် တာဝန်များ**

၂၇၆။ (က) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရပါက လူမွဲသည် အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် -

(၁) မိမိ၏လက်ဝယ်တွင်ရှိသော ပစ္စည်းများကို တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ခြင်း၊

(၂) မည်သည့် စစ်ဆေးစီရင်မှုတွင်မဆို ထုတ်ဖော်ပြောဆိုခြင်းမှ ကင်းလွတ်ခွင့်ရသော အကြောင်းအရာများအပါအဝင် ၎င်းပိုင်ပစ္စည်းများနှင့် သက်ဆိုင်ပြီး ၎င်း၏လက်ဝယ် သို့မဟုတ် စီမံခန့်ခွဲမှုအောက်တွင်ရှိနေသော စာအုပ်၊ စာရွက်စာတမ်းများနှင့် မှတ်တမ်းများကိုလည်း တရားဝင်ပစ္စည်းထိန်း သို့မဟုတ် ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ခြင်း။

( ခ ) လူမွဲပိုင်ပစ္စည်းများတွင် ပါဝင်သည့် အချို့သောပစ္စည်းများမှာ ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ လက်ရောက်ပေးအပ်ရန် မဖြစ်နိုင်သော ပစ္စည်းများဖြစ်သည့်ကိစ္စနှင့် လူမွဲပိုင်ပစ္စည်းဖြစ်ကြောင်း ယုံမှတ်အပ်နှံခြင်းခံရသူက တောင်းဆိုနိုင်သော ပစ္စည်းတစ်ရပ်ရပ်ဖြစ်သည့် ကိစ္စများတွင် ထိုသို့သော အရာဝတ္ထုများ သို့မဟုတ် ပစ္စည်းများနှင့်စပ်လျဉ်း၍ အကာအကွယ်ပေးရန်အတွက် ယုံမှတ်အပ်နှံခြင်းခံရသူက ကျိုးကြောင်းဆီလျော်စွာ တောင်းဆိုသည့် နည်းလမ်းများအတိုင်း အားလုံးကို ဆောင်ရွက်ပေးရန် လူမွဲတွင် တာဝန်ရှိရမည်။

( ဂ ) လူမွဲသည်-

(၁) ၎င်းပိုင်ပစ္စည်းများ၏ စာရင်းနှင့် အခြားလိုအပ်သော အချက်အလက်များကို ယုံမှတ်အပ်နှံခြင်းခံရသူထံသို့ ပေးအပ်ရမည့်အပြင်၊

(၂) ဤအပိုင်းပါ ရည်ရွယ်ချက်တစ်ရပ်အလို့ငှာ ကျိုးကြောင်းဆီလျော်စွာ ဆင့်ဆိုသည့် ကိစ္စများတွင် ယုံမှတ်အပ်နှံခြင်းခံရသူအား လာရောက်ကူညီဆောင်ရွက်ပေးရမည်။

(ဃ) လူမွဲဖြစ်သူအနေဖြင့် လူမွဲအဖြစ်မှ ရပ်စဲသွားသည့်တိုင်အောင် ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်စေရမည်။

( င ) လူမွဲအဖြစ်ခံယူစေသည့် အမိန့်ချမှတ်ခြင်းခံရသူသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဤပုဒ်မအရသတ်မှတ်ထားသော တာဝန်များကို လိုက်နာရန် ပျက်ကွက်လျှင် ၎င်းသည် ဤဥပဒေဖြင့် သတ်မှတ်ထားသောပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည့်အပြင် တရားရုံးမထီမဲ့မြင်ပြုမှုဖြင့်လည်း အရေးယူခြင်း ခံထိုက်စေရမည်။

**အခန်း(၄)**

**လူမွဲမှုခင်းမှ ယုံမှတ်အပ်နှံခြင်းခံရသူများ**

**ယုံမှတ်အပ်နှံခြင်းခံရသူ၏ ရာထူးသက်တမ်း**

**ခန့်အပ်ခြင်း**

၂၇၇။ (က) မည်သူမဆို ဤဥပဒေအပိုင်း (၃) ပါ ပြဋ္ဌာန်းချက်များအရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်ထားခြင်းမရှိလျှင် လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ခြင်း မခံထိုက်စေရ။

( ခ ) လူမွဲပိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအဖြစ် ခန့်အပ်ရန် အခွင့်အာဏာတွင် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများကို ပူးတွဲယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်နိုင်သည့်အခွင့်အာဏာလည်း ပါဝင်စေရမည်။ သို့ရာတွင် ထိုသို့ ခန့်အပ်ရာ၌ ယုံမှတ်အပ်နှံခြင်းခံရသူများသည် ပူးတွဲဆောင်ရွက်စေရန် သို့မဟုတ် တစ်ဦးမှ တစ်ဦးသို့ ကိုယ်စားလွှဲအပ်ဆောင်ရွက်နိုင်စေရန် အခွင့်အာဏာကို သတ်မှတ်ပေးရမည်။

( ဂ ) အချို့သောအခြေအနေများ၌ တရားဝင်ပစ္စည်းထိန်းအား ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအဖြစ် ခန့်ထားနိုင်ကြောင်း ပြဋ္ဌာန်းထားသော ဤအခန်းပါပြဋ္ဌာန်းချက်များကို ဤပုဒ်မပါပြဋ္ဌာန်းချက်များက ထိခိုက်စေခြင်း မရှိစေရ။

**ယုံမှတ်အပ်နှံခြင်းခံရသူကို ရာထူးမှ ဖယ်ရှားခြင်း၊ ရာထူးနေရာလစ်လပ်ခြင်း**

၂၇၈။ (က) ယုံမှတ်အပ်နှံခြင်းခံရသူတစ်ဦးအား တရားရုံး၏အမိန့်အရဖြစ်စေ၊ နည်းဥပဒေများအရ ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ၎င်းအား ရာထူးမှဖယ်ရှားရန် ကျင်းပသော မြီရှင်များ၏ အထွေထွေအစည်းအဝေး ဆုံးဖြတ်ချက်အရဖြစ်စေ ရာထူးမှ ဖယ်ရှားနိုင်သည်။

( ခ ) ယုံမှတ်အပ်နှံခြင်းခံရသူအား အစားထိုးခန့်အပ်ရန်အတွက် ကြွေးမြီစုစုပေါင်းတန်ဖိုး၏ လေးပုံတစ်ပုံထက်မနည်း ပိုင်ဆိုင်သူ မြီရှင်များ၏ သဘောတူညီချက်ဖြင့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော မြီရှင်များက အစည်းအဝေးတစ်ရပ် ဆင့်ခေါ်ပေးရန် တောင်းဆိုလျှင် သို့မဟုတ် တရားရုံးက ဆင့်ဆိုလျှင် မြီရှင်များ၏ အထွေထွေအစည်းအဝေးကို ဆင့်ခေါ်ရမည်။

( ဂ ) ဤဥပဒေအပိုင်း (၃) အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် ဆောင်ရွက်ရန် သတ်မှတ်ထားသော အရည်အချင်းရှိသူအဖြစ်မှ ရပ်စဲသွားပါက တရားဝင်ပစ္စည်းထိန်း မဟုတ်သော ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ ဖယ်ရှားပေးရမည်။

(ဃ) ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှနုတ်ထွက်ရာတွင် နည်းဥပဒေများအရ ပြဋ္ဌာန်းထားသော နည်းလမ်းများအတိုင်း တရားရုံးသို့ အကြောင်းကြားစာ ပေးပို့ရမည်။

( င ) ယုံမှတ်အပ်နှံခြင်းခံရသူက ပုဒ်မခွဲ (ဃ) အရ ပေးပို့သော အကြောင်းကြားစာတွင် ပုဒ်မ ၃၁၁ အရ မြီရှင်များအပြီးသတ်အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြောင်းနှင့် ယင်းအစည်းအဝေးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကိုလည်း ထည့်သွင်းဖော်ပြရမည်။

( စ ) မြီစားအား လူမွဲအဖြစ်ခံယူစေသည့်အမိန့်ကို ပယ်ဖျက်ခဲ့လျှင် ယုံမှတ်အပ်နှံခြင်းခံရသူသည် ရာထူးမှ ဖယ်ရှားပေးရမည်။

**တာဝန်မှ ရပ်စဲသွားခြင်း**

၂၇၉။ (က) ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် ခန့်အပ်ထားသော တရားဝင်ပစ္စည်းထိန်းအား တာဝန်မှ ရပ်စဲပြီး ၎င်း၏နေရာ၌ အခြားသူတစ်ဦးအား အစားထိုးခန့်အပ်ခဲ့ပါက ထိုတရားဝင်ပစ္စည်းထိန်းသည် အောက်ဖော်ပြပါအချိန်ကာလတစ်ရပ်ရပ်တွင် ၎င်း၏ တာဝန်များသည် ရပ်စဲပြီး ဖြစ်စေရမည်-

(၁) တရားဝင်ပစ္စည်းထိန်းအား မြီရှင်များ၏ အထွေထွေအစည်းအဝေးမှ ခန့်အပ်ခြင်းဖြစ်လျှင် ၎င်း၏နေရာသို့ အစားထိုးခန့်အပ်ပြီးဖြစ်ကြောင်း တရားရုံးသို့ အကြောင်းကြားစာပေးပို့သည့်အချိန်၊ **(ဆက်လက်ဖော်ပြပါမည်)**

# ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကာကွယ်ရေးလှုပ်ရှားမှု ရန်ကုန်မြို့၌ ပြုလုပ်

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)နှင့် Young Insurance တို့ ပူးပေါင်း ဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှု တိုင်းလုံးကျွတ်ကာကွယ်ရေး စီမံချက်လှုပ်ရှားမှုကို မတ် ၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော်ခန်းမဘေး၌ ပြုလုပ်သည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က "ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကာကွယ်ရေးအတွက် ပြည်သူလူထုအကြား အသိပညာဖြန့်ဝေလိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများဖြန့်ဝေခြင်းတို့ကို လူစည်ကားရာနေရာဖြစ်သည့် ရန်ကုန်မြို့တော်ခန်းမဘေး၌သာမက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၂ မြို့နယ်တွင်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည်။

"နှာခေါင်းစည်း အခုရေ ၄၀၀၀၀ ဝယ်ယူထားပြီး အဲဒီထဲကမှ ရန်ကုန်မှာ ဒီနေ့ပြုလုပ်တဲ့လှုပ်ရှားမှာ မျှဝေပေးတာဖြစ်ပါတယ်။ နှာခေါင်းစည်းဝယ်ယူလို့ရတဲ့ အခြေအနေပေါ်မူတည်ပြီး ထပ်မံလှူဒါန်းသွားမှာဖြစ်ပါတယ်" ဟု Young Insurance မှ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးသန့်ဇော်က ပြောကြားသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)နှင့် Young Insurance တို့ ပူးပေါင်း၍ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးအတွက် ပြည်သူလူထုအကြား အသိပညာများ တိုးပွားစေရန် နှာခေါင်းစည်း(Mask)များ စနစ်တကျ တပ်ဆင်သုံးစွဲနိုင်ရေး သရုပ်ပြခြင်း၊ တစ်ဦးချင်း လိုက်နာရမည့်အချက်များပါဝင်သော လက်ကမ်းစာစောင် ၁၅၀၀၀ နှင့် နှာခေါင်းစည်းများ ဝေငှခြင်းကို မြို့တော်ခန်းမဝန်းကျင်တွင် နှာခေါင်းစည်း(Mask) ၁၅၀၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၂ မြို့နယ်တွင် နှာခေါင်းစည်း ၁၀၀၀ စီတို့ကို ယင်းနေ့ နံနက် ၉ နာရီမှစတင်၍ တစ်ပြိုင်နက်တည်း ဝေငှအသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုထက်၊ ပွင့်သစ္စာ၊ ဓာတ်ပုံ – တင်ဝင်းလေး**






# သက်ကြီးလူရွှင်တော်များ ကူညီထောက်ပံ့ရေး ရန်ပုံငွေပေးအပ်လှူဒါန်း

**ပဲခူး မတ် ၄**

ရန်ကုန် လူရွှင်တော်အသင်းက ကြီးမှူးကျင်းပသော သက်ကြီးလူရွှင်တော်များအသင်း ကူညီထောက်ပံ့ရေး ရန်ပုံငွေဘောလုံးပွဲအတွက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ထောက်ပံ့ငွေကျပ် ၁၀ သိန်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ရုံးခန်း၌ မတ် ၄ ရက် နံနက် ၉ နာရီခွဲက ပေးအပ်လှူဒါန်းခဲ့ရာ လူရွှင်တော် ဦးရေှာ၊ ဦးပန်းသီးတို့ ပါဝင်သည့် ရန်ကုန်လူရွှင်တော်များအသင်းမှ လက်ခံရယူခဲ့သည်။

ပဲခူးမြို့ ဟံသာဝတီယူနိုက်တက် ဘောလုံးကွင်း၌ မတ် ၄ ရက် မွန်းလွဲ ၂ နာရီတွင် ဇရော၊ ကျော်ထူး၊ ဒိန်းဒေါင်၊ ထက်လင်း၊ ကောင်းကျော်၊ ဗေဒါ၊ စိန်ပန်းသီး၊ သီးလေးသီး၊ 5 Stars၊ ဟားငါးကောင်၊ ဟားတစ်သိုက်နှင့် နိုင်ငံကျော် အနုပညာရှင်များက ဖျော်ဖြေကြပြီး ညနေ ၄ နာရီတွင် လူရွှင်တော်အသင်း FC နှင့် ပဲခူးသက်ကြီး လက်ရွေးစင် ဘောလုံးအသင်း (ပဲခူး Old Star) တို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းဆင်း

**ရန်ကုန် မတ် ၄**

အင်းစိန်မြို့နယ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံ(အခမဲ့)သင်တန်း အမှတ်စဉ် (၉/၂၀၂၀) ဆင်းပွဲကို ဖေဖော်ဝါရီ ၂၉ ရက်က ကျင်းပသည်။

ကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်နိုင်ရန်နှင့် မူလတန်းကျောင်းများသို့ အခြေခံကောင်းစွာဖြင့် ဝင်ရောက်နိုင်ရေးအတွက် ပျိုးထောင်ပေးနိုင်ရန်ရည်ရွယ်၍ အခမဲ့သင်ကြားပေးခြင်းဖြစ်ကြောင်း ရန်ကုန်မြောက်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီထွန်းက ပြောကြားသည်။

လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သီသီထွန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်တို့က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# ဖုန်ကန်ရာဇီရေခဲတောင်ပေါ်သို့ မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်း တက်ရောက်မည်

**မိတ္ထီလာ မတ် ၄**

ပူတာအိုမြို့နယ်အတွင်းရှိ ဖုန်ကန်ရာဇီရေခဲတောင် အမြင့်ပေ ၁၁၉၂၀ ပေါ်သို့ လာမည့်မတ် ၃၁ ရက်တွင် မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်းမှ တာဝန်ရှိသူများနှင့် အသင်းသားများပါဝင်သည့်အဖွဲ့အနေဖြင့် တတိယအကြိမ်မြောက် တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပါဝင်တက်ရောက်**

"မတ် ၃၀ ရက်မှာ မိတ္ထီလာကနေ ပူတာအိုကို စတင်ထွက်ခွာပြီး မတ် ၃၁ ရက်မှာ အမြင့်ပေ ၁၁၉၂၀ ရှိတဲ့ ဖုန်ကန်ရာဇီရေခဲတောင်ပေါ်ကို စတင်တက်ရောက်မှာဖြစ်ပါတယ်။ ဖုန်ကန်ရာဇီရေခဲတောင်ခြေအထိ အသင်းက စုစုပေါင်းကိုးဦး သွားရောက်မှာဖြစ်ပါတယ်။ တောင်ခြေရွာဖြစ်တဲ့ ဇီယာဒမ်းရွာမှာ အနီးနားရွာတွေက ဒေသခံတွေကို ကျန်းမာရေးစောင့်ရှောက် ဆေးကုသပေးတဲ့အလုပ်တွေ ဆောင်ရွက်သွားမှာဖြစ်ပြီး ခုနစ်ဦးက ဖုန်ကန်ရာဇီတောင်ပေါ်ကို ဆက်လက်တက်ရောက်မှာဖြစ်ပါတယ်။ ဒီတောင်တက်ခရီးစဉ်မှာ အသင်းဝင်အမျိုးသမီး နှစ်ဦးလည်း ပါဝင်တက်ရောက်သွားမှာဖြစ်ပါတယ်" ဟု မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဒေါက်တာမြတ်မင်းက ပြောကြားသည်။

**ဂုဏ်ယူစရာ**

မိတ္ထီလာ ခြေလျင်နှင့် တောင်တက်အသင်း အမှုဆောင်တစ်ဦးဖြစ်သည့် ကိုဇေယျာက "တောင်တက်အားကစားနည်းကို လူငယ်တွေ ပိုမိုစိတ်ဝင်စားလာပြီး မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေဖို့၊ သဘာဝတရားကို ချစ်မြတ်နိုးတတ်ဖို့ရည်ရွယ်ချက်တွေနဲ့ အခုလိုရေခဲတောင်တက်ခရီးစဉ်တွေကို တောင်တက်ရာသီတွေမှာ ထည့်သွင်းတက်ရောက်တာ ဖြစ်ပါတယ်။ အရှေ့တောင်အာရှနိုင်ငံတွေထဲမှာ မြန်မာနိုင်ငံမှာသာတွေ့ရတဲ့ နှင်းဖုံးတောင်တွေ၊ ရေခဲဖုံးတောင်တွေရှိနေတယ်ဆိုတာ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး ကိုယ့်နိုင်ငံအတွက် ဂုဏ်ယူစရာ သဘာဝအမွေအနှစ်တွေကိုလည်း ချစ်မြတ်နိုးစေချင်ပါတယ်" ဟု ပြောကြားသည်။

**စတင်တက်ရောက်**

မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းသည် နှစ်စဉ်တောင်တက်ခရီးစဉ်များအဖြစ် ဆင်တောင်၊ မြင်းမထိတောင်၊ လွယ်မိုင်းတောင်၊ ပြက္ခရွေ(အရှေ့၊အနောက်)တောင်၊ အရှေ့မြင် အနောက်မြင်တောင်၊ စသည့် တောင်တက်ခရီးစဉ်များနှင့် ပင်လယ်ကမ်းခြေလမ်းလျှောက် ခရီးစဉ်များကို သွားရောက်လျက်ရှိပြီး ဖုန်ကန်ရာဇီရေခဲတောင်တက် ခရီးစဉ်ကို လွန်ခဲ့သည့် သုံးနှစ်ခန့်က စတင်တက်ရောက်ခဲ့သည်။

**ချမ်းသာ (မိတ္ထီလာ)**

■

# စစ်ကိုင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုပေးပွဲ ကျင်းပ

**စစ်ကိုင်း မတ် ၄**

၂၀၁၉–၂၀၂၀ ပညာသင်နှစ် စစ်ကိုင်းတက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို မွန်းလွဲ ၃ နာရီက စစ်ကိုင်းမြို့ အနှစ် (၇၀၀)ပြည့် အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် စစ်ကိုင်းမြို့မိမြို့ဖအဖွဲ့၊ စစ်ကိုင်းမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ စစ်ကိုင်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့နယ် ဘောလုံးကစားသမားဟောင်းများအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဇော်ဝင်းနှင့် တက်ရောက်လာသော ဧည့်သည်များက ယနေ့ကစားမည့် သမိုင်းဘာသာရပ်အသင်းနှင့် ဓာတုဗေဒဘာသာရပ်အသင်းတို့ကို လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရာ အချိန်ပိုအထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ကြ၍ ပင်နယ်တီကန်သွင်းခြင်းဖြင့် အနိုင်အရှုံးဆုံးဖြတ်ရာ သမိုင်းဘာသာရပ်အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး အသင်းလိုက်တံခွန်စိုက် ဒိုင်းဆုကြီးကို စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဇော်ဝင်းက ချီးမြှင့်ပေးပြီး အမျိုးသမီး မြန်မာစာဘာသာရပ်အသင်းနှင့် ရုက္ခဗေဒဘာသာရပ်အသင်းတွင် မြန်မာစာဘာသာရပ်အသင်းက သုံးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သတင်းစုံကဏ္ဍ

### လှိုင်းဘွဲ့မြို့နယ်၌ ပျော်ရွှင်စရာပြိုင်ပွဲများ ကျင်းပ

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား စာဖတ်စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အသိပညာဗဟုသုတများ ရရှိလာစေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးများ ထက်မြက်လာစေရန်ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က အနာဂတ်ကလေးငယ်များ၏ ဉာဏ်ရည်ဉာဏ်သွေးနှင့် အတွေးအခေါ်များ ပိုမိုရင့်သန်လာစေရန်နှင့်ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အရုပ်ခေါက်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲတို့တွင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

### ယာဉ်အန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်မည်

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း မြို့နယ်များရှိ စာစစ်ဌာန ၄၈ ခု၌ ကျောင်းသား ကျောင်းသူ ၂၆၂၈၉ ဦး ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပမည့်ကာလတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

### တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်စာစစ်ဌာနများအား ကြည့်ရှု

**ကြာအင်းဆိပ်ကြီး**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို စာစစ်ဌာနငါးခုတွင် ကျင်းပမည်ဖြစ်ပြီး စာစစ်ဌာနများတွင် လုံခြုံစိတ်ချမှုရှိစေရေး၊ စာရေးခုံများ သတ်မှတ်အရည်အသွေးများနှင့် ကိုက်ညီမှုရှိစေရေး၊ စာဖြေခန်းများ စနစ်တကျ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို မြို့နယ်ပညာရေးမှူး ဦးမြင့်ထွန်းသည် မတ် ၃ ရက် နံနက်ပိုင်းက ခလယ်ကျေးရွာနှင့် တံခွန်တိုင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ကိုမျိုး (ဇမိမြေ)**

## သတင်းစုံကဏ္ဍ

### စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်ပွဲ ကျင်းပ

**ပင်လည်ဘူး**

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကင်းပန်းကျေးရွာ၌ ဖွင့်လှစ်သည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးလွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းအား မတ် ၇ ရက်အထိ သင်တန်းသား သင်တန်းသူ ၃၀ ဖြင့် ဖွင့်လှစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

### မွေးမြူရေးလုပ်ငန်းရှင်များအား ပညာပေးဆွေးနွေး

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် မွေးမြူရေးလုပ်ငန်းရှင်များအား အသိပညာပေး ဆွေးနွေးဟောပြောခြင်းကို မတ် ၂ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပွင့်ဖြူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန့်ဇော်ထွေးက အာဖရိကဝက်အပြင်းဖျားရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ဆေးများ ထိုးနှံထားကြစေလိုကြောင်း၊ ခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### ကရသူရိမြို့တစ်ခွင် ကွမ်းသီးဈေးနှုန်း သိသိသာသာကျဆင်း

**ကရသူရိ**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့တစ်ခွင် ကွမ်းသီးဈေးနှုန်း သိသိသာသာကျဆင်းခဲ့ကြောင်း သိရသည်။

ကွမ်းသီးအမှည့်တစ်လုံးလျှင် ၂၂ ကျပ်ခန့်သာရရှိပြီး အခြောက်တစ်ပိဿာလျှင် ကျပ် ၄၃၀၀ ခန့်သာရှိကြောင်း၊ ယခင်နှစ်ထက် များစွာကျဆင်းနေကြောင်းနှင့် ခြံပိုင်ရှင်တချို့မှာ ဈေးမရသဖြင့် သိုလှောင်ထားရှိကြောင်း သိရသည်။

**စိုးဝင်း(ပြန်/ဆက်)**

### ကောလင်းမြို့နယ်၌ ခရမ်းချဉ်သီးဈေးနှုန်း ကျဆင်း

**ကောလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ခရမ်းချဉ်သီး နှစ်ရက်အတွင်း တစ်ပိဿာ ကျပ် ၅၀၀ မှ ၂၀၀ အထိ ဈေးနှုန်းကျဆင်းလျက်ရှိသည်။

မိုးဦးကျခါနီးလောက်မှ ဈေးပြန်လည်မြင့်တက်လာနိုင်ကြောင်း သရက်အိုက်ကျေးရွာနေ ဦးတင်မောင်က ပြောကြားသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

### တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ဒန့်သလွန်မျိုး စိုက်ပျိုးမည်

**မော်လမြိုင်ကျွန်း**

ဆေးဖက်ဝင် ဈေးကွက်ရှိသော အိန္ဒိယ ခြောက်လဒန့်သလွန်စိုက်ပျိုးရေးဆွေးနွေးပွဲ၊ တိုက်ရိုက်မျိုးစေ့ချ သရုပ်ပြစိုက်ပျိုးပြသပွဲနှင့် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေပွဲကို မတ် ၃ ရက် မွန်းတည့် ၁၂ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ထိန်ကုလားကျေးရွာ ဘိုးဘွားအောက်မေ့ဖွယ်ခန်းမ၌ ကျင်းပသည်။

ဒန့်သလွန်စိုက်ပျိုးရေးပညာရှင် ဦးလှမြင့် (စိုက်ပျိုးရေး-ငြိမ်း)နှင့် ဒန့်သလွန်စိုက်ပျိုးရေးသုတေသီအဖွဲ့က ဒန့်သလွန်၏နောက်ခံသမိုင်း၊ စီးပွားဖြစ်ဒန့်သလွန်စိုက်ပျိုးနည်း၊ မြေနေရာရွေးချယ်ခြင်း၊ မြေပြုပြင်ခြင်း၊ ပျိုးထောင်နည်းနှင့် ဈေးကွက်အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့နယ် ထိန်ကုလားနှင့် ဘီလူးကျွန်းကျေးရွာလုံးကျွတ် စိုက်ပျိုးရန်အတွက် ဒန့်သလွန်မျိုးစေ့ပေါင်း ၃၀၀၀ ကို ထပ်မံစိုက်ပျိုးသွားမည်ဖြစ်သည်။

**မော်ကျွန်းမြင့်အောင်**

### စက်ရေတွင်းတူးဖော်ခြင်းပြီးစီးမှုနှင့် ဆက်စပ်လုပ်ငန်းများ စစ်ဆေး

**နတ်မောက်**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျောက်အိုးကျေးရွာတွင် သောက်သုံးရေဖူလုံစွာရရှိစေရေး စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုများကို မတ် ၃ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ (နည်းပညာ) ဦးကျော်ကျော်နှင့် တာဝန်ရှိသူများသည် ကျောက်အိုးကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**မကွေးဝင်းမောင်**

## ကမ္ဘာ့သောတအာရုံနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၄**

ကမ္ဘာ့သောတအာရုံနေ့(World hearing day 2020) အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ မတ် ၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာထင်အောင်စောနှင့် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကု ပါမောက္ခ ဒေါက်တာခင်လှလှတို့က အမှာစကားပြောကြားကြသည်။



မေရီချက်ပ်မင်း နားမကြားကျောင်း Success Special Education Center၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းဆေးရုံကြီးမှ ဆရာဝန်များနှင့် လူမှုဝန်ထမ်းဦးစီးဌာန နားမကြားသောကလေးများကျောင်းမှ ကလေးငယ်များက သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

"အကြားအာရုံက လူတွေအတွက် အရွယ်သုံးပါးစလုံး အရေးကြီးပါတယ်။ အထူးသဖြင့် ကလေးတွေမှာ အကြားအာရုံချို့တဲ့တယ်ဆိုရင် ပိုပြီးတော့ဆိုးပါတယ်" ဟု နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကု ပါမောက္ခ ဒေါက်တာခင်လှလှက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အကြားအာရုံနှင့် လူ့ဘဝတွဲလျက်အရေးပါမှုများအား ပြည်သူများသိရှိစေရန်၊ အကြားအာရုံထိခိုက်မှုမရှိစေရန်အတွက် မည်သို့ကာကွယ်မည်၊ မည်သို့ထိန်းသိမ်းစောင့်ရှောက်မည်၊ ယင်းလုပ်ငန်းစဉ်များသည် လူ့ဘဝတွင် အကျိုးမည်မျှဖြစ်ထွန်းကြောင်းကို ပြည်သူများသိရှိစေရန် ရည်ရွယ်၍ ကမ္ဘာ့သောတအာရုံနေ့ အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်နှစ်တိုင်း မတ် ၃ ရက်တွင် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်း-ပွင့်သစ္စာ**

**ဓာတ်ပုံ-စိုးမြင့်အောင်**

## ရေခွန်နှင့် အမှိုက်ခွန်ပြေစာများတွင် ငွေပေးချေနိုင်သည့် QR Code စတင်ပေးသွားမည်

**မန္တလေး မတ် ၄**

Mandalay Smart Pay(MSP Wallet) ကို မတ် ၁၄ ရက်တွင် စတင်မိတ်ဆက်မည်ဖြစ်ပြီး ရေခွန်နှင့် အမှိုက်ခွန်ပြေစာများတွင် ငွေပေးချေနိုင်သည့် QR Code စတင်ပေးသွားမည်ဖြစ်ကာ အီလက်ထရွန်နစ်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မှုများ ဆက်တိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးရဲမြတ်သူထံမှ သိရသည်။

အဆိုပါ Mandalay Smart Pay(MSP Wallet) ကို အသုံးပြုနိုင်ရန်အတွက် အမြဲတမ်းအသုံးပြုမည့် တယ်လီဖုန်းနံပါတ်တစ်ခုရှိရန်သာ လိုအပ်ကြောင်း သိရပြီး Municipal Bills with QR Code အသုံးပြုခြင်းကို မတ်လတွင် ပေးချေမည့် ရေခွန်နှင့် အမှိုက်သိမ်းဆည်းခများအတွက် နို့တစ်စာနှင့် ပြေစာများတွင် QR Code ထည့်ထားပြီးဖြစ်ကြောင်း သိရသည်။

အိမ်ရှင်များအနေဖြင့် Mandalay Smart Pay(MSP Wallet)QR Code ကို Scan ဖတ်ကာ ငွေပေးချေမှုကို အချိန်မရွေး ၂၄ နာရီ မိမိနေအိမ်ကနေ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တိုက်ရိုက်ပေးချေမှုစနစ်ဖြစ်သဖြင့် အကြွေမရှိ၍ ပိုပေးစရာမလိုဘဲ ငွေပေးချေမှုအပေါ်မှာ ဝန်ဆောင်ခ နုတ်ယူမည်မဟုတ်ကြောင်း သိရသည်။

Mandalay Smart Pay(MSP Wallet)ကို မတ် ၁၄ ရက်တွင်စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး လောလောဆယ်တွင် Mandalay Smart Pay Application early access ကို Play Store မှာ ရရှိနိုင်ကာ Register လုပ်ကာ မတ် ၁၄ ရက်တွင် MSP Application ကို မြန်မာနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် အလွယ်တကူ တရားဝင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

QR Code တွင် ပါဝင်သည့်အချက်များမှာ အခွန်ထမ်းအမည်၊ ပြေစာအမှတ်၊ နေရပ်လိပ်စာ၊ (အိမ်အမှတ်၊ အကွက်၊ ရပ်ကွက်၊ မြို့နယ်၊ Zip Code)၊ အခွန်အခအမျိုးအစား (အိမ်ခွန်၊ အမှိုက်သိမ်းဆည်းခ၊ ရေခွန်၊ မြေခွန်) စည်းကြပ်သည့်ကာလ၊ စည်းကြပ်ငွေ စသည်ဖြင့် ပါဝင်ကြောင်း သိရသည်။

ငွေပေးချေဖို့အတွက် MAB၊ AYA ဘဏ်များနှင့် ချိတ်ဆက်ထားပြီး ဝန်ဆောင်ခအခမဲ့ဖြစ်ကာ QR Code ကို Scan ဖတ် ငွေပေးချေလိုက်သည်နှင့်တစ်ပြိုင်နက် ငွေနှင့်အိမ်၏ အချက်အလက်အားလုံး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ရတနာပုံဘဏ်သို့ ရောက်ရှိသွားမည် ဖြစ်သည်။

Account ဖွင့်ခြင်းနှင့် ငွေဖြည့်သွင်းခြင်း (Topup) ကို ကိုယ်တိုင်မပြုလုပ်တတ်ပါက မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးရုံးများ၊ AYA ဘဏ်ခွဲများ၊ ရတနာပုံဘဏ်ခွဲနှင့် အခွန်ကောက်ဝန်ထမ်းမှတစ်ဆင့် ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း**
**(ပြန်/ဆက်)**

## ကျောက်တန်းမြို့၌ COVID-19 ရောဂါကာကွယ်ရေး နှာခေါင်းစည်းများ ဝေငှ

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်းနှင့် Young အာမခံတို့ ပူးပေါင်း၍ COVID–19 ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်သုံးစွဲနိုင်ရေးနှင့် လက်ကမ်းစာစောင်များကို မတ် ၄ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့၌ စည်ပင်သာယာမြို့မဈေးရှေ့၌ ဝေငှသည်။




ကျောက်တန်းမြို့ စည်ပင်သာယာ မြို့မဈေးရှေ့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါ်ဖြူဖြူလွင်နှင့်အဖွဲ့၊ မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဝင်းစိုးနှင့် မြို့နယ်သတင်းစာဆရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး အောင်ကျော်ဦးနှင့်အဖွဲ့၊ မြို့နယ်ကျန်းမာရေးဌာန အမျိုးသမီးကျန်မာရေးဌာနမှ ဒေါ်အိအိသက်နှင့်အဖွဲ့၊ ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်သူများကို နှာခေါင်းစည်းများ၊ လက်ကမ်းစာစောင်များ ဝေငှကာ အသုံးပြုပုံများကို ရှင်းလင်းအသိပညာပေး ဆောင်ရွက်ခဲ့သည်။

**နိုးတူး (ကျောက်တန်း)**



## သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရေယာဉ်များပြေးဆွဲရေး စစ်ဆေး

**မုံရွာ မတ် ၄**

ချင်းတွင်းမြစ်တွင်းပြေးဆွဲလျက်ရှိသော ကုန်တင်ရေယာဉ်များနှင့် လူစီးအမြန်ရေယာဉ်များအနေဖြင့် မြစ်ရေနည်းပါးချိန်တွင် သတ်မှတ်ရေစူးများအတိုင်း ကုန်စည်များနှင့် ခရီးသည်များတင်ဆောင်ပြေးဆွဲကြရန်အတွက် မုံရွာမြို့ ဆိပ်ကမ်းမှ နေ့စဉ်စစ်ဆေးကြပ်မတ်မှုများလုပ်ဆောင်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးနိုင်ထွန်းထံမှ သိရသည်။

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရေစူးကန့်သတ်ချက်များအနေဖြင့် ချင်းတွင်းဝမှ မုံရွာအထိ သုံးပေ၊ မုံရွာမှ ကလေးဝအထိ ၃ ပေ ၃ လက်မ၊ ကလေးဝမှ ဟုမ္မလင်းအထိသုံးပေ၊ ဟုမ္မလင်းမှ ခန္တီးအထိ ၂ ပေ ၆ လက်မ သတ်မှတ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။

"ချင်းတွင်းမြစ်ကြောင်းက တချို့နေရာတွေမှာက သတ်မှတ်ရေစူးထက်ကျော်လွန်နေတာရှိသလို သတ်မှတ်ရေစူးအောက်ကို ရောက်နေတာတွေလည်းရှိနေတယ်။ သတ်မှတ်ရေစူးအောက်ကိုရောက်နေတဲ့နေရာတွေမှာကျတော့ ရေယာဉ်တွေ သတ်မှတ်ဝန်တင် ရေစူးအတိုင်း မတင်ဆောင်ရင် သောင်တင်တာတွေဖြစ်ပေါ်နိုင်တယ်။ ရေယာဉ်တွေအနေနဲ့ သတ်မှတ်ဝန်တင်ရေစူးတွေအတိုင်း ကုန်စည်တွေ၊ ခရီးသည်တွေကိုတင်မှ ရေကြောင်းကို ကောင်းကောင်းမွန်မွန် သွားလာနိုင်မှာဖြစ်တယ်။ အဲဒီအတွက် ညွှန်ကြားချက်တွေ ထုတ်ပြန်ပေးထားသလို အမှန်တကယ်လိုက်နာခြင်း ရှိ-မရှိကိုလည်း နေ့စဉ် မုံရွာမြို့ဆိပ်ကမ်းကရေယာဉ်တွေ မထွက်ခွာခင်မှာ စစ်ဆေးကြပ်မတ်မှုတွေလုပ်ဆောင်ပေးနေတယ်။ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ မြို့တွေမှာလည်း အခုလို စစ်ဆေးမှုတွေလုပ်ဆောင်ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## မန္တလေး-မြစ်ကြီးနား ခရီးသည်များ အဆင်ပြေစေရေး အဲကွန်းရထားပြေးဆွဲမည်

**မြစ်ကြီးနား မတ် ၄**

မြန်မာ့မီးရထားမှ မန္တလေး - မြစ်ကြီးနားလမ်းပိုင်းတွင် ခရီးသည်များ အဆင်ပြေစေရေး အဲကွန်းရထားအား မတ်လ တတိယပတ်အတွင်း ပြေးဆွဲရန် ခန့်မှန်းထားကြောင်း မြစ်ကြီးနားဘူတာရုံပိုင်ချုပ်ထံမှ သိရသည်။

အဆိုပါ မန္တလေး - မြစ်ကြီးနားပြေးဆွဲမည့် အဲကွန်းရထားအမှတ် (၃၁) အဆန်နှင့် အမှတ် (၃၂)အစုန်ရထားဖြစ်ပြီး အထက်တန်းတွဲ ၁၀ တွဲ၊ စားသောက်တွဲတစ်တွဲနှင့် ရိုးရိုးတန်းတစ်တွဲသာ ပါဝင်မည်ဖြစ်ကာ ရိုးရိုးတန်းတွင် ထိုင်ခုံ ၄၀ ကျော်ခန့် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် မိုးကောင်း၊ ဟိုပင်၊ မိုးညှင်း၊ နဘား၊ ကောလင်း၊ ကန့်ဘလူ၊ ရွှေဘို စသည့် ဘူတာခုနစ်ဘူတာသာ ရပ်နားမည်ဖြစ်ကြောင်းနှင့် ဈေးနှုန်းမှာ မြစ်ကြီးနား-မန္တလေးအထိ အထက်တန်း ထိုင်ခုံတစ်ခုံလျှင် ငွေကျပ် ၂၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် ထိုင်ခုံတစ်ခုံလျှင် ငွေကျပ် ၁၀၀၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရထားလမ်း အဆင့်မြှင့်တင်မှုအပိုင်းနှင့်ပတ်သက်၍လည်း ကိုးချောင်းဆက်သံလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဟိုပင်မြို့ဘူတာတွင် စက်ရုံဆောက်လုပ်နေပြီး ဟိုပင်မှအခြေပြုကာ ဘတ်ဂျက်နှစ်အလိုက် ပြည်နယ်အတွင်းရှိ ရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုံပိုင်ချုပ်ထံမှ သိရသည်။

**မျိုးမြင့်စိုး**
**ပြည်နယ် (ပြန်/ဆက်)**



## သတင်းလမ်းညွှန်

### မြန်မာနိုင်ငံမှ အာဆီယံ ပြတင်းတစ်ပေါက်စနစ်သို့ ဝင်ရောက်ချိတ်ဆက်၍ ATIGA e–Form D အားလဲလှယ်နိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် Launch Ceremony အခမ်းအနား ကျင်းပမည်

မြန်မာနိုင်ငံအနေဖြင့် ATIGA e – Form D လဲလှယ်ခြင်းဆိုင်ရာကိစ္စရပ်များအား ASW Live Operation သို့ ဝင်ရောက်ချိတ်ဆက်နိုင်ခဲ့ခြင်းအတွက် အထိမ်းအမှတ်တစ်ခုအဖြစ် ကုန်သွယ်မှုနှင့်ဆက်စပ်လျက်ရှိသော အစိုးရဌာနဆိုင်ရာများနှင့် ကုန်သွယ်မှုအသိုက်အဝန်းသို့ အသိပေးတင်ပြမည့် Launch Ceremony အခမ်းအနားကို မတ် ၆ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနက USAID's Transparency and Inclusive Growth Activity(TIGA)၏ အကူအညီဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းမင်းစိုး**

### Star Awards ဆုချီးမြှင့်ခြင်းအခမ်းအနား ရက်ရွှေ့ဆိုင်းကျင်းပမည်

မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)က ကြီးမှူးပြီး Stellar Seven Entertainment က တာဝန်ယူကျင်းပသည့် Star Awards ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီလပထမပတ်တွင် ကျင်းပရန်စီစဉ်ထားမှုအား ရက်ရွှေ့ဆိုင်းကျင်းပမည်ဟု ယင်းဆုရွေးချယ်ရေးကော်မတီက သတင်းထုတ်ပြန်ထားကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ အသိပေးနှိုးဆော်ပန်ကြားချက်များအရ ထိုသို့ထုတ်ပြန်ကြေညာခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသန့်(သုတေသန)**

### မြန်မာနိုင်ငံ သွားနှင့် ခံတွင်း ဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ)က ခရမ်းမြို့၌ အခမဲ့ကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးသွားမည်

မတ် ၂၀ ရက်တွင် ကျရောက်မည့် World Oral Health Day အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီးအသင်းခွဲ) က ခရမ်းမြို့ ကိုင်းကုန်းကျောင်းဓမ္မာရုံ၌ မတ် ၂၂ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အခမဲ့ကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ကွင်းဆင်းကုသရာတွင် သွားဖာခြင်း၊ သွားနုတ်ခြင်း၊ သွားကျောက်ခြစ်ခြင်း၊ သွားနှင့် သွားဖုံးရောဂါများ ကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မတ် ၂၂ ရက် နံနက် ၉ နာရီမှ စတင်ပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

### ကွန်ပျူတာသင်တန်းနှင့် ဂီတသင်တန်း ဖွင့်လှစ်မည်

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက် အခြေခံကွန်ပျူတာသင်တန်းနှင့် အခြေခံဂီတပညာသင်တန်းကို မတ် ၁၃ ရက် နံနက် ၉ နာရီမှစ၍ ပညာအလင်းတန်းစာကြည့်တိုက်ခန်းမ၌ အခမဲ့ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

### သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းမည်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်အပ်နှင်းခြင်းခံရသော အဘိဓဇမဟာရဋ္ဌဂုရု တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ငါးပါး၊ စုစုပေါင်း မွန်ဆရာတော် ၁၈ ပါးနှင့် လှူပုဂ္ဂိုလ်ခုနစ်ဦးတို့အား မွန်သာသနာတော်ထောက်ပံ့ရေးကော်မတီ(ရန်ကုန်)က ကြီးမှူး၍ မတ် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ မွန်ပိဋကတ်တိုက်(မွန်ဓမ္မာရုံ)၌ ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပမည်

မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့အခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီမှ ၁၁ နာရီထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ ပန်ဒါဟိုတယ် ပတ္တမြားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေသစ်ဦး**

### ဖိတ်ခေါ်မြန်မာ့ရိုးရာ မြင်းဒုန်းစီးပြိုင်ပွဲ ကျင်းပမည်

မိတ္ထီလာမြို့နယ် ညောင်ကုန်းကျေးရွာ၌ ဖိတ်ခေါ်မြန်မာ့ရိုးရာမြင်းဒုန်းစီးပြိုင်ပွဲကို မတ် ၁၀ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ "အကြီးတန်းဒုန်းစီးပြိုင်ပွဲနဲ့ အငယ်တန်းဒုန်းစီးပြိုင်ပွဲဆိုပြီး အတန်းလိုက်ကျင်းပမှာဖြစ်ပါတယ်။ မြင်းပြိုင်ပွဲကို မတ်လ ၁၀ ရက်က ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပဖို့ စီစဉ်ထားပါတယ်" ဟု ပြိုင်ပွဲကျင်းပရေးကော်မတီမှ မိတ္ထီလာခရိုင်မြင်းစီးအသင်းဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်းက ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**

### ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ ကျင်းပမည်

ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့အခမ်းအနားနှင့် ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မတ် ၇ ရက် နံနက် ၈ နာရီခွဲတွင် ၈ မိုင်လမ်းဆုံရှိ Hotel Yangon ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြေးမုံ**

### မန္တလေးနည်းပညာတက္ကသိုလ်တွင် Robot ပြိုင်ပွဲကျင်းပမည်

ပထမအကြိမ် Robot ပြိုင်ပွဲကို မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် မတ် ၇ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### နွေရာသီအခြေခံအားကစားသင်တန်း ၂၅ မျိုး ဖွင့်လှစ်မည်

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ နွေရာသီအခြေခံအားကစားသင်တန်း ၂၅ မျိုးကို မတ် ၉ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

### ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကုန်စည်ပြပွဲ ကျင်းပမည်

ထိုင်းနိုင်ငံ၏ နာမည်ကြီးထုတ်ကုန်များကို တစ်နေရာတည်းတွင် စုစည်းပြသမည့် Top Thai Brands 2020 ကုန်စည်ပြပွဲကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ မတ် ၁၂ ရက်မှ ၁၅ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ထိုင်းနိုင်ငံထုတ် အရည်အသွေးမြင့်ကုန်ပစ္စည်းများ၊ နာမည်ကြီးအမှတ်တံဆိပ်များ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ ဖက်ရှင်နှင့် မီးဖိုချောင်သုံးပစ္စည်းများ အစရှိသည်တို့ကို ဆိုင်ခန်းပေါင်း ၁၃၀ ကျော်ဖြင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုထက်**

# ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဂျူဗင်နဲ့ အေစီကစားမယ့် ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်ပွဲစဉ် ရွှေ့ဆိုင်းခဲ့ရ

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုမှာ စိုးရိမ်ဖွယ်ရာမြင့်တက်လာတဲ့အတွက် ဂျူဗင်တပ်အသင်းနဲ့ အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရတယ်လို့ သိရပါတယ်။

အီတလီနိုင်ငံတွင် တစ်ရက်တည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၇ ဦးရှိခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၇၉ ဦးအထိ ရှိလာခဲ့ခြင်းကြောင့် ယခုလို ဂျူဗင်တပ်အသင်းနဲ့ အေစီမီလန်အသင်းတို့ရဲ့ ကိုပါအီတာလီယာဖလားပွဲစဉ်ကို ရွှေ့ဆိုင်းခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။

ဂျူဗင်တပ်အသင်းနဲ့ အေစီမီလန်အသင်းတို့ရဲ့ ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်ကို မတ် ၄ ရက်မှာ ဂျူဗင်တပ်အသင်းရဲ့ တူရင်မြို့ရှိ အလိုင်းရန့်ဇ်အရီနာကွင်းမှာ ကျင်းပသွားဖို့ရှိခဲ့တာဖြစ်ပြီး ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာတော့ ဂျူဗင်တပ်အသင်းက တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ သွင်းဂိုးတစ်ဂိုးရရှိခဲ့လို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ထားခဲ့တာ ဖြစ်ပါတယ်။

နာပိုလီအသင်းနဲ့ အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်ကိုတော့ အီတလီနိုင်ငံတောင်ပိုင်းရှိ ဆန်ပါအိုလိုကွင်းမှာ ကျင်းပသွားဖို့ရှိနေခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့တစ်ပတ်ကလည်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုမြင့်တက်လာခြင်းကြောင့် အီတလီစီးရီးအေပွဲစဉ် လေးပွဲသာ ယှဉ်ပြိုင်ကစားခဲ့ပြီး အခြားသောပွဲစဉ်များအားလုံးကို ရွှေ့ဆိုင်းခဲ့ရတာ ဖြစ်ပါတယ်။ လက်ရှိအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ရွှေ့ဆိုင်းခဲ့ရတဲ့ အီတလီစီးရီးအေပွဲစဉ်ပေါင်း ၁၀ ပွဲ ရှိသွားပြီလည်းဖြစ်ပါတယ်။



ဂျူဗင်တပ်နဲ့ အေစီမီလန်အသင်းတို့ ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ယှဉ်ပြိုင်ကစားခဲ့စဉ်။



# လီဗာပူးကို အနိုင်ရပြီး ချယ်လ်ဆီး အက်ဖ်အေဖလား ကွာတားဖိုင်နယ်တက်

အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ပဥ္စမအဆင့်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြတဲ့ ချယ်လ်ဆီးအသင်းနဲ့ လီဗာပူးအသင်းတို့ရဲ့ ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းအနေနဲ့ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ လီဗာပူးအသင်းတို့ရဲ့ အက်ဖ်အေဖလားပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက လီဗာပူးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၃ မိနစ်မှာ ဝီလီယံနဲ့ ၆၄ မိနစ်မှာ ဘာကလေတို့က အသီးသီး သွင်းယူပေးခဲ့ကြတာဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ အခုချယ်လ်ဆီးအသင်းနဲ့ ပွဲစဉ်မှာ ရှုံးနိမ့်ခဲ့ရတာကြောင့် နှစ်ပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ခဲ့ရတာဖြစ်ပြီး ပြီးခဲ့တဲ့စနေနေ့က ပရီမီယာလိဂ်ပွဲစဉ်မှာ ဝက်ဖို့ဒ်အသင်းကို သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဝက်ဖို့ဒ်အသင်းနဲ့ ပွဲစဉ်မှာ ရှုံးပွဲကြုံခဲ့တာကြောင့် ကစားသမားခုနစ်ဦးအထိ ပွဲထွက်ကစားသမားစာရင်းကို အပြောင်းအလဲလုပ်ခဲ့ပေမယ့် နည်းပြကလော့ရဲ့ ပွဲထွက်ကစားသမားစာရင်းက ချယ်လ်ဆီးအသင်းကို အနိုင်မရရှိခဲ့တဲ့အပြင် အက်ဖ်အေဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရတဲ့အနေအထား ဖြစ်သွားခဲ့ပါတယ်။

ချယ်လ်ဆီးအသင်းကတော့ လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံးဘောလုံးရာသီ ငါးရာသီအတွင်းမှာ လေးကြိမ်မြောက်အဖြစ် အက်ဖ်အေဖလားပြိုင်ပွဲကို ကွာတားဖိုင်နယ်အဆင့် တက်လှမ်းခွင့်ရရှိခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ယခုတစ်ကြိမ် အနိုင်ရရှိခဲ့တာကြောင့် လီဗာပူးအသင်းနဲ့ အက်ဖ်အေဖလားပြိုင်ပွဲမှာ (၁၁) ကြိမ် ထိပ်တိုက်တွေ့ဆုံခဲ့ရမှာ ခုနစ်ကြိမ်အထိ အနိုင်ရရှိခဲ့တဲ့ မှတ်တမ်းတစ်ရပ်ရရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## အနုပညာ

# BLACK PINK နဲ့ လေဒီဂါဂါတို့ တေးသီချင်းသစ်တွဲဖက်ဖန်တီးမည်ဟု သတင်းများထွက်ပေါ်

ကမ္ဘာကျော် ပေါ့ပ်တေးသံရှင် လေဒီဂါဂါနဲ့ တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK တို့ပူးပေါင်းကာ တေးသီချင်းသစ် ဖန်တီးသွားမှာဖြစ်ကြောင်း လတ်တလောမှာ သတင်းတွေထွက်ပေါ်လာရာ အေဂျင်စီဘက်က အဆိုပါအသင်းနဲ့ပတ်သက်ပြီး ထုတ်ပြန်ခဲ့ကြောင်း ကိုရီးယားဘိုးဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လေဒီဂါဂါရဲ့ တေးအယ်လ်ဘမ်သစ် Chromatica မှာ BLACK PINK ပါဝင်သွားမှာဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။ ဒီအချိန်မှာ BLACK PINK ရဲ့ ဖျော်ဖြေရေးအေဂျင်စီက လတ်တလောမှာ အတည်ပြုပြောကြားဖို့ရာ စောလွန်းကြောင်းနဲ့ ဒီလိုပူးပေါင်းထုတ်လုပ်သွားမှာကို ပရိသတ်တွေအနေနဲ့ စောင့်မျှော်နေပါက ကျေးဇူးတင်ရှိကြောင်း ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။

လေဒီဂါဂါရဲ့ ယခင်ထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ်ဟောင်းတစ်ခုကို ထုတ်လုပ်ခဲ့သူဟာ BLACK PINK အဖွဲ့ဝင်တွေအားလုံးကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖောလိုးလုပ်ခဲ့ပြီးနောက်မှာ ယခုလို တေးသီချင်းသစ် ပူးပေါင်းဖန်တီးမယ့်အကြောင်း သတင်းတွေပေါ်ထွက်လာခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။ ဒ့ါအပြင် အခြားသော သတင်းရင်းမြစ် တစ်ဦးကလည်း လေဒီဂါဂါနဲ့ BLACK PINK တို့ရဲ့ ပူးပေါင်းဖန်တီးမှုအကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။



# စံချိန်သစ် တင်နိုင်ခဲ့တဲ့ ဂျုံးဂု

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဂျုံးဂုဟာ BTS အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ လတ်တလောမှာ သူဟာ တေးဂီတနဲ့ပတ်သက်တဲ့ စံချိန်သစ်တစ်ခုကို တင်နိုင်ခဲ့ကြောင်း ကိုရီးယားဘိုးဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

BTS ရဲ့ တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ ဂျုံးဂုရဲ့ တစ်ကိုယ်တော် တေးသီချင်း My Love ဟာ ဘေဘုတ်ရဲ့ လူကြိုက်အများဆုံးသော တေးသီချင်း ၁၀၀ စာရင်း မှာ နံပါတ် ၈၄ နေရာမှာ ရပ်တည်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ပေါ့ပ်ကြယ်ပွင့်ဟာ ဘေဘုတ်ရဲ့ လူကြိုက်အများဆုံးသော တေးသီချင်း ၁၀၀ စာရင်းကို ဝင်နိုင်ခဲ့တဲ့ အသက်အငယ်ဆုံးသော ကေပေါ့ပ် တေးသံရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ဒ့ါအပြင် BTS အဖွဲ့ဝင်တွေရဲ့ တစ်ကိုယ်တော်တေးသီချင်းတွေအနက် ဂျုံးဂုရဲ့ တေးသီချင်းဟာ အအောင်မြင်ဆုံးသော တေးသီချင်းဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။

အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ် Map of the Soul:7 မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ ON ဟာလည်း ဘေဘုတ်တေးသီချင်း ၁၀၀ စာရင်းမှာ ပါဝင်ခဲ့ပါတယ်။ အခြားသော အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီမင်းရဲ့ တစ်ကိုယ်တော်တေးသီချင်း Filter ဟာလည်း ဘေဘုတ်ရဲ့ တေးသီချင်း ၁၀၀ စာရင်းမှာ ပါဝင်ခဲ့ပြီး နံပါတ် ၈၇ နေရာမှာ ရပ်တည်နေတာဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့် - ရေးသားသည်**




# ၂၀၁၉ ခုနှစ်အတွင်း ရောင်းအားအကောင်းဆုံးသော တေးသံရှင်အဖြစ် တေလာဆွစ် ရပ်တည်

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ ၂၀၁၉ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ် Lover ဟာ နိုင်ငံတကာ တေးဂီတဇယားတွေမှာ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် ရပ်တည်နိုင်ခဲ့တာကြောင့် တေလာဆွစ်ဟာ နိုင်ငံတကာမှာ ရောင်းအားအကောင်းဆုံး တေးသံရှင်ဖြစ်ခဲ့ကြောင်း အေးရှားဝမ်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကမ္ဘာကျော် ကေပေါ့ပ်တေးဂီတအဖွဲ့ BTS ရဲ့ ရောင်းအားကိုလည်း ကျော်လွန်ကာ တေလာဆွစ်က ရောင်းအားအကောင်းဆုံးသော တေးသံရှင်အဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ မတ် ၂ ရက်မှာ တေးဂီတအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ IFPI က တေလာဆွစ်အနေနဲ့ ၂၀၁၉ ခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးသံရှင်ဖြစ်လာကြောင်း ထုတ်ပြန်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

လတ်တလောမှာ အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ တေလာဆွစ်အတွက် ဒီလို တစ်နှစ်တာရဲ့ ရောင်းအားအကောင်းဆုံးသော တေးသံရှင်ဖြစ်ခဲ့တာ နှစ်ကြိမ် ရှိပြီဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းကလည်း သူ့ရဲ့တေးအယ်လ်ဘမ် 1989 ထွက်ရှိစဉ် အဲဒီနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးသံရှင်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။


တေလာဆွစ်ရဲ့ နောက်မှာတော့ ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အက်ဒ်ရှီရန်၊ ရက်ပ်တေးသံရှင် ပို့စ်ထ်မယ်လွန်နဲ့ ဆယ်ကျော်သက် တေးသံရှင်တစ်ဦးဖြစ်သူ ဘီလီအဲလစ်ရှ်တို့က ၂၀၁၉ ခုနှစ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးသံရှင်တွေအဖြစ် အသီးသီးရပ်တည်နေကြောင်းလည်း သိရပါတယ်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## အသည်းရောင်အသားဝါရောဂါ ကျန်းမာရေးအသိပညာပေး ဆောင်းပါးများ

စာရေးသူ ဒေါက်တာဝင်းအောင်(သုတေသီ) မြန်မာအသည်းဖောင်ဒေးရှင်း စီစဉ်ရေးသားသည့် အသည်းရောင်အသားဝါရောဂါ ကျန်းမာရေးအသိပညာပေး ဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကမ္ဘာ့အသည်းရောင်ရောဂါနေ့၊ မြန်မာနိုင်ငံနှင့် အသည်းရောင်အသားဝါ ဒီ ရောဂါ၊ အသည်းကင်ဆာရောဂါနှင့် ကာကွယ်ဆေး၊ အသည်းရောဂါကင်းဝေးရန် လူတိုင်း ဘီပိုး၊ စီပိုး စစ်ဆေးပါ၊ အသည်းရောဂါ ကင်းစင်ရေးနှင့် ကမ္ဘာ့အသည်းရောင်ရောဂါ မဟာမိတ်အဖွဲ့၏ အခန်းကဏ္ဍ၊ အသည်းကျန်းမာရေးအတွက် အစာအာဟာရနှင့် နေထိုင်မှုအလေ့အထ၊ မွေးကင်းစကလေးတိုင်း ဘီပိုးကာကွယ်ဆေး ထိုးနှံမှုခံယူပါ၊ စီပိုးရှိလူနာကုသမှု သုတေသနစာတမ်း စသည်တို့ကိုရေးသားထားသည်။

စာအုပ်ကို သင်းစာပေ၊ အမှတ်-၁၉၊ ဃောသကလမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ သတ်မှတ်ထားသည်။




## မာယာဝက်ပါ ရွှေတြိဂံ

စာရေးသူ မန်းဖိုးအေး(ဝါးခယ်မ) မြန်မာပြန်ဆိုထားသည့် မာယာဝက်ပါ ရွှေတြိဂံ စာအုပ်ထွက်ရှိလာသည်။

ရွှေတြိဂံမြေနှင့်ပတ်သက်၍ ကမ္ဘာ့ဘိန်းထွက်ရှိမှု၏ ၇၀ ရာခိုင်နှုန်းရှိသည့် အဆိုပါဒေသအတွင်း ဘိန်းစိုက်ပျိုးမှုအခြေအနေ၊ ယင်းဒေသကို အမှီပြုပြီး ပေါ်ထွန်းလာခဲ့သည့် ဘိန်းရာဇာများ၏အခြေအနေနှင့် ကမ္ဘာကို အပြိုင်အဆိုင် ဘိန်းဖြန့်ဖြူးရောင်းချမှုအတွက် တိုက်ခိုက်မှု၊ မတရားမှု၊ လိမ်လည်ကောက်ကျစ်မှုအမျိုးမျိုးသုံးပြီး တစ်ကမ္ဘာလုံးကို ဆိုးကျိုးပေးနေသည့် အခြေအနေများကို ရေးသားထားသည်။

စာအုပ်ကို ရတနာတင့်စာပေတိုက်၊ ခြံအမှတ်-၂၅၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၁ ၅၇၁၃၅၂ မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။



## အက္ခရာတွေများတဲ့မိုးတိမ် ရသစာစုများ

ရသစာပေဖတ်ရှုလိုသူများအတွက် စာရေးသူ မင်းဆက်ပိုင် စီစဉ်ရေးသားသည့် အက္ခရာတွေများတဲ့မိုးတိမ် ရသစာစုများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မိဘများ စာဖတ်ပါ၊ သားငယ်၊ သမီးငယ်များကို စာဖတ်ဖို့ လမ်းညွှန်ပါ၊ တိုက်တွန်းပါ၊ ကလေးသူငယ်တို့၏ ဝါသနာပါရာအနုပညာကိုလည်း ပြုလုပ်ခွင့်ပေးလိုက်ပါ၊ ပညာရေးတွင် မိဘများသည် ငါ့သား၊ ငါ့သမီးကို သူများတွေထက်စာပိုတော်ရမယ်ဆိုပြီး စာတွေကိုပဲ အဓိကထားကာ လေ့လာနေမည်ဆိုလျှင် လူတော်များဖြစ်လာနိုင်သော်လည်း အတ္တကြီးသူဖြစ်လာနိုင်ကြောင်း ရေးသားထားသဖြင့် စာပေ၏အသိပညာများစွာ ရရှိနိုင်မည်ဖြစ်သည်။

စာအုပ်ကို မျိုးဆက်သစ်စာပေ၊ အမှတ်(၃၄- ၄လွှာ-ယာ)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၄၂၀၂၂၉၆၂မှ တန်ဖိုးငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။




## နှလုံးသားဥယျာဉ် ကဗျာများ

ကဗျာစာပေ ဖတ်ရှုလိုသူများအတွက် စာရေးသူ ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း) စီစဉ်ရေးသားသည့် နှလုံးသားဥယျာဉ်ကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် နှလုံးသားဥယျာဉ်၊ စိတ်ကောင်းရှိစေချင်၊ ညောင်ညိုပင်သို့ တမ်းချင်း၊ ပေးဆပ်သူ၊ ဖွံ့ဖြိုးဝေစည်ပုဂံပြည်၊ မေတ္တာပင်လယ်၊ စောင့်စည်းအပ်သောအရာ၊ မရှိအပ်သောအရာ၊ သတိနဲ့တား၊ အမေ့အမွေ၊ ဘဝရေဆန်စသည့် ကဗျာများကို စာဖတ်သူတို့၏နှလုံးသားတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် သစ္စာတို့ ထုံမွှမ်းနိုင်စေရန်၊ ဗြဟ္မဝိဟာရဖြင့် လောကကိုအလှဆင်နိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အထက(၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(H)၊ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ - ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။




## သမားကိုင် ကြိုးချည်ကြိုးဖြည် ရှေ့နေပညာ

စာရေးသူ ဦးကျော်ဇေယျ စီစဉ်ရေးသားသည့် သမားကိုင် ကြိုးချည်ကြိုးဖြည် ရှေ့နေပညာ စာအုပ်ထွက်ရှိလာသည်။

ယင်းကြိုးချည်ကြိုးဖြည်ပညာရပ်သည် ရှေ့နေပညာရပ်တွင် တစ်ခန်းတစ်ကဏ္ဍ ပါဝင်ပေသည်။ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေသည် တရားခံရုန်းမထွက်နိုင်အောင် အပိုင်ချည်ရနှောင်ရသည်။ ကြိုးချည်ကောင်းလျှင် တရားခံရုန်းထွက်ရခက်သည်။ ကြိုးချည်မကောင်းလျှင် တရားခံရုန်းထွက်ရလွယ်သည်။ နွားတရားစီရင်ခန်း၊ လည်ရွဲတရားစီရင်ခန်း၊ မယားတရားစီရင်ခန်း စသည် စသည်တို့သည် ကြိုးချည်နည်းနှင့် ကြိုးဖြည်နည်းအတတ်ပညာကို အသုံးပြု၍ ပြဿနာအဖြေမှန်ကို ရှာဖွေခြင်းဖြစ်သည်။

စာအုပ်ကို မယ်နှင့်မောင်စာပေတိုက်၊ No.178(B) 1st Floor. Anawrahta Street. Kyauktada Township. Yangon. MYANMAR မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။





## ကမ္ဘာသုံး ဆေးဖက်ဝင်အပင်ထွက် ဆေးဝါးများအကြောင်း သိကောင်းစရာ

စာရေးသူ ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၏ ကမ္ဘာသုံး ဆေးဖက်ဝင်အပင်ထွက် ဆေးဝါးများအကြောင်း သိကောင်းစရာစာအုပ် ထွက်ရှိလာသည်။

နှစ်ပေါင်းများစွာကတည်းကပင် လူသားများသည် သဘာဝဆေးဝါးများ ဖော်စပ်၍ ကုသနည်းများကို ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုနှင့်အညီ နိုင်ငံအသီးသီးတွင် ကုသလျက်ရှိရာ လုံခြုံ၍ထိရောက်သော ဆေးဖက်ဝင်အပင်များ၏ အာနိသင်များကို အချိန်ကာလတစ်ခုတွင် စမ်းသပ်အောင်မြင်ပြီး လူသန်းပေါင်းများစွာ၏ ကျန်းမာရေး ပြန်လည်ကောင်းမွန်မှုကို ထိန်းသိမ်းနိုင်ခဲ့သည်။ အဆိုပါစာအုပ်တွင် ကြက်သွန်ဖြူ အပါအဝင် ဆေးဖက်ဝင်အပင်ရှစ်မျိုး၏ အကျိုးအာနိသင်နှင့် ပတ်သက်၍ သုတေသနပြု လေ့လာတွေ့ရှိမှုများကို တင်ပြထားသည်။

စာအုပ်ကို ရန်အောင်စာပေ၊ အထက(၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ်(H)၊ ၁၂ လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁၇၉၃၉၈နှင့် ၀၉ - ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။




## ရန်ကုန်မြို့တော် ပန်းချီပြပွဲများ(၂၀၁၈-၂၀၁၉)

စာရေးသူ ကိုဦးမောင်(တက္ကသိုလ်) စီစဉ်ရေးသားသည့် ရန်ကုန်မြို့တော် ပန်းချီပြပွဲများ (၂၀၁၈-၂၀၁၉) စာအုပ်ထွက်ရှိလာသည်။

ရန်ကုန်မြို့တော်အတွင်း သက်ဝင်လှုပ်ရှားနေသည့် ပန်းချီပြပွဲကိုးခုကျော်တွင် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာအတွင်း ပန်းချီပြပွဲပေါင်း ၂၆၀ ကျော် ပြသဖြစ်ကြောင်း၊ အံ့သြဖွယ်သာစရာ၊ ခံစားမှု၊ အတွေးအမြင်နှင့် ဖန်တီးမှုအသစ်များ ကိုပြသခြင်းလား၊ အရောင်းထွက် စီးပွားဖြစ်လို့ ရေးကြ၊ ပြနေကြသည်လား အငြင်းပွားမှုများကို စာရေးသူက သာဓကပြ၊ အဖြေထုတ်ရေးသားထားသည်။ စာကြည့်တိုက်နှင့် အနုပညာဝါသနာရှင်များ လေ့လာသင့်သော စာအုပ်ဖြစ်သည်။

စာအုပ်ကို ကနုတ်ပန်းစာပေ၊ အမှတ်-၁၂၁၃/ဘီ-၁၊ ထူပါရုံအရှေ့ (၃)လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၉ - ၂၆၂၃၀၆၀၃၀ နှင့် ၀၉- ၉၅၃၃၀၅၅၃၀တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။




## လက်ရွေးစင် ဟာသပဒေသာ အမှတ်(၁)

စာရေးသူ မောင်ကောင်းထိုက်(နီးပဒေါ)စီစဉ်ရေးသားသည့် လက်ရွေးစင် ဟာသပဒေသာ အမှတ်(၁)စာအုပ် ထွက်ရှိလာသည်။

အနှစ်နှစ်အလလက စုဆောင်းထားသော နိုင်ငံခြားဟာသများကို စုစည်းထားသည်။ လင်နှင့်မယား၊ ယောကျာ်းနှင့် မိန်းမအကြား ဆက်ဆံရေးအကြောင်း၊ ဦးကပ်စေး၊ ဒေါ်ကပ်စေးတို့အကြောင်း၊ ဇိုးသမား၊ ဖဲသမားတွေအကြောင်း၊ ကလေးငယ်တို့၏ အပြစ်ကင်းသော ယုတ္တိဆင်ခြင်မှုများအကြောင်း စသည်ဖြင့် အမျိုးမျိုးပါဝင်သည်။ ဟာသပဒေသာကို မိသားစုတစ်ခုလုံး ကလေးလူကြီးမကျန် စုပေါင်းဖတ်ရှုကာ ဝိုင်းဖွဲ့ရယ်မောနိုင်စေရန် ရည်ရွယ်၍ ရေးသားထားသည်။

ရွှေပဒေသာစာပေ၊ အမှတ်(၃၃)၊ မြေညီထပ်၊ ကျီတော်လမ်း၊ ပုဇွန်တောင်ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့ ဖုန်း-၀၉-၇၉၅၉၈၅၇၇၉နှင့် ၀၉-၉၇၉၀၀၅၆၃၃ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတီးဟိုး (ကျုံမငေးအသင်းနာကကြီး)

### အသက် (၉၄) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်း၊ အမှတ် (၁၉၂) နေ (ဦးစူးဝါး-ဒေါ်မန္တယား)တို့၏သား၊ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်သန်း၊ ဦးကျော်မင်း-ဒေါ်ခင်ခင်စိန်၊ ဦးစိန်ဝင်း-ဒေါ်ခင်ခင်ထွေး၊ Dr.ကြည်ကြည်စိန်၊ Dr.ထွန်းအောင်-ဒေါ်အခဲမိယိုကိုယာမ၊ Dr.သိန်းထွန်း-ဒေါ်ပတ်ဘုံရှီးတို့၏ ဖခင်ကြီးသည် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျုံမငေးမြို့ အသင်းသူ/သားများအား သိစေအပ်ပါသည်။

ကျုံမငေးအသင်း အလုပ်အမှုဆောင်

## စာရေးဆရာဦးလှသောင်း

### အသက် (၇၃) နှစ်

မြောင်းမြမြို့နေ ဦးစိန်မြင့်-ဒေါ်လှစိန်တို့၏သား၊ ဦးကျော်သောင်း-ဒေါ်ကျင်ရွှေတို့၏ ညီ/မောင်၊ (ဒေါ်တင်တင်အေး)၏ခင်ပွန်း၊ ဦးလှမျိုးထွန်း-(ဒေါ်ကေသီလှိုင်)၊ ဦးကျော်ဇောလင်း-ဒေါ်အိဖြူကျော်၊ ဦးသန်းထွန်းဝင်း-ဒေါ်မြတ်မြတ်ထွေးတို့၏ဖခင်၊ သံသာထွန်း၊ (သာယာထွန်း)၊ မြတ်နေခြည်သန်းတို့၏အဘိုး ဦးလှသောင်း (စာရေးဆရာ)သည် ၄-၃-၂၀၂၀ ရက်တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉) ရပ်ကွက်၊ အင်းစိန်လမ်း၊ လှိုင်သီရိအိမ်ရာ၊ တိုက်(၃)၊ အခန်း (၅၀၄)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၂၀(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (လှိုင်သီရိအိမ်ရာမှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## နော်အောလစ် (သန်လျင်)

### အသက်(၇၀)

(ဦးစောလတ်စတင်-နော်အက်စီ)တို့၏ သမီး၊ (ဦးဘိုးကျော်-ဒေါ်အေးသာ)တို့၏ သမီးချွေးမ၊ ဦးစောညွန့် [ဆလက တိုင်းဆောက်(၁၁/ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးစောမူလာ-နော်ဆာဘလု၊ ဦးစောဆန်နီ-နော်ဆာအယ်တို့၏ ညီမထွေး၊ ကိုထွဋ်သီဟ-နော်မိုးမိုးအေး၊ ကိုအေးသူရ-နော်အက်စတာထူး(မဒုံး)၊ ကိုမောင်မောင်သက်ထွန်း-မချောစုမွန်၊ ကိုရှုမောင်-မချောစုငြိမ်းတို့၏ ချစ်လှစွာသောမိခင်၊ မောင်ပီတာငြိမ်းမောင်၊ နော်ထားစီးယိုတို့၏အဘွား နော်အောလစ်သည် ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁:၄၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၃-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် သန်လျင်ကရင်နှစ်ခြင်းအသင်းတော်၌ ဈာပနဝတ်ပြုကိုးကွယ်ပြီး သန်လျင် အမိုးနီခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်စိုး

မော်လမြိုင်ကျော်သရေကွင်း (ညောင်ပင်လေးဈေး)

### အသက် (၅၆) နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်ငွေငွေကြည်၏ခင်ပွန်း၊ မငွေစိုးမိုး၊ မောင်ဝေလင်းစိုး၊ မအိအိရတနာစိုးတို့၏ဖခင်သည် ၃-၃-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၂၁/၂၃)၊ ဓမ္မာရုံလမ်း၊ မြေညီထပ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးမြင့် (ခ) ဒေါ်အေးရီ

### အသက် (၅၅) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၄၀)၊ (ဒုတိယထပ်)၊ ကမ်းနားလမ်းနေ (ဦးမြဟန်-ဒေါ်သန်းနွယ်)တို့၏ သမီးကြီး၊ ဒေါ်ထွေးထွေးတင့်-ဦးခင်ဇော်မိုးတို့၏အစ်မ၊ မမေယမင်းနိုင်၏အဒေါ်၊ ဦးမင်းဇော်၏ ချစ်လှစွာသောဇနီး၊ မောင်ဉာဏ်လင်းထက်ဦး၏မိခင် ဒေါ်အေးအေးမြင့်(ခ) ဒေါ်အေးရီသည် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## သခင်မကြီး ဒေါ်အုန်းခင် (ရေနံချောင်း)

### အသက်(၉၇) နှစ်

ဗိုလ်မှူးကြီး ဒေါ်နွယ်နွယ်ဝင်း (ပါမောက္ခ/ဌာနမှူး-ငြိမ်း၊ ဆေးပညာဌာနနှင့် ဦးနှောက်နှင့် အာရုံကြော ဆေးပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၏ ကျေးဇူးရှင်မိခင်ကြီးသည် ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးနှောက်နှင့်အာရုံကြော ဆေးပညာဌာန**
**တပ်မတော်ဆေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာစောရဲလ်တန်မင်း 15th Batch UDMY Alumnus အသက် (၅၉) နှစ်သည် ၁-၃-၂၀၂၀ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ခင်စိန်ကြည်

အထက်တန်းကျောင်းအုပ်ဆရာမကြီး-ငြိမ်း

### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေရတနာလမ်းသွယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မြေအမှတ်(၁၈/ဃ/၆)နေ (ဦးဘသိန်း-ဒေါ်စိန်တင့်)တို့၏ သမီးကြီး၊ [ဦးမျိုးမြင့်(MEPE၊လက်ထောက်အင်ဂျင်နီယာချုပ်-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ [ဒေါ်ခင်စိန်ရီ (အထက်တန်းပြ-ငြိမ်း)]၏ အစ်မ၊ ဒေါက်တာလှိုင်မျိုးထွန်း-ဒေါက်တာဝင်းဝင်းမင်း၊ မသန်းငြိမ်း၊ မခင်စန်းတင့်၊ မသန်းသန်းငွေ၊ မောင်ဟိန်းဇော်ထွန်းတို့၏အဒေါ်၊ မခင်ငြိမ်းချမ်းစု၊ မဝင့်ငြိမ်းချမ်းစု၊ မအေးချမ်းစုံလှိုင်တို့၏ အဘွားသည် ၁-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တူ/တူမ မိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းဝေ (ခ) ဦးဗိုလ်ချုပ် (ဘီတွတ်)

### အသက် (၈၄) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးရွှေစိုးလမ်း၊ အမှတ်(၁၁)နေ (ဒေါ်ကျင်မြင့်)၏ခင်ပွန်း၊ ဦးထွန်းထွန်းဦး-ဒေါ်ရွှေကြည်၊ ဦးကျော်ကျော်နိုင်-ဒေါ်အိထွေးမော်၊ ကိုနိုင်လင်း-မလုံးလုံး၊ ဦးလှဝင်းထွဋ်-ဒေါ်လဲ့လဲ့တို့၏ မွေးသဖခင်၊ မြေး ၁၁ ယောက်တို့၏အဘိုး ဦးသန်းဝေ(ခ) ဦးဗိုလ်ချုပ်သည် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှ

### အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၄၁)လမ်း၊ အမှတ်(၃၁)၊ လေးလွှာ (ယာ)နေ (ဦးရဲထွဋ်-ဒေါ်ခင်ညွန့်)တို့၏သမီးထွေး၊ (ဗိုလ်မှူးတင်ရွှေ)၏ ချစ်လှစွာသောဇနီး၊ (ဒေါ်အေးကြည်)၊ (ဒေါ်စိမ်းရွှေ)၊ (ဦးစိန်လှိုင်)၊ ဦးဝမ်းမောင်တို့၏ညီမ၊ ဒေါ်မိုမိုတင် (ကမ္ဘာ့ရတနာဘဏ်)၊ ဗိုလ်ကြီးတင်ရဲထွန်း(ငြိမ်း)-ဒေါ်မွန်မွန်ဆွေ၊ ဗိုလ်မှူးရဲထိုက်(ငြိမ်း)-ဒေါ်နန်းဥမ္မာ၊ ဒေါ်သီတာအေးမြစိမ့်တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်လှလှသည် ၃-၃-၂၀၂၀ (အင်္ဂါနေ့) ည ၈:၃၀ နာရီတွင် အမှတ်(၂)၊ တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## အလ်ဟဂ်ျမုဟမ္မဒ် S.အသစ်ခ်အဟ်မဒ် (ခ) ဦးတင်ထွန်း

EASTERN FURNITURE MART (အရှေ့တိုင်းပရိဘောဂတိုက်)

C.S.A ဗလီကြီး၏ဂေါပကအဖွဲ့ဝင်

### အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၅၉)နေ [ဟာဂျီရှိတ်မွန်မ်သားဇ်အဟ်မဒ်-ဟာဂျီမမွန်နီး(ခ) ဒေါ်တင်အေး]၏သား၊ ဟာဂျီမရဟ်မသ်အသစ်ခ်(ခ) ဒေါ်တင်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီမဒေါက်တာခင်မျိုးဝင်း-(အလ်ဟဂ်ျဆရာဦးတင်မောင်)၊ (ဟာဂျီဦးလှဝင်း-ဒေါ်ကြူကြူ)၊ (ဟာဂျီဦးခင်မောင်မြင့်-ဟာဂျီမဒေါ်ခင်ခင်ရီ)တို့၏ ညီ/မောင်၊ ဟာဂျီဦးမြင့်ဆွေ-ဟာဂျီမဒေါ်လှလှရီ၊ ဟာဂျီဦးနေဝင်း-ဒေါ်ရှိုင်နတ်စ်ဘီဘီ၊ ဟာဂျီမဒေါ်သီတာအေးတို့၏ချစ်လှစွာသောအစ်ကိုကြီး၊ ဟာဂျီဦးဝင်းသူ-ဟာဂျီမဒေါ်မိုးယုဟန်၊ ဟာဂျီမဒေါ်သင်းသင်းနုနှင့် တူ/တူမ ရှစ်ယောက်တို့၏ ချစ်လှစွာသောဦးလေး အလ်ဟဂ်ျမုဟမ္မဒ် S.အသစ်ခ်အဟ်မဒ်(ခ) ဦးတင်ထွန်းသည် ၂၈-၂-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေတွင် ရေဝေးစွန္နီမွစ္စလင်မ် ကဗရ်စတာန်ဥယျာဉ်တော်၌ ဒဖွနာပြုလုပ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးလှစော (၇၇)နှစ်

ဒု/ညွှန်ကြားရေးမှူး (ငြိမ်း)၊ စက်မှု (၁)

ပေါင်းတည်မြို့နေ (ဦးမောင်စိန်-ဒေါ်လှတင်)တို့၏သား၊ (ဦးမောင်နှန်-ဒေါ်စောရင်)တို့၏သားသမက်၊ ပုသိမ်ကြီးနေ [ဦးခင်မောင်ဝင်း(လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ သတ္တုတွင်း)]-ဒေါ်ခင်အေးသိန်းတို့၏ အစ်ကို၊ ပေါင်းတည်မြို့နေ မိသားစုသက်န်းတိုက်နေ ဒေါ်မြမြစမ်း၊ ဒေါ်သိန်းသိန်းဦးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၇)၊ ကျိုက်လတ်လမ်းနေ ဒေါ်သန်းသန်း၏ ချစ်လှစွာသောခင်ပွန်း၊ Dr.အောင်မြတ်ကျော်(Dr.ညီညီ-သင်္ချာ)-ဒေါ်စောစောသန်း(ကထိက၊ သင်္ချာဌာန၊ တောင်ငူတက္ကသိုလ်)၊ ဦးကိုလတ်(ညွှန်ကြားရေးမှူး၊ မြေတိုင်းဦးစီးဌာန)-ဒေါ်အေးမြတ်ခင်၊ Dr.လင်းလင်းထွန်း(UNOPS)-Dr.မွန်သန္တာစော(ရန်ကုန်ကလေးဆေးရုံကြီး)တို့၏ ချစ်လှစွာသောဖခင်၊ မသဲရတီသွယ်၊ မောင်ကောင်းပြည့်ထွန်းတို့၏ ချစ်လှစွာသောအဘိုးသည် ၃-၃-၂၀၂၀ (အင်္ဂါနေ့) ည ၁၀:၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးအောင်မိုးမိုး

(B.Sc-Maths, EGTI-EP)

### အသက် (၄၆) နှစ်

ရန်ကုန်မြို့၊ မအူကုန်းရပ်ကွက်၊ (၁၃၃)လမ်း၊ အမှတ်(၁၆)နေ (ဦးစိုးလွင်)-ဒေါ်ခင်စိန်ဦးတို့၏ သားကြီး၊ ခရမ်းမြို့၊ ပိန်းကန်ရပ်နေ (ဦးမြသင်း)-ဒေါ်ခင်မေတို့၏ သားသမက်၊ ဦးထွေးနိုင်ညွန့်-ဒေါ်နီလာဝင်းတို့၏ မောင်၊ ဦးထွန်းထွန်းဝင်း-ဒေါ်ဝေဝေလွင်၊ ဦးမာဃလွင်-ဒေါ်စန္ဒာဝင်း၊ (ဦးဇာရဲလွင်)၊ မလှမြတ်ရည်၊ မခိုင်သူဇာအောင်တို့၏ အစ်ကိုကြီး၊ မအေးမြမြစိုး၊ မောင်ရည်မွန်တို့၏ဖခင်၊ မောင်အေးဝဏ္ဏ၊ မောင်ဉာဏ်လင်းဆက်တို့၏ ဘဘကြီး၊ ဒေါ်သီတာဝင်း၏ခင်ပွန်း ဦးအောင်မိုးမိုးသည် ၃-၃-၂၀၂၀ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနက်ထံပုံလွှန်တော်မူခြင်း

## သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရ မဟာထေရ်

(အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်)

### သိက္ခာတော်(၇၄)ဝါ၊ သက်တော်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမ၊ ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက သက်တော်ရှည် ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဘဒ္ဒန္တရဋ္ဌသာရ မဟာထေရ်သည် (၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်) ၃-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၃:၅၀ နာရီတွင် (SSC ဆေးရုံ၌) ဘဝနက်ထံပုံလွှန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်) ၁၄-၃-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အဋ္ဌမအဂ္ဂိဈာပနပူဇာသဘင် အခမ်းအနားဆင်ယင်ကျင်းပပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်သံဃာ၊ ဒါယကာ/ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ ကျောင်း အလှူဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီး လှိုင်မြင့် (ငြိမ်း)

ဒုတိယဝန်ကြီး၊ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန (ငြိမ်း)

### အသက် (၉၃) နှစ်

ရေဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နေ (ဦးသာဖဲ-ဒေါ်အေးခ)တို့၏သား၊ (ဒေါ်နုနုအုန်း)၏ခင်ပွန်း၊ (ဦးအောင်ဇင်)-ဒေါ်သင်းသင်းနွယ်တို့၏ဖခင်၊ Dr.ထက်လှိုင်မြင့်၊ ဒေါ်ဆုလှိုင်မြင့်တို့၏အဘိုး၊ မောင်ဥက္ကာ၏ဘိုးဘိုးကြီးသည် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၂၀ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများကို အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၃-၂၀၂၀ ရက် နံနက် ၇ နာရီတွင် အမှတ်(A/2-1)၊ E Condo ဈေးမြောက်လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအုန်းကျော် (ဖျာပုံ)

မော်ကွန်းဝင်(ဒုတိယဆင့်)၊ ဂျပန်ခေတ်မင်္ဂလာဒုံစစ်တက္ကသိုလ်(ယောနင်း တတိယပတ်)

ကုန်သွယ်ရေး-၅၊ ငြိမ်း

### အသက် (၉၃) နှစ်

ရေဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နေ (ဦးစိန်ယုံ-ဒေါ်သန်းရီ)တို့၏သား၊ (ဦးသက်ပြင်း-ဒေါ်ဝန်)တို့၏သားသမက်၊ (ဒေါ်မြသီ)၏ခင်ပွန်း၊ (ဦးအုန်းရွှေ-ဒေါ်ခင်စော)တို့၏မောင်၊ (ဦးသောင်း)၏ညီ၊ (ဦးသိန်းညွန့်-ဒေါ်သန်းစိန်)၊ ဦးမြသိန်း-(ဒေါ်ခင်စိန်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၁၀၉၆/က)နေ ဦးခင်မောင်ငွေ(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ယုယုမိုး၊ ဦးလွင်ဦး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကိုကိုနိုင်-ဒေါ်ကြည်ကြည်ဦး၊ ဦးဇော်ဝင်း-ဒေါ်ချိုချိုဦးတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၃-၃-၂၀၂၀ (အင်္ဂါနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၁၀၉၆/က)နေ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အာနိသ

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

## ဦးလှစော (ယခင်ဥက္ကဋ္ဌ)

ရာ-၈( အသင်းနာယကကြီး)

### အသက် (၇၇) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ်(၂၇)၊ မြေညီထပ်နေ ဒေါ်သန်းသန်း(ရာ-၁၈၄၅)၏ ခင်ပွန်း၊ ဒေါ်စောစောသန်း (ရာ-၁၈၄၆)၊ ဒေါ်အေးမြင့်စော(ရာ-၁၈၄၇)၊ ဒေါ်မွန်သန္တာစော(ရာ-၁၈၄၈)တို့၏ဖခင်သည် ၃-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမြတ်ကောင်း (တရားလွှတ်တော်ရှေ့နေ)

ခေတ်သစ်ပြည်သူ့ပါတီ၊ ပဲခူးတိုင်းဒေသကြီး ဥက္ကဋ္ဌ

ဘိုကလေးမြို့နယ်အသင်း

### အသက် (၇၆) နှစ်

ရေဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်နေ (ဦးဆင်ထွေး-ဒေါ်လှမေ)တို့၏သား၊ (ဗိုလ်ကြီးအောင်ကျော်-ဒေါ်မြစိန်)တို့၏ သားသမက်၊ ဒေါ်လှလှ၊ ဒေါ်နီနီစိုး၊ ဒေါ်ညိုညို၊ ဒေါ်ခိုင်ခိုင်တို့၏ အစ်ကိုကြီး၊ ဦးလင်းထက်အောင်-ဒေါ်စုနိုင်ထွန်း(Gold Couple Music Band)၊ ဦးမင်းသိမ်းကျော်-ဒေါ်ပိုပိုအောင် (Asia optical Co.,Ltd)တို့၏ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်ခင်မျိုးအောင်(အထက-၅၊ ငြိမ်း)၏ခင်ပွန်း၊ မောင်အောင်ကောင်းမြတ်၏ချစ်လှစွာသောအဘိုးသည် ၄-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၂၀ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် မြို့ပတ်လမ်း၊ မင်္ဂလာဒုံဈေးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ချမ်းမြရွှေပြည်(ကွဲဆည်ကန်)ကားကြီးဝင်းကို နိုင်ငံတကာအဆင့်မီ Bus Terminal အဖြစ် အဆင့်မြှင့်တင်မည်



အသစ်ပြန်လည်တည်ဆောက်မည့် စီမံကိန်းပုံစံအား တွေ့ရစဉ်။

**မန္တလေး မတ် ၄**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမဘေးတွင် တည်ရှိသော ချမ်းမြရွှေပြည် (ကွဲဆည်ကန်) ကားကြီးဝင်းအား မြန်မာနိုင်ငံ၏ ပထမဆုံး နိုင်ငံတကာအဆင့်မီ Bus Terminal အဖြစ် နှစ်နှစ်အတွင်းအပြီး အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် မြန်မာ- တရုတ်- အိန္ဒိယသုံးနိုင်ငံ စီးပွားရေးအဝန်းအဝိုင်းတစ်ခုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း စီမံကိန်းလုပ်ကိုင်ခွင့်ရ M Development မှ သိရသည်။

**စီစဉ်နေ**

စီမံကိန်းလုပ်ငန်းများစတင်ရန် လက်ရှိ ကွဲဆည်ကန်ကားကြီးဝင်းမှ ကားဂိတ်များအား ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းအနီးရှိ ယာယီကားကြီးဝင်းသို့ မတ်လ ပထမပတ်အတွင်း နောက်ဆုံးထားပြောင်းရွှေ့ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ကွဲဆည်ကန်ကားကြီးဝင်းကို အဆင့်မြင့်တည်ဆောက်ဖို့အတွက် ယာယီကားကြီးဝင်းကို ကျွန်တော်တို့ ၁၀ ဧကရှိတဲ့ မြေကို ငှားရမ်းတည်ဆောက်ခဲ့တာ အားလုံးပြီးသွားလို့ အဆင်သင့်ဖြစ်နေပါပြီ။ ပြောင်းမယ်ဆို ပြောင်းလို့ရနေပါပြီ။ ဒါပေမယ့် ဘယ်နေ့နောက်ဆုံးထား ပြောင်းရမယ်ဆိုတာကတော့

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✳

## အင်အားအသင့်အတင့်နှင့် အင်အားအနည်းငယ်ရှိ မြေငလျင်များ လှုပ်

**နေပြည်တော် မတ် ၄**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၆ နာရီ ၅၀ မိနစ် ၀၁ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၉၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ကသာမြို့၏ အနောက်မြောက်ဘက် ၂၀ မိုင်ခန့် အကွာ) မြောက်လတ္တီတွဒ် ၂၄ ဒသမ ၄၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၆ ဒီဂရီ၊ အနက် ငါးကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၅ ဒသမ သုညအဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း။

**အင်အား ရစ်(ချ်)တာစကေး ၃ ဒသမ ၅ အဆင့်**

အလားတူ ယနေ့ မြန်မာစံတော်ချိန် နံနက် ၉ နာရီ ၆ မိနစ် ၄၆ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ တောင်ဘက် ၅၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကလေးဝမြို့၏ မြောက်-အနောက်မြောက်ဘက် ၁၅ မိုင် ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၈ ဒီဂရီ၊ အနက် ၃၆ ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ကြေးမုံ

## FA Cup 2020 (Round to Final) ပွဲစဉ်များအနက် Derby County နှင့် Man United ပွဲစဉ်တို့အား တိုက်ရိုက်ပြသမည်

**နေပြည်တော် မတ် ၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် နိုင်ငံတကာဘောလုံးပြိုင်ပွဲများဖြစ်သည့် FA Cup 2020 (Round to Final) ပွဲစဉ်များအနက် မတ် ၆ ရက် မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ယှဉ်ပြိုင်ကစားမည့် Derby County နှင့် Man United အသင်းတို့၏ ပွဲစဉ်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV) နှင့် MRTV Sports Channel တို့မှ အဆိုပါနေ့ နံနက် ၂ နာရီမှစတင်၍ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေဝတီနှင့် ရန်ကုန်တို့၏ အားပြိုင်မှုကို တွေ့မြင်ရမည့် MNL ပွဲစဉ်(၉)



ရွှေဝတီနှင့် ရန်ကုန်အသင်းတို့ ပြီးခဲ့သည့်ရာသီက တွေ့ဆုံခဲ့စဉ်။

**ရန်ကုန် မတ် ၄**

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉)ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရှုံးပွဲမရှိသေးသည့် အသင်းကြီးနှစ်သင်းဖြစ်သော ရွှေဝတီနှင့် ရန်ကုန်အသင်းတို့၏ ပြိုင်ဆိုင်မှုကို တွေ့မြင်ရမည်ဖြစ်သည်။

ပွဲစဉ် (၉) အဖြစ် မတ် ၆ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မတ် ၇ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ပုသိမ်ကွင်း၌ ရွှေဝတီအသင်းနှင့် ရန်ကုန်အသင်း၊

စာမျက်နှာ ၁၄ ကော်လံ ၄ သို့ ❍



မြန်မာ ယူ-၁၈ အသင်းတွင် ပါဝင်လာဖွယ်ရှိသည့် နောက်ခံလူ ဖြူဖြူဝင်း။

## အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၄**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကာလအတန်ကြာ ကျင်းပနိုင်ခြင်းမရှိခဲ့သည့် ၂၀၂၀ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲကို ယခုနှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၈ အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၄ သို့ ❂

**ထူးခြားသည့် နေ့အပူချိန်များ** ၄-၃-၂၀၂၀


| | | | |
|---|---|---|---|
| ချောက် | ၄၀ ဒီဂရီစင်တီဂရိတ် | မကွေး | ၃၈ ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်း | ၃၈ ဒီဂရီစင်တီဂရိတ် | အောင်လံ | ၃၈ ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၃၈ ဒီဂရီစင်တီဂရိတ် | တောင်တွင်းကြီး | ၃၈ ဒီဂရီစင်တီဂရိတ် |

**မှတ်သားဖွယ်ရာမိုးရေချိန်များ** ၄-၃-၂၀၂၀

| | | | |
|---|---|---|---|
| ကသာ | သုည ဒသမ ၄၃ လက်မ | ခန္တီး | သုည ဒသမ ၁၁ လက်မ |
| ဟုမ္မလင်း | သုည ဒသမ ၃၆ လက်မ | ပင်လည်ဘူး | သုည ဒသမ ၁၁ လက်မ |
| မိုင်းယန်း | သုည ဒသမ ၁၆ လက်မ | မိုးညှင်း | သုည ဒသမ ၀၈ လက်မ |

ကြေးမုံ ယနေ့ဖတ်စရာ

ဒီမိုကရက်တစ်ပါတီ၏ အကြိုရွေးကောက်ပွဲများတွင် ဒုတိယသမ္မတဟောင်း ဂျိုးဘိုင်ဒင် ထောက်ခံမဲအများဆုံးရရှိ စာမျက်နှာ » ၁၃



မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပမှုအား ခေတ္တဆိုင်းငံ့ထား စာမျက်နှာ » ၈

လီဗာပူးကို အနိုင်ရပြီး ချယ်လ်ဆီး အက်ဖ်အေဖလား ကွာတား ဖိုင်နယ်တက် စာမျက်နှာ » ၂၀

